ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက်နေ့ တွင် စတင်ထုတ်ဝေသည်
၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့၊ (5-10-2014) (၇၉၇၄)

ကတညုတ
တေမင်္ဂလ မုတ္တမံ

သူတစ်ပါးကျေးဇူးကို သိခြင်းသည်
မြတ်သောမင်္ဂလာ မည်၏။

**မိုးရွာသွန်းမှု**

၄-၁၀-၂၀၁၄

| | |
|---|---|
| ဂန့်ဂေါ | ၃ ဒသမ ၀၃ လက်မ |
| လှိုင်လင် | ၂ ဒသမ ၀၅ လက်မ |
| ပေါက် | ၂ ဒသမ ၀၁ လက်မ |
| မြောက်ဦး | ၁ ဒသမ ၆၉ လက်မ |
| အမရပူရ | ၁ ဒသမ ၅၀ လက်မ |
| ကော့သောင်း | ၁ ဒသမ ၅၀ လက်မ |

# ပြည်ထောင်စုလွှတ်တော်နာယကက သူရဦးရွှေမန်း ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ အီတလီနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၄**

ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့သည် အီတလီနိုင်ငံ ရောမမြို့၌ ကျင်းပမည့် (၈) ကြိမ်မြောက် Asia-Europe Parliamentary Partnership Meeting (ASEP8) အစည်းအဝေးတက်ရောက်ရန် ယနေ့ည ၇ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ယာပုံ)**

ကိုယ်စားလှယ်အဖွဲ့တွင် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးလှမြင့်ဦး၊ ဦးဌေးမြင့်၊ ဒေါက်တာဝင်းမြင့်၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**





ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၁၁)က စတင်တာဝန်ယူဆောက်လုပ်နေသော သံမဏိသံပေါင် တံတားအမျိုးအစား၊ တံတားအရှည် ၂၈၈၇ ပေရှိ ချင်းတွင်းမြစ်ကူး (ချင်းတွင်းတံတား) ကို အောက်တိုဘာ ၄ ရက်က ကလေးဝမြို့နယ်တွင် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပစဉ်။ *(ဓာတ်ပုံ-ဂျိုးနက်)*

# မြန်မာ-လာအိုချစ်ကြည်ရေးတံတား ပေါ်ထွန်းလာတော့မည်

**တာချီလိတ် အောက်တိုဘာ ၄**

သံလွင်မြစ်၏အရှေ့ခြမ်းဒေသ မြို့တော်ကျိုင်းတုံမြို့နှင့် ၁၀၈ မိုင်၊ တာချီလိတ်မြို့နှင့် ၆၅ မိုင်ကွာဝေးပြီး တာချီလိတ်-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိသည့် တာလေမြို့၏ အရှေ့မြောက်ဘက် ၃၅ မိုင်အကွာတွင် တည်ရှိသော ကျိုင်းလပ်ဒေသသည် ရှေးယခင်က ကျေးရွာလေးတစ်ရွာအဖြစ်သာ တည်ရှိခဲ့ကာ ရှမ်း၊ အာခါ၊ လားဟူ တိုင်းရင်းသားများစုပေါင်းနေထိုင်ကြသည်။ ယင်းဒေသသည်လယ်ယာလုပ်ငန်း၊တောင်ယာလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အိမ်နီးချင်းလာအိုနိုင်ငံနှင့် ဟိုဘက်ကမ်းသည်ဘက်ကမ်း အမြင်နီးသော်လည်း နွေအခါသောင်ထွန်းပြီးမိုးအခါ ရေစီးပြင်းထန်သည့်အတွက် မဲခေါင်မြစ်ကြီးကြောင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ မဆောင်ရွက်နိုင်ဘဲ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသော ဒေသတစ်ခုဖြစ်သည်။ ယခုအခါ စတင်အကောင်အထည်ဖော်နေသော မဲခေါင်မြစ်ကူးတံတားကြီးနှင့်အတူ ဖွံ့ဖြိုးတိုးတက်သော နယ်စပ်ဒေသတစ်ခုအဖြစ် ဝင့်ဝင့်ထည်ထည် ပေါ်ထွန်းလာတော့မည်ဖြစ်သည်။

"မဲခေါင်မြစ်ကူး မြန်မာ-လာအို ချစ်ကြည်ရေးတံတား စီမံကိန်းကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဘက်ကမ်း ကျိုင်းလပ်မြို့နဲ့ လာအိုနိုင်ငံ လွှန်နသန်ပြည်နယ် လောင်းဝ်ခရိုင် ပွေ့ဟုန်းကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်သွားမှာဖြစ်ပြီး စုစု ပေါင်း အရှည် ၆၉၁ ဒသမ ၆ မီတာ ရှည်လျားပြီး မီတာ ၃၀ အခန်းပေါင်း မြန်မာဘက်တွင် ခြောက်ခန်း၊ လာအိုဘက်တွင် ငါးခန်းနဲ့ ၁၂၀ မီတာ သုံးခန်း ပါဝင်မှာဖြစ်ပြီး မြန်မာဘက်က စုစုပေါင်း ၃၆၀ ဒသမ ၈ မီတာကို တာဝန်ယူတည်ဆောက်သွားမှာ ဖြစ်ပါတယ်"ဟု ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်ဦးက ရှင်းပြသည်။

ဆက်လက်၍"မြန်မာဘက်ကမ်း တည်ဆောက်မှုမှာ လုပ်ငန်းတစ်ရပ် လုံးရဲ့ ၉၃ ရာခိုင်နှုန်းကို တည်ဆောက်ပြီးဖြစ်ပြီး သတ်မှတ်ရက်ဖြစ်တဲ့ ၂၀၁၅ ခုနှစ် မတ်လအကုန်မှာ ရာနှုန်းပြည့်ပြီးမြောက်မှာဖြစ်ပါတယ်။ လာအိုဘက်ကမ်း တည်ဆောက်မှုအပိုင်းမှာတော့ အခက်အခဲအချို့ရှိနေတဲ့အတွက် မူလသတ်မှတ်ရက်ထက် တစ်လကျော်လောက် နောက်ကျမယ်လို့ သိရှိရပါတယ်။ ထူးခြားမှုတစ်ရပ်အနေနဲ့ကတော့ တံတားတည်ဆောက်မှုအပိုင်းမှာ မြန်မာအင်ဂျင်နီယာတွေက ပိုပြီးကျွမ်းကျင်မှုရှိတဲ့အတွက် လာအိုဘက်ကမ်းတည်ဆောက်ရေးရဲ့ တချို့နေရာတွေမှာ ပါဝင်ပူးပေါင်းဆောင်ရွက်ပေးဖို့ ကမ်းလှမ်းတဲ့အတွက် မြန်မာအင်ဂျင်နီယာတွေက သွားပြီးကူညီဆောင်ရွက်ပေးရတာတွေရှိပါတယ်"ဟု မဲခေါင် မြစ်ကူးတံတား စီမံကိန်းတာဝန်ခံ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၉)မှ ဒုတိယအင်ဂျင်နီယာ မှူးကြီးက ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့



**ကြေးမုံ စာတည်း ရှုထောင့်** ၅-၁၀-၂၀၁၄ [တနင်္ဂနွေနေ့]

# ယဉ်ကျေးမှု ဂုဏ်ရန်

ကမ္ဘာ့နိုင်ငံအသီးသီး၌ ယဉ်ကျေးမှုကိုယ်စီ ရှိကြပေသည်။ မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ကိုယ်ထီးကိုယ့်နန်း၊ ကိုယ်ပိုင်ယဉ်ကျေးမှုများဖြင့် ရပ်တည်နေထိုင်ခဲ့သော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင်းရှိ တိုင်းရင်းသားလူမျိုးအသီးသီး၌ ကိုယ်ပိုင်ယဉ်ကျေးမှုရိုးရာဓလေ့များရှိပြီးဖြစ်၍ စာပေ၊ ဂီတ၊ သမိုင်း အစဉ်အလာစသည်တို့တွင် တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအစုစုတို့ ထင်ဟပ်လျက်ရှိသည်။

ယဉ်ကျေးမှု၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် "ယဉ်ကျေးမှုဟူသည် တိုးတက်ထွန်းကားလာသော လူမှုအဆင့်အတန်း၊ အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိသော ဓလေ့ထုံးတမ်း၊ ပြေပြစ်သော တတ်သိလိမ္မာမှု" ဟု အနက်ဖွင့်ပါသည်။

အင်္ဂလိပ်ဘာသာစကားတွင် Culture နှင့် Civilization ဟူ၍ နှစ်မျိုးခွဲခြားသုံးသည်။ လူသားတို့၏ ကြိုးပမ်းကြံဆ တီထွင်ဖန်တီးအားထုတ်မှုမှ ဖြစ်ထွန်းလာသော ဘာသာ၊ စာပေ၊ အနုပညာ၊ ရိုးရာဓလေ့နှင့် ယုံကြည်ကိုးကွယ်မှု အယူအဆစသည်တို့သည် Culture ဖြစ်ပါသည်။သဘာဝ၏ အစီအမံအတိုင်း နေခဲ့ကြသော ကျောက်ခေတ်၊ ထို့နောက် ကြေးခေတ်၊ သံခေတ်၊ ထိုမှပြောင်းလဲတိုးတက်လာသော ရေနွေးငွေ့သုံးသောခေတ်၊ လောင်စာစွမ်းအင်ခေတ်၊ အဏုမြူစွမ်းအင်ခေတ်၊ အီလက်ထရွန်နစ် ခေတ်မှသည် ယနေ့ အိုင်တီခေတ်သို့တိုင် တိုးတက်လာသော လူ့အဖွဲ့အစည်းသည် Civilization ဖြစ်ပါသည်။ မြန်မာမှုနယ်ပယ်တွင် Culture နှင့် Civilization တို့ကို ပေါင်းစပ်၍ "ယဉ်ကျေးမှု"ဟု သတ်မှတ်ပေးသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံများစွာမှ ယဉ်ကျေးမှုများအားလုံး တစ်ထပ်တည်းကျရန် မဖြစ်နိုင်ပေ။ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး သတ်မှတ်ထားသော "ယဉ်ကျေးမှုစံနှုန်းများ" ကွာခြားမှုရှိနိုင်ပေသည်။ တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ ဖြစ်ထွန်းပေါ်ပေါက်လာသော နည်းပညာ (high technology) အသစ်အဆန်းများကြောင့် နိုင်ငံအတွင်းရှိ ယဉ်ကျေးမှု၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ယဉ်ကျေးမှုဖြစ်စဉ်များမှာ အစဉ်ပြောင်းလဲလျက်ရှိသည်။

၂၁ ရာစု ကမ္ဘာ့ရွာဖြစ်စဉ် (Globalization) ၌ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်သွယ်မှု၊ အပြန်အလှန် ယဉ်ကျေးမှုဖလှယ်မှုမှ စိမ့်ဝင်ပျံ့နှံ့မှုဖြစ်ပေါ်နေခြင်းကို တားဆီးပိတ်ပင်ရန် မလွယ်ကူပေ။ မြန်မာ့ယဉ်ကျေးမှုများတိုးတက်လာသည် သို့မဟုတ် ဆုတ်ယုတ်သွားသည်ဟု ငြင်းခုံဝေဝါးထွေပြားခြင်းမပြုဘဲ ဖြစ်ပေါ်ပြောင်းလဲခြင်းအပေါ် မူတည်၍ ယဉ်ကျေးမှုအသစ်ကို ဖန်တီးမှုပြုရာ၌ မြန်မာ့ရေမြေ၊ မြန်မာ့ဓလေ့စရိုက် သဘာဝနှင့် ကိုက်ညီလိုက်ဖက်မှုရှိအောင် ပြုခြင်းဖြင့် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။ ယနေ့လူငယ်များသည် နိုင်ငံတကာမှ ခေတ်ရေစီးပြေး ဖက်ရှင်ဒီဇိုင်းများနှင့် သဘာဝဟန်ပန်တို့ကို မတုပဘဲ မိမိယဉ်ကျေးမှုနှင့် ကွဲလွဲဆန့်ကျင်ခြင်းမဖြစ်ရလေအောင် ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်စေရန် တီထွင်ဆန်းသစ်မှုတို့ကို ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

ယဉ်ကျေးမှုစာမျက်နှာတွင် နိုင်ငံခြားမှ ထိုးဖောက်ဝင်ရောက်လာသော မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သည့် သရုပ်ပျက်ယဉ်ကျေးမှုအမျိုးမျိုးကို ရင်ဆိုင်ခုခံကာကွယ်ရင်း မိမိနိုင်ငံ၏ နှလုံးသည်းပွတ်နှင့်တူသော ယဉ်ကျေးမှုအစုစုကို ကောင်းစွာထိန်းသိမ်းပြီး မြတ်နိုးတန်ဖိုးထားကာ ယဉ်ကျေးမှုဂုဏ်ရန့်ထုံအောင် ရှက်ဆောင်ပါက မြန်မာ့ယဉ်ကျေးမှုဂုဏ်ရည်သည်လည်း ဆတက်ထမ်းပိုးတိုး၍ မြင့်မားနေဦးမည်ဟု ယုံကြည်မိပါသည်။ ။

## ရွှေတိဂုံစေတီတော်၌ ဆီမီးပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၄**


ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က နှစ်စဉ်ကြီးမှူးကျင်းပလျက်ရှိသော ၁၃၇၆ ခုနှစ် သီတင်းကျွတ် မီးထွန်းပွဲတော် ဆီမီးစေတီတော်များ လှည့်လည်ပူဇော်ပွဲနှင့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများကို အောက်တိုဘာ ၇ ရက် (သီတင်းကျွတ်လဆန်း ၁၄ ရက်)နှင့် အောက်တိုဘာ ၈ ရက်(သီတင်းကျွတ်လပြည့်နေ့)တို့တွင် ရင်ပြင်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ကြမည်ဖြစ်သည်။

အောက်တိုဘာ ၇ ရက် (သီတင်းကျွတ်လဆန်း ၁၄ ရက်) အဖိတ်နေ့ ညနေ ၅ နာရီတွင် ဂေါပကအဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများက သီတင်းကျွတ်မီးထွန်းပွဲတော်ကို ဆီမီး၊ စေတီများနှင့် ရောင်စုံမီးပုံးများ လှည့်လည်ပူဇော်ခံပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးနှင့် ရောင်စုံမီးပုံးများဖြင့် ဝေဝေဆာဆာထွန်းညှိပူဇော်ကြမည်ဖြစ်သည်။

ဆက်လက်၍ ရင်ပြင်တော် အောင်မြေတွင် ဓမ္မရုပ်စုံပြပွဲဖွင့်ပွဲ ကျင်းပမည်ဖြစ်ပြီး အောက်တိုဘာ ၈ ရက် (သီတင်းကျွတ်လပြည့်နေ့) နံနက်အရုဏ်တက်ချိန်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲ၊ အဘိဓမ္မာအခါတော်နေ့ အခမ်းအနား၊ ရေစက်ချပွဲ အခမ်းအနားများကို သတ်မှတ်နေရာ (ရင်ပြင်တော်တောင်ဘက်) ဧည့်ခံတန်ဆောင်းနှင့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပပြီး ရောင်တော်ဖွင့်အသင်းတန်ဆောင်းတွင် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကျော်စိုးမိုး)**

■



## အသေးစားအရင်းအနှီး ချေးငွေထုတ်ချေးရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၄**

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သမဝါယမဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစား အရင်းအနှီးချေးငွေထုတ်ချေးပေးမည့် လုပ်ငန်းရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့နယ် ကျီးအင်းကျေးရွာ၌ ကျင်းပရာ နေပြည်တော်ကောင်စီနယ်မြေ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးချစ်နှင့် တာဝန်ရှိသူများ၊ ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုဒါရိုက်တာအဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ အသင်းသား ၁၀၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးက အသေးစား အရင်းအနှီးချေးငွေအဖြစ် EXIM Bank မှချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ အား အတိုးနှုန်း ၁၈ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးခဲ့ကြောင်း၊ ချေးငွေများ ပြန်လည်ပေးဆပ်ပြီး ယခုထုတ်ချေးမည့်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၃၀၀ မှာ အတိုးနှုန်း ၁၃ ရာခိုင်နှုန်းဖြင့်သာ ထုတ်ချေးရန်ဖြစ်၍ အတိုးနှုန်းသက်သာလာပြီး အသင်းအဆင့်ဆင့်မှရရှိမည့် အကျိုးအမြတ်ငွေကိုလည်း လျှော့ချထားကြောင်း၊ ချေးငွေကို ၁၀ နှစ် ထုတ်ချေးသွားရန် ဖြစ်၍ နောင် လေး၊ ငါးနှစ်တွင် မိမိဘဝ မိမိရပ်တည်လာနိုင်ရန် ရင်းနှီးမတည်ပေးသည့်လုပ်ငန်းဖြစ်၍အသင်းသားများကလည်း တာဝန်သိမှု၊တာဝန်ယူမှု၊ တာဝန်ကျေပွန်မှုတို့ဖြင့်ရိုးသားကြိုးစားစွာ ဆောင်ရွက်သွားစေလိုကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။



တက်ရောက်လာသည့် အသင်းသားများက ထုတ်ချေးငွေအပေါ် အတိုးနှုန်းလျှော့ချပေးသည့်အတွက် အကျိုးရှိကြောင်းနှင့် အရင်းအနှီးချေးငွေအမှန်တကယ်လိုအပ်သဖြင့် ယခုထက်တိုးမြှင့်ထုတ်ချေးပေးစေလိုကြောင်း ပြန်လည်ဆွေးနွေးခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** **(၅၈၆)**

## အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း ဖြစ်ပေါ်လာစေရေး စည်းဝေး

**နေပြည်တော် အောက်တိုဘာ ၄**


ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက ကြီးမှူး၍ အသေးစား နှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းဖြစ်ပေါ်လာစေရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ (C) ဆောင်ဒုတိယထပ်၌ ကျင်းပသည်။


ညှိနှိုင်းအစည်းအဝေးတွင် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက် ရေး ကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်က အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းရေးဆွဲရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။


ထို့နောက် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်က အကြံပြုဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဝန်ကြီးဌာန (၁၅)ခုနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများက ဥပဒေကြမ်းတွင် ပါဝင်သင့်သည့် အချက်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေး တင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ **(သတင်းစဉ်)**








ပြည်တွင်းရေးရာ

# အာမေးနီးယားနိုင်ငံ ကက်သလစ်ဘာသာဂိုဏ်းချုပ် ဘုန်းတော်ကြီးနှင့်အဖွဲ့ ဝတ်ပြုဆုမွန်ကောင်းတောင်း

**ရန်ကုန် အောက်တိုဘာ ၄**

အာမေးနီးယားနိုင်ငံ ကက်သလစ်ဘာသာဂိုဏ်းချုပ် ဘုန်းတော်ကြီး His Holiness Karekin II ဦးဆောင်သော အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ Armenian Church of St.John the Baptist အာမေးနီးယန်း ခရစ်ယာန်ဘုရားကျောင်းသို့ ရောက်ရှိကြပြီး ဘုရားကျောင်း၌ ကျမ်းစာဖတ်ခြင်း၊ ဝတ်ပြုဆုမွန်ကောင်းတောင်းပေးခြင်း စသည့် သန့်ရှင်းသောဝတ်ပြုခြင်း (Holy Mass) ကိစ္စရပ်များကို ဆောင်ရွက်ကြသည်။**(အောက်ပုံ)**

**(သတင်းစဉ်)**





# တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီနှင့် အဖွဲ့အစည်းများ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၄**

တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီနှင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ (၂/၂၀၁၄) အကြိမ် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီသည် နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စေရေး၊ အရည်အသွေးနှင့် စံချိန်စံညွှန်း ပြည့်မီစေရေး၊ အလေအလွင့်နှင့် မသမာမှုများ ကင်းရှင်းစေရေးနှင့် စနစ်တကျ စီမံခန့်ခွဲ အသုံးပြုနိုင်ရေး "မူ"များဖြင့် စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ဝန်ကြီးဌာနမှ တည်ဆောက်ရေးလုပ်ငန်းများ အားလုံးအဆင်ပြေ ချောမွေ့စေရန် အတွက် ကော်မတီသို့ အချိန်မီပေးပို့ပြီး တင်ပြရန်ရှိသည်များကို အချိန်မီ တင်ပြကြရန် ပြောကြားသည်။

ထို့နောက် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ၏ လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဝင်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူတို့က မိမိတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းကဏ္ဍများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွှေရတုနေ့အခမ်းအနား အမ်းမြို့၌ကျင်းပ

**အမ်း အောက်တိုဘာ ၄**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အမွှနန္ဒီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်စိုးက ရဲချုပ်၏ သဝဏ်လွှာအား ဖတ်ကြားသည်။ ထို့နောက် အမ်းမြို့နယ် ရဲတပ်ဖွဲ့မှူးဒုမြို့နယ်ရဲတပ် ဖွဲ့မှူး ဒုရဲမှူးထွန်းခိုင်အား ဒုတိယရဲမှူးအဆင့်မှ ရဲမှူးအဆင့်သို့ တိုးမြှင့်ခန့် အပ်ခြင်းခံရသော ရာထူးတံဆိပ်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းကျော်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က တပ်ဆင်ပေးပြီး ဆုရတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့လုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ကူညီဆောင်ရွက်ပေးသူများ၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ကြသော တပ်ဖွဲ့ဝင်သား သမီးများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **သန်းမောင်(အမ်း)**

# ပုဂံညောင်ဦးဒေသ ဘုရားပွဲတော်အချို့၌ ရိုးရာခြင်းအလုခတ်ပြိုင်ပွဲများ ထည့်သွင်းကျင်းပ

**ညောင်ဦး အောက်တိုဘာ ၄**

ပုဂံညောင်ဦးဒေသတွင် ဝါဆိုလဆန်းပိုင်းမှစတင်၍ ပြာသို၊ တပို့တွဲလများအထိ နှစ်စဉ် ရပ်ကွက်နှင့်ကျေးရွာများ၌ ဗုဒ္ဓပူဇနီယဘုရားပွဲတော်များကို သက်ဆိုင်ရာရပ်ကွက်များအလိုက် ကျင်းပလျက်ရှိကြသည်။

အဆိုပါ ဗုဒ္ဓပူဇနီယဘုရားပွဲတော်များ၌ တရားဟော ဓမ္မကထိကဆရာတော်များကို ဖိတ်ကြားကာ တရားပွဲများကျင်းပခြင်း၊ ဗလာဇာတ်ပွဲများငှားရမ်း ဖျော်ဖြေစေခြင်းများအပြင် တချို့သော ရပ်ကွက်များ၌ မြန်မာ့ရိုးရာ ခြင်းလုံးဝါသနာရှင်များက နာမည်ကြီးမြန်မာ့လက်ရွေးစင် ရိုးရာခြင်း အားကစားသမားများကို ဖိတ်ကြားကာ ခြင်းအလုခတ်ဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပလျက်ရှိသည်။

ပုဂံညောင်ဦးဒေသ အမှတ်(၅) နယ်မြေ ငါးမျက်နှာရပ်ကွက် ဗုဒ္ဓပူဇနီယဘုရားပွဲတော်၌ မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ချုပ်နည်းပြ ဦးမြတ်စိုး၊ မြန်မာ့ရိုးရာခြင်း အမျိုးသားလက်ရွေးစင် ကိုအောင်စိုးမိုး၊ အမျိုးသမီးလက်ရွေးစင် မစုစုလှိုင်တို့အား အဆိုပါရပ်ကွက် မှတာဝန်ရှိသူများနှင့် ညောင်ဦးမြို့နယ်ရိုးရာခြင်းအဖွဲ့တို့က ဖိတ်ကြားခဲ့ပြီး ၎င်းတို့က ရိုးရာခြင်းအားကစား ဝါသနာရှင်များအား ခြင်းပညာအကွက် ဆန်းများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**



**ရဲသူရအောင်(ညောင်ဦး)**

# မြိုင်မြို့၌ အရိပ်ရပင် ၄၀၀ စိုက်ပျိုး

**မြိုင် အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့ပတ်လမ်းဘေးဝဲ၊ ယာနှင့် အမှတ် (၃) ရပ်ကွက် မြသီတာလမ်းဘေးတို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဦးစီး၍ ၂၀၁၄ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်မျိုးစုံတို့ကို အောက်တိုဘာ ၃ ရက်က စုပေါင်းစိုက်ပျိုးကြသည်။

သစ်ပင်မျိုးစုံစုပေါင်းစိုက်ပျိုးရာသို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဝင်များနှင့် မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးဟန်မြင့်တို့က ကြီးကြပ်ပြီး ဝန်ထမ်းများက အမှတ် (၂) ရပ်ကွက် မြို့ပတ်လမ်းဘေးဝဲ၊ ယာတို့တွင် နွယ်သာကီအပင် ၃၀၀၊ မြသီတာ လမ်းဘေး၌ အရိပ်ရတမာပင် ၁၀၀ စိုက်ပျိုးခြင်း၊ ပခုက္ကူ-မုံရွာ မြိုင်မြို့အဝင် လမ်းလယ်ကျွန်းတွင် တောအုန်းပင်၊ မုန်တိုင်ပင်နှင့် တောင် ထန်းပင်များ စိုက်ပျိုးခဲ့ကြောင်းသိရသည်။

**စိန်မြိုင်(မြိုင်)**




# အဆင့်မြင့်တာဝန်ရှိသူအဆင့် ဆွေးနွေးပွဲ ပြန်လည်ကျင်းပရန် တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံ သဘောတူညီ

**ဆိုးလ် အောက်တိုဘာ ၄**

ယခုနှစ် ဖေဖော်ဝါရီလမှစ၍ ရပ်ဆိုင်းနေခဲ့သော အဆင့်မြင့်တာဝန်ရှိသူများ၏ ဆွေးနွေးပွဲကို ပြန်လည်စတင်ရန် တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံ သဘောတူညီခဲ့ကြကြောင်း တောင်ကိုရီးယား သတင်းဌာနများက အောက်တိုဘာ ၄ရက်တွင် သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပလျက်ရှိသော အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ရန် မြောက်ကိုရီးယား တာဝန်ရှိသူများ မမျှော်လင့်ဘဲ ရောက်ရှိလာခဲ့ပြီးနောက်တွင် အဆိုပါ သဘောတူညီမှုသတင်း ထွက်ပေါ်လာခြင်းဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏လက်ထောက်များဖြစ်ကြသော အထက်တန်းတာဝန်ရှိပုဂ္ဂိုလ်နှစ်ဦး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာခဲ့ကြသည်။

လာမည့်ရက်သတ္တပတ် အနည်းငယ်အတွင်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် သဘောတူညီခဲ့ကြကြောင်း တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံစလုံးက ပြောကြားကြသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ဒုတိယမြောက်သြဇာအာဏာအကြီးဆုံးပုဂ္ဂိုလ်အဖြစ် ရှုမြင်ရသူ ဟွမ်ပြုံဆိုးသည် အာရှအားကစား ပြိုင်ပွဲကျင်းပရာ အင်ချွန်မြို့သို့ လေကြောင်းခရီးဖြင့် စနေနေ့တွင် ရောက်ရှိလာပြီးနောက် တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီး ယိုခေးလ်ဂျီနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

မစ္စတာ ဟွမ်သည် မြောက်ကိုရီးယား ပြည်သူ့တပ်မတော်၏ ထိပ်တန်းနိုင်ငံရေးဆိုင်ရာ အရာရှိဖြစ်ပြီး ၎င်းနှင့်အတူ မြောက်ကိုရီးယားအလုပ်သမားများ ပါတီမှ ထိပ်တန်းခေါင်းဆောင် နှစ်ဦးလည်း အဖွဲ့ဝင်အဖြစ် လိုက်ပါလာခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ အဆင့်မြင့်ဆုံး ကိုယ်စားလှယ်အဖွဲ့ကို အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ရန်အတွက် တောင်ကိုရီးယားနိုင်ငံသို့ ယနေ့စေလွှတ်ခဲ့သည်။

ပြိုင်ဘက်နှစ်နိုင်ငံအကြား ဆက်ဆံရေး



တောင်ကိုရီးယားနိုင်ငံ အင်ချွန်မြို့သို့ ရောက်ရှိနေသော မြောက်ကိုရီးယား အဆင့်မြင့်တာဝန်ရှိပုဂ္ဂိုလ်များကို တွေ့ရစဉ်။

တိုးတက်ကောင်းမွန်လာမည်ဟု မျှော်လင့်ချက်များ မြင့်တက်လာစေမည့် သံတမန်ရေးရာ လှုပ်ရှားမှုတစ်ခုဖြစ်သည်။

နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အင်အားကို ကမ္ဘာသို့ ထုတ်ဖော်ပြသနိုင်ခဲ့သည့်အတွက် အာရှအားကစားပြိုင်ပွဲသည် အနှစ်သာရနှင့် ပြည့်စုံသော ပြိုင်ပွဲတစ်ရပ် ဖြစ်ကြောင်း၊ မြောက်နှင့်တောင် နှစ်နိုင်ငံလုံးသည် ကောင်းမွန်စွာ ယှဉ်ပြိုင်နိုင်ခဲ့သဖြင့် နိုင်ငံ့အတွက် ဂုဏ်ယူပါကြောင်း၊ အလွန်ကျေနပ်အားရပါကြောင်း တွေ့ဆုံပွဲတွင် ဟွမ်က ပြောခဲ့သည်။

နှစ်နိုင်ငံသည် ၁၉၅၀ ပြည့်နှစ်တွင် စစ်ပွဲစတင်ဖြစ်ပွားပြီး ၁၉၅၃ ခုနှစ်တွင် ပြီးဆုံးခဲ့သော်လည်း ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခြင်း မရှိသေးပေ။

တောင်ကိုရီးယားက မြောက်ကိုရီးယားအဖွဲ့ကို ကြိုဆိုခဲ့ကြပြီး လေးနှစ်ကျော်မျှကြာမြင့်နေသော နှစ်နိုင်ငံဆက်ဆံရေး အေးစက်နေခြင်းမှ နွေးထွေးမှုသို့ ဦးတည်လာလိမ့်မည်ဟု မျှော်လင့်ချက်များ မြင့်လာခဲ့သည်။

အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ ပြုံယမ်း၏ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တက်ရောက် လာခြင်းသည် တောင်နှင့်မြောက်အကြား ဆက်ဆံရေး တိုးတက်မှုအတွက် အပြုသဘောဆောင်သော ဖြစ်စဉ်တစ်ခုဖြစ်လာမည်ဟု ဆိုးလ်အစိုးရက မျှော်လင့်ကြောင်း တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လင်ဗျောင်ချိုးက ပြောသည်။

**ရိုက်တာ။**

# ဟောင်ကောင်၌ ဆန္ဒပြသူများနှင့် ဒေသခံပြည်သူများအကြား ပဋိပက္ခများဖြစ်ပွား

**ဟောင်ကောင် အောက်တိုဘာ ၄**

ဟောင်ကောင်ဒီမိုကရေစီလိုလားသော ဆန္ဒပြခေါင်းဆောင်များက ဟောင်ကောင် အစိုးရနှင့် တွေ့ဆုံဆွေးနွေးရန် ငြင်းဆန်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၄ ရက်တွင် Occupy Central အမည်ရှိ ဆန္ဒပြသူများအား ဟန့်တားရန် အစိုးရထောက်ခံသူအဖွဲ့ကို စေလွှတ်ကာ လမ်းမပေါ်ရှိ ဆန္ဒပြသူ များကို လိုက်လံတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ထိုအစိုးရထောက်ခံသူအဖွဲ့သည် ဆန္ဒပြသူများ၏ နေရာများကိုလည်း ဖျက်ဆီးပစ်ခဲ့ သည်။



ဆန္ဒပြကျောင်းသားခေါင်းဆောင်များသည် အစိုးရနှင့် တွေ့ဆုံဆွေးနွေးရန် ငြင်းပယ်ခဲ့ပြီးနောက် ၎င်းတို့အား တိုက်ခိုက်ရန် အစိုးရထောက်ခံသူအဖွဲ့ စေလွှတ်ခြင်းအပေါ် ရဲတပ်ဖွဲ့ဝင်များအား ပြစ်တင်ရှုတ်ချခဲ့ကြသည်။

ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များ ရုန်းရင်းဆန်ခတ်ဖြစ်ပွားရာမှ ဆန္ဒပြသူ ၁၉ ဦး ဖမ်းဆီးခြင်းခံခဲ့ရသည်။ ဆန္ဒပြသူ ၁၂ ဦးနှင့် ရဲအရာရှိ ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ဆန္ဒပြသူများနှင့် ဒေသခံပြည်သူများအကြား ပဋိပက္ခဖြစ်ပွားခဲ့သည်။ ဒေသခံပြည်သူများသည် ဆန္ဒပြသူများကြောင့် ၎င်းတို့၏ အလုပ်အကိုင်ပျက်စေသည်ဟု ထင်မြင်ယူဆကြသည်။ အလုပ်အကိုင်ပျက်၍ မကျေမနပ်ဖြစ်နေကြသည့် မြို့ခံများနှင့် ဆန္ဒပြသူများကြား ထိပ်တိုက်ရင်ဆိုင်မှုများ ဆက်လက်ဖြစ်ပွားနေသည်။

ဆန္ဒပြလူစုလူဝေးကို ရှင်းလင်းရန် မြို့အာဏာပိုင်များသည် အစိုးရထောက်ခံသူများနှင့် ဒီမိုကရေစီ ဆန္ဒပြသူများ ကို ထိပ်တိုက်ရင်ဆိုင်တွေ့ခိုင်းသည်ဆိုသည့် စွပ်စွဲချက်ကို ဟောင်ကောင် လုံခြုံရေးဆိုင်ရာ အကြီးအကဲ လိုင်တန်ကောက်က ပြင်းပြင်းထန်ထန် ငြင်းပယ်ခဲ့သည်။ **သည်ဂါးဒီးယန်း။**



မာလီနိုင်ငံ၌ တာဝန်ထမ်းဆောင်နေကြသော ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

# မာလီ၌ ကုလတပ်ဖွဲ့ တိုက်ခိုက်ခံရ နိုင်ဂျာတပ်ဖွဲ့ဝင်ကိုးဦး သေဆုံး

**ဆာမာကို အောက်တိုဘာ ၄**

မာလီနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များ၏ ယာဉ်တန်း ချုံခိုတိုက်ခိုက်ခံရမှုကြောင့် နိုင်ဂျာနိုင်ငံမှ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်ကိုးဦး သေဆုံးကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၄ရက်တွင် သတင်းထုတ်ပြန်သည်။

မာလီနိုင်ငံတွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်နေချိန်တွင် တပ်ဖွဲ့ဝင် အသေအပျောက်အများဆုံး တိုက်ခိုက်ခံရမှု ဖြစ်ရပ်ဖြစ်ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

မာလီနိုင်ငံမြို့တော်ဆာမာကိုသို့ စစ်သွေးကြွများ ချီတက်လာမှုကို ဟန့်တားနိုင်ရန် ပြင်သစ်နှင့် အာဖရိကနိုင်ငံများမှ တပ်ဖွဲ့ဝင်များက ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင်းက မာလီနိုင်ငံတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။

ယင်းတပ်ဖွဲ့များက မာလီနိုင်ငံမြောက်ပိုင်းရှိ မြို့ငယ်များမှ စစ်သွေးကြွများကို မောင်းထုတ်နိုင်ခဲ့ပြီး ဒေသကို ထိန်းချုပ်နိုင်ခဲ့သည်။ တည်ငြိမ်မှုထိန်းသိမ်းနိုင်ရန် ဖြန့်ကြက်ထားသော ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။

၂၀၁၃ ခုနှစ် ဇူလိုင်လတွင် မာလီနိုင်ငံတွင်း၌ တာဝန်ထမ်းဆောင်ရန် အင်အား ၉၀၀၀ ရှိ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့ကို ဖြန့်ကြက်ထားခဲ့သည်။

ထရပ်ကားနှစ်စီးနှင့် လောင်စာဆီတင်ထရပ်ကားတစ်စီး ပါဝင်သည့် ကုလငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့၏ ယာဉ်တန်းသည် မာလီနိုင်ငံ ဂါအိုဒေသရှိ သဲကန္တာရမြို့များဖြစ်သည့် မီနာကာနှင့် အန်ဆွန်ဂိုမြို့အကြားတွင် မော်တော်ဆိုင်ကယ်စီးသေနတ်သမားများ၏ ချုံခိုတိုက်ခိုက်မှုနှင့် တွေ့ကြုံခဲ့ရကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **ပီတီအိုင်။**

## အေလန်ဟန်းနေးကို အိုင်အက်စ်တို့ သတ်လိုက်ပြီ

**လန်ဒန် အောက်တိုဘာ ၄**

အိုင်အက်စ်စစ်သွေးကြွများက ဗြိတိသျှနိုင်ငံသား ဓားစာခံ အေလန်ဟန်းနေးကို ခေါင်းဖြတ်သတ်ပြီး ရိုက်ကူးထားသော ဗီဒီယိုကို ထုတ်လွှင့်ခဲ့ကြောင်း ယနေ့ဘီဘီစီ သတင်းတွင် ဖော်ပြသည်။ ၎င်းသည် အငှားကားမောင်းသူတစ်ဦးဖြစ်သည်။ ဒီဇင်ဘာလတွင် ဆီးရီးယားနိုင်ငံ၌ အကူအညီပစ္စည်းများ ဝေငှနေစဉ် အိုင်အက်စ်စစ်သွေးကြွများ၏ ပြန်ပေးဆွဲပြီး ဓားစာခံအဖြစ် ဖမ်းဆီးမှုခံခဲ့ရခြင်းဖြစ်သည်။

လွန်ခဲ့သည့်လက ဗြိတိသျှနိုင်ငံသား ဒေးဗစ်ဟေးနက်(စ်)ကို သတ်ဖြတ်ခြင်းအား ပြသရာတွင် ၎င်းကို သတ်ပစ်မည်ဟု အိုင်အက်စ်တို့က ခြိမ်းခြောက်ခဲ့သည်။ ယခုဗီဒီယိုတွင်လည်း အမေရိကန်အကူအညီပေးရေး အလုပ်သမား ပီတာကက်ဆင်းကို သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ထားသည်။ ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက လူသတ်သမားများကို ရှာဖွေဖမ်းဆီး၍ တရားခွင်သို့ ပို့မည်ဟု ပြောကြားခဲ့သည်။ **ဘီဘီစီ။**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် (၅၇)ကြိမ်မြောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၄**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၅၇)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို စေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော်အတွင်း၌ အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်နှင့် ဇမ္ဗူသီရိမြို့နယ် မစိုးရိမ်ကျောင်းတိုက်တို့မှ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။



အခမ်းအနားတွင် နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် စာချဆရာတော် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တကောဝိဒထံမှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ နာယကအဖွဲ့ဝင် ဒုတိယ ရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်နှင့် ဂေါပကအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ ဝတ်အသင်းအဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တပ်နယ်ဝတ်အသင်းအဖွဲ့များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ နာယကအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပဋ္ဌာန်းကျမ်းစာအုပ်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်က ပဋ္ဌာန်းပရိတ်အိုးများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော်သံဃာတော်များက ဦးဆောင်၍ ပရိသတ်အပေါင်းတို့က ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို သုံးကြိမ်ရွတ်ဖတ်ပူဇော်ပြီး ကြွရောက်တော်မူကြသည့် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(၅၇)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၄ ရက်မှ ၈ ရက်အထိ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ပြီး သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ညနေ ၆ နာရီခွဲတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ဗိုလ်တထောင်စေတီတော် အဘိဓမ္မာအခါတော်နေ့တရားပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံ၌ ၁၃၇၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၈ ရက်) အဘိဓမ္မာအခါတော်နေ့ နံနက် ၁၀ နာရီတွင် ဆိပ်ကမ်းမြို့နယ် သံဃနာယကအဖွဲ့ဝင်သီရိမင်္ဂလာကျောင်း ဆရာတော် ဘဒ္ဒန္တသူရိယက ဥပုသ်နေ့သီလပေးတရားတော်နှင့် မွန်းလွဲ ၁၂ နာရီခွဲတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များဖြစ်ကြသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်)နှင့် ညနေ ၃ နာရီတွင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိယာတို့က အဘိဓမ္မာအခါတော်နေ့ တရားတော်တို့ကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။ **(ကိုချစ်)**

# ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ထုတ်ချေးခြင်း ထပ်ဆင့်ရှင်းလင်းပွဲ နမ္မတူ၌ ကျင်းပ

**နမ္မတူ အောက်တိုဘာ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့တွင် China EXIM Bank ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကို သမဝါယမအသင်းသားများအား အတိုးနှုန်းလျှော့ချ၍ ထုတ်ချေးပေးရေးလုပ်ငန်း ထပ်ဆင့်ရှင်းလင်းပွဲကို စက်တင်ဘာ ၂၉ ရက်က နမ္မတူမြို့နယ်ခန်းမ၌ ကျင်းပသည်။

လုပ်ငန်းရှင်းလင်းပွဲတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဆမ်မန်းက ပထမအကြိမ် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို အတိုးနှုန်း ၁ ကျပ် ၅၀ ပြားနှုန်းဖြင့် ထုတ်ချေးလာရာမှ ယခု အမေရိကန်ဒေါ်လာ သန်း ၃၀၀ တွင် အတိုးနှုန်း ၁ ကျပ် ၈ ပြားနှုန်းသို့ လျှော့ချထုတ်ချေးရန် စီစဉ်ထားကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးရှင်ပုက သမဝါယမအသင်းသား ကျေးလက်နေတောင်သူများအား အသေးစားချေးငွေများ၊ လယ်ယာသုံးစက်ကိရိယာများ လက်ဝယ်အရောက်ဆောင်ရွက်ပေးနေသလို လက်လုပ်လက်စားများအတွက် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများ ထုတ်ချေးပေးမည်ဖြစ်ရာ များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့်လည်း သဘောထားဆန္ဒများ ပေးစေလိုကြောင်း ဆွေးနွေးခဲ့ပြီး အသင်းသားများကလည်း အတိုးနှုန်း လျှော့ချပေးသဖြင့် မိမိတို့လုပ်ငန်းအတွက် အဆင်ပြေကြောင်းနှင့် ယခုထက် ပိုမိုချေးငွေထုတ်ချေးပေးစေလိုကြောင်း စသည်ဖြင့် အပြန်အလှန်ဆွေးနွေးကြကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

# မျိုးသန့်ပွားများရေးပညာပေးခြင်းနှင့် ဓာတ်မြေသြဇာကြဲပက်ပွဲ စုပေါင်းဆောင်ရွက်

**ပန်းတနော် အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်တွင် စီးပွားဖြစ်မျိုးသန့်မျိုးစေ့ထုတ်လုပ်ရေးနှင့် တစ်ဧကအထွက်နှုန်းတိုးရေးအတွက် ပန်းတနော်မြို့နယ် ကျုံတုံးကြီးကျေးရွာ တောင်သူဦးသန်းဇော်၏ မျိုးသန့် ၂၅ ဧက စိုက်ခင်းလယ်ယာမြေ၌ စက်တင်ဘာ ၃၀ ရက် နံနက် ၈ နာရီက ပညာပေး(Field Day)ဆောင်ရွက်ရာ ခရိုင်ဦးစီးမှူး ဦးမျိုးခန့်က မျိုးသန့်ထုတ်လုပ်ရေး၊ မျိုးကွဲနုတ်ပယ်ခြင်းနှင့် ဆောင်ရွက်ရမည့်အချက်များကို ကွင်းအတွင်းလက်တွေ့သရုပ်ပြပညာပေးကာ ဒုတိယသီးနှံ မတ်ပဲ၊ ပဲတီစိမ်း မျိုးသန့်စိုက်ပျိုးရေးနှင့် အထွက်တိုးရေးတို့ကို ဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းညွန့်က သိပ္ပံနည်းကျစိုက်နည်းစနစ် လိုက်နာအသုံးပြုရေး၊ မြေသြဇာများသတ်မှတ်အချိန်နှင့် နှုန်းထားမှန်ကန်စွာအသုံးပြုရေး ဆွေးနွေးပညာပေး၍ မြေသြဇာကြဲပက်ပွဲကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**(မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ















# ကျွန်တော့်ဆရာကြီး ဦးမြအောင်

ခန့်ဇော်လတ်(ပညာသု)




ကျွန်တော်သည် မြန်မာနိုင်ငံအလယ်ပိုင်း မြို့ငယ်လေးတစ်မြို့၏ မြို့နယ်အတွင်းမှ ကျေးရွာကလေးတစ်ရွာတွင် မွေးဖွားခဲ့ပြီး ရွာရှိ မူလတန်းကျောင်းကလေးတွင် အတန်းပညာကို စတင်သင်ယူခဲ့ပါသည်။ ထိုစဉ်က ကျောင်းစတက်ရန် လာကြသည့် ကလေးငယ်များအား ဆရာကြီးဦးမြအောင်က ညာဘက်လက်ဖြင့် ဦးခေါင်းတည့်တည့်မှကျော်ပြီး ဘယ်ဘက်နားရွက်ကို ထိခိုင်းပါသည်။ မွေးစာရင်းဟူသည်မရှိသောကြောင့် နားရွက်ကိုမီသော သူများအားလုံးကို ကျောင်းတက်ခွင့်ပြုခဲ့ပါသည်။ ကျောင်းစတက်ရမည်ကို ကြောက်ရွံ့သော ကျွန်တော့်လို ကလေးငယ်များကို ဆရာကြီးက လွတ်လပ်ပျော်ရွှင်စွာ ကစားစေခြင်း၊ မုန့်ပဲသရေစာများကျွေးခြင်း၊ စိတ်ဝင်စားစရာပုံပြင်များကို ပြောပြခြင်းတို့ကြောင့် ကြောက်စိတ်များပျောက်၍ နေ့စဉ်ကျောင်းတက်ချင်စိတ်များပင် ဖြစ်ခဲ့ရပါသည်။ ကျောက်သင်ပုန်းပေါ်တွင် 'ဝ' လုံးဝိုင်းဝိုင်းလေးများရေးတတ်အောင် ကျောက်တံကိုင်ထားတဲ့ ကျွန်တော့်ရဲ့လက်ကို ဆရာကြီးကကိုင်ပြီး ရေးပေးခဲ့ပါသေးသည်။ ထိုအချိန်မှစ၍ ကျွန်တော်သည် ကျောက်သင်ပုန်းပေါ်တွင် ကျောက်တံဖြင့် 'က'မှစ၍ 'အ' အဆုံးအထိ အက္ခရာများကို ရေးတတ်ခဲ့ပါသည်။

ဆရာကြီးသည် ကျွန်တော်တို့အား ကျောင်းသင်ခန်းစာများသာမက ဘာသာတရားကိုပါ ရိုသေကိုင်းရှိုင်းတတ်စေဖို့အတွက် ဩကာသဘုရားရှိခိုးနှင့် (၃၈)ဖြာ မင်္ဂလာတရားတော်ကဗျာများကိုပါ ရွတ်ဆိုတတ်အောင်သင်ကြားပေးပါသည်။ ကျွန်တော် ဒုတိယတန်းကျောင်းသားအရွယ် ဆရာကန်တော့ပွဲတွင် ကျောင်းသား ကျောင်းသူများက ဆရာ ဆရာမများကို လျှုဖွယ်ဝတ္ထုပစ္စည်းမပါ လက်ဗလာဖြင့်သာ သွားရောက်ကန်တော့ရခြင်း ဖြစ်ပါသည်။ ကန်တော့၍ပြီးသောအခါ ဆရာဆရာမများက ကျွန်တော်တို့အား မုန့်များကိုပင်ကျွေးလိုက်သေးသည်။ ကျွန်တော်တို့၏ ဆရာများအား ကျေးဇူးဆပ်သည့် ဆရာကန်တော့ပွဲသည် ဆရာတို့၏ကျေးဇူးများ ထပ်၍ပင်တင်သွားသည်ဟု မှတ်ယူရပါသည်။

ဤသို့ဖြင့် မွေးရပ်မြေမူလတန်းကျောင်းကလေးမှ စတုတ္ထတန်းစာမေးပွဲဖြေပြီးချိန်တွင် အမေ၏အစ်ကိုဖြစ်သူ ဘကြီးခေါ်ယူမှုကြောင့် ကျွန်တော်တို့မိသားစုတစ်စုလုံး ရန်ကုန်မြို့ကြီးသို့ ပြောင်းရွှေ့ခဲ့ကြရပါသည်။ ထိုအချိန်မှစ၍ ကျွန်တော်၏ ကံ့ကူလက်လှည့် လက်ဦးဆရာနှင့်တကွ တစ်ရွာတည်းနေ ငယ်သူငယ်ချင်းများနှင့် ဝေးကွာခဲ့ရပါတော့သည်။ ရန်ကုန်မြို့တွင် ကျောင်းဆက်တက်ရင်း ၁၀ တန်းအောင်ကာ အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရပြီး ဌာနတစ်ခုတွင် စာရေးကြီးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။

လွန်ခဲ့သော နှစ်နှစ်ကဖြစ်ပါသည်။ ကျွန်တော်သည် ဌာနမှအရာရှိတစ်ဦးနှင့်အတူ ရုံးလုပ်ငန်းကိစ္စဖြင့် မန္တလေးမြို့သို့ ခရီးထွက်ခဲ့ရပါသည်။ ထိုစဉ် မမျှော်လင့်ပါဘဲနှင့် ရွာကမူလတန်းကျောင်းတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ပညာအတူသင်ယူခဲ့ဖူးသည့် ငယ်သူငယ်ချင်းတစ်ယောက်နှင့်ဆုံတွေ့ခဲ့ရပါသည်။ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်တွေ့ကြစဉ် မြင်ဖူးပါသည်ဟု ကြည့်နေစဉ်မှာပင် ထိုသူက 'မင်း ဆိပ်ဖြူက ဇော်လတ်မဟုတ်လား။ ငါ ကျော်နိုင်လေကွာ မမှတ်မိဘူးလား'။

'ဟာ ကျော်နိုင် သူငယ်ချင်း။ အမှတ်တမဲ့ဆိုတော့ မမှတ်မိတာကို စိတ်မဆိုးပါနဲ့ကွာ'၊ 'မဆိုးပါဘူးကွာ။ တို့တွေက နှစ်တွေအများကြီးကြာမှ ပြန်တွေ့ရတာကိုးကွ'။

ထို့နောက် သူငယ်ချင်းက အခုလို ပြန်ဆုံရသည်ကို အတိုင်းမသိဝမ်းသာမိကြောင်း၊ မန္တလေးသို့ လယ်ယာလုပ်ငန်းအတွက် လိုအပ်သော အသုံးအဆောင်ပစ္စည်းများ လာရောက်ဝယ်ယူခြင်းဖြစ်ကြောင်း၊ ရွာမှာလည်း လမ်းပန်းဆက်သွယ်ရေးကောင်းပြီး စိုက်ပျိုးရေးအတွက် ဆည်ရေများနှင့်ထောက်ပံ့ချေးငွေများ အလုံအလောက် ရရှိခြင်းတို့ကြောင့် လုပ်ငန်းများအဆင်ပြေကာ တစ်ရွာလုံးနီးပါး စားဝတ်နေရေး အဆင်ပြေနေကြပြီဖြစ်ကြောင်း၊ ကျွန်တော်တို့ ကလေးဘဝက စာသင်ခဲ့ကြသည့်မူလတန်းကျောင်းကလေးသည်လည်း နိုင်ငံတော်၏ စေတနာကြောင့် အလယ်တန်းကျောင်းအဆင့်သို့ပင် တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်းတို့ကို ဝမ်းသာအားရ ပြောပြနေပါသည်။

'မင်းက ရွာကျောင်းရဲ့ အကြောင်းကိုပြောလို့ မေးရဦးမယ်။ ငါတို့ ငယ်ငယ်တုန်းက စာသင်ပေးခဲ့တဲ့ တို့ဆရာကြီး ဦးမြအောင်ရော ရွာမှာရှိသေးရဲ့လား။ နေရောကောင်းရဲ့လား' "ရှိပါတယ်ကွာ။ အသက်ကြီးပြီဆိုတော့ လူကြီးရောဂါတော့ရှိတာပေါ့။ အဲ အခုမှ သတိရတယ်။ မင်းကို ပြောရဦးမယ်။ လာမယ့် သီတင်းကျွတ်လပြည့်နေ့ (စနေနေ့)မှာ တို့ရွာစာသင်ကျောင်းက ဆရာကန်တော့ပွဲနဲ့ သက်ကြီးပူဇော်ပွဲလုပ်မှာကွ။ မင်းလာလို့ရရင် လာခဲ့ပါလား။ တို့ သူငယ်ချင်းတွေ ပြန်ဆုံရတာပေါ့။ မင်းလာမယ်ဆိုရင် ကားဂိတ်မှာ ငါလာကြိုမယ်လေကွာ"

"ငါ့ရဲ့ အရာရှိကို ခွင့်တောင်းပြီး ငါလာခဲ့မယ်ကွာ။ လာဖြစ်အောင်လာမယ် သူငယ်ချင်း"

ထိုနေ့ညက ငယ်စဉ်ကလေးဘဝ ပျော်ရွှင်စရာကာလများကို ပြန်လည်သတိရအောက်မေ့ရင်း ကောင်းစွာ အိပ်မပျော်ဖြစ်ခဲ့ရပါသည်။

နောက်တစ်နေ့ အဖိတ်နေ့(သောကြာနေ့) ညနေမှာတော့ ရုံးလုပ်ငန်းများပြီးသည်နှင့် အရာရှိထံခွင့်ပန်ပြီး ကြုံရာကားနှင့် မွေးရပ်မြေရွာကလေးဆီသို့ ခရီးထွက်ခဲ့ပါသည်။ ကားဂိတ်သို့ရောက်သောအခါ ကျွန်တော် အကြောင်းကြားထားသောကြောင့် လာရောက်ကြိုနေသော ကျော်နိုင်၏ ဆိုင်ကယ်ဖြင့် ရွာဆီသို့ ခရီးဆက်ခဲ့ပါသည်။ ကားဂိတ်မှ ရွာသို့ရောက်ရန် ၁၀ မိုင်ခန့်ဝေးပါသည်။ ယခင်ကဆိုလျှင် ဤခရီးကို ခြေကျင် သို့မဟုတ် နွားလှည်းဖြင့်သာသွားရပါသည်။ ရွာသို့ ည ၁၀ နာရီခန့်တွင် ရောက်ပြီး ခရီးပန်းလာတာကြောင့် ဘယ်ကိုမှ မသွားတော့ဘဲ ကျော်နိုင်တို့အိမ်မှာပင် ညအိပ်လိုက်ပါသည်။ နံနက် ၇ နာရီလောက်မှာတော့ ဆူညံသံများကြောင့် အိပ်ရာမှနိုးခဲ့ပြီး အိမ်ရှေ့သို့ လှမ်းကြည့်လိုက်ရာ ကျွန်တော်နှင့် သက်တူရွယ်တူ သုံး၊ လေးယောက်ကိုတွေ့လိုက်ရပါသည်။ သူငယ်ချင်းကျော်နိုင်က "ဟေ့ကောင်ဇော်လတ် သူက သိန်းခိုင်၊ သူကနိုင်ဝင်း၊ သူကတော့ စိုးအောင်၊ ငါတို့နဲ့ကျောင်းနေဖက် ကစားဖော်တွေလေကွာ။ မင်းမှတ်မိရဲ့လား"။ 'အေးကွာ ငယ်ငယ်တုန်းက ငယ်ရုပ်တွေကို ပြန်မှန်းကြည့်တော့မှပဲ အားလုံးကို မှတ်မိပါပြီကွာ'။ 'ကဲ သူငယ်ချင်း ငါတို့က ဆရာကန်တော့ပွဲနဲ့ သက်ကြီးပူဇော်ပွဲအတွက် ပြင်ဆင်ပေးရဦးမှာမို့လို့ သွားနှင့်တော့မယ်။ မင်း နောက်ကပဲ လိုက်ခဲ့တော့'ဟု ပြောပြီး သူငယ်ချင်းများထွက်သွားကြပါတော့သည်။

ကျွန်တော်လည်း ရေချိုးအဝတ်အစားများလဲကာ အခမ်းအနားကျင်းပမည့် စာသင်ကျောင်းရှိရာ ရွာတောင်ပိုင်းသို့ ထွက်လာခဲ့ပါသည်။ ကျောင်းကလေးဆီသို့ ရောက်ခါနီးလာပြီ။ မြန်မာ့တေးသီချင်း ဂန္ထဝင် အဆိုတော်ကြီး တွံတေးသိန်းတန်၏ 'အသီးတစ်ရာအညာတစ်ခု'တေးသီချင်းသံက ဆီးကြိုနေသည်။ "ခေါင်းလောင်းသံ တညံညံပေးတဲ့ ရွာကျောင်းကို ပြေးမြင်မိရင် သတိရနေတယ်သူငယ်ချင်းရေ တို့များ ငယ်ငယ်တုန်းက ရွာအဝင်လမ်းဆီကနေ လက်ချင်းယှက်ခါ ပြေးကာလွှားကာ ကျောင်းတက်လာကြတာတွေ . . .'သီချင်းသံကို ကြားနေရပါသည်။ ကျွန်တော့် ရင်ထဲမှာ ဖော်ပြ၍မရနိုင်သော ခံစားမှုတစ်ခုကို ခံစားလိုက်ရပါသည်။ ကျွန်တော်၏ ခြေလှမ်းများသည်လည်း အနည်းငယ်မြန်သွားသည်။ ကျွန်တော့်ကို စာရေးစာဖတ်တတ်အောင် သင်ကြားပေးခဲ့သော ဆရာကြီးဦးမြအောင်နှင့် ဆရာ ဆရာမများ၊ ငယ်သူငယ်ချင်းများကို ပြန်တွေ့ရတော့မည်။ ကျွန်တော့်ရင်ထဲမှာ ပေါ့ပါးရွှင်လန်းနေသည်။ ကြည်နူးဝမ်းသာနေပြီ။

ကျောင်းဝင်းအတွင်းရောက်သွားသည်။ တွေ့ရသည့်သူများကို ပြုံးပြနှုတ်ဆက်လိုက်သည်။ ခန်းမအတွင်း ဝင်ရောက်နေရာယူလိုက်ပါသည်။ ကန်တော့ခံ အဘိုးအဘွားများနှင့် ဆရာကြီး ဆရာမကြီးများကို ကန်တော့ခံပစ္စည်းများ ပေးအပ်သောအခါ ဆရာကြီး ဦးမြအောင်မပါသည်ကို သတိထားမိလိုက်ပါသည်။ အခမ်းအနားအပြီးတွင် သူငယ်ချင်းကျော်နိုင်ကို မေးကြည့်လိုက်သည်။ သူငယ်ချင်းက ဆရာကြီးလမ်းကောင်းကောင်း မလျှောက်နိုင်သလို အချိန်အကြာကြီးလည်း မထိုင်နိုင်ကြောင်း၊ ဆရာကြီးကဲ့သို့ ကျန်းမာရေးမကောင်းသည့် အဘိုးအဘွားများနှင့် ဆရာကြီး ဆရာမကြီးများအတွက် ကန်တော့ခံပစ္စည်းများကို အိမ်တိုင်ရာရောက် သွားရောက်ပို့ဆောင်ကန်တော့ကြကြောင်း ပြောပြပါသည်။

ကျွန်တော်နှင့် ကျော်နိုင်အပါအဝင် သူငယ်ချင်းငါးယောက်သည် ဆရာကြီးကို ကန်တော့ရန်အတွက် ရွာမြောက်ပိုင်းရှိ ဆရာကြီး၏ အိမ်ဝိုင်းအတွင်းသို့ သွားခဲ့ကြပါသည်။

"ဆရာကြီးခင်ဗျ။ ကျွန်တော်တို့ပါ။ ဆရာကြီးကို ကန်တော့ဖို့လာခဲ့ကြတာပါ"

ကျော်နိုင်၏ အော်သံအဆုံးမှာတော့ ဆရာကြီးကတော်အမေကြည်ထွက်လာသည်။

"ဟဲ့ ဘယ်သူတွေတုံးမှတ်တယ် မောင်ကျော်နိုင်တို့ပါလား။ လာကြဟေ့ မင်းတို့ဆရာကြီးကတော့ အိပ်ရာပေါ်မှာ လှဲနေလေရဲ့"

ကျွန်တော်တို့အိမ်ပေါ်တက်လိုက်သည်နှင့် အိမ်ရှေ့ဘုရားခန်းရှိ အိပ်ရာလေးပေါ်တွင် ဖြူဖွေးနေသောဆံပင်၊ ပိန်လှီနေသော ခန္ဓာကိုယ်လေးဖြင့် ပက်လက်ကလေးမှိန်းနေသော ဆရာကြီးက မျက်လုံးလေးများဖွင့်လာသည်။

"မောင်ကျော်နိုင်တို့ ရောက်လာကြပြီလား။ ကဲ ဆရာ့ကိုထူပေးကြပါဦး။ ဒါနဲ့ ဘယ်သူတွေပါကြသေးတုံး"

"ဟုတ်ကဲ့ဆရာကြီး နိုင်ဝင်း၊ စိုးအောင်၊ သိန်းခိုင်နဲ့ ဇော်လတ်တို့ ပါပါတယ်ခင်ဗျ"။ "ကဲ ကဲ ထိုင်ကြထိုင်ကြ" "ဆရာကြီး ကျွန်တော်တို့ကို ကန်တော့ခွင့်ပြုပါခင်ဗျာ" "သြော်. . . အေးအေး ကန်တော့ကြ ကန်တော့ကြ။ အခုလိုမြင့်မြတ်လှတဲ့ နေ့ထူးနေ့မြတ် သီတင်းကျွတ်လပြည့်နေ့မှာ သက်ကြီးဝါကြီးပုဂ္ဂိုလ်တွေနဲ့ ဆရာသမားတွေကို မမေ့မလျော့ ကန်တော့ရသောကုသိုလ်ကံစေတနာတို့ကြောင့် ငါ့ရဲ့တပည့်အပေါင်းတို့ ဘုန်းကြီးလို့သက်ရှည်ပါစေ. . ."

မျက်ဝန်းမှမျက်ရည်စများနှင့်အတူ ဆုများပေးနေသော ဆရာကြီး၏ ဆုပေးမေတ္တာတရားများကို နာယူရင်းမှာပင် ကျွန်တော်တို့သည်လည်း မျက်ရည်များစီးကျလာပါသည်။

"ပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏"ဟု ပြိုင်တူပြောရင်း ဆရာကြီးအား သုံးကြိမ်ဦးခိုက်ကန်တော့လိုက်ကြပါသည်။

ကျွန်တော်တို့ ကန်တော့ပြီးသည်နှင့် ဆရာကြီးက မျက်ရည်စတို့နှင့်အတူ ဝမ်းနည်းကြေကွဲနေသော လေသံလေးဖြင့်"ကဲ ကဲ တပည့်တို့ ပြန်ကြတော့ပြန်ကြတော့။ တခြား အလုပ်တွေရှိသေးတယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာကြီး ကျွန်တော်တို့က အခမ်းအနားအတွက် ငှားထားတဲ့ပစ္စည်းတွေပြန်ပို့ရဦးမှာမို့ ပြန်ပါဦးမယ်။ ဇော်လတ်ကတော့ ဆရာကြီးနဲ့ စကားပြောချင်သေးလို့နေခဲ့ဦးမယ်တဲ့" ဟု ပြောပြီး အိမ်ပေါ်မှဆင်းသွားကြပါတော့သည်။

အိမ်ပေါ်မှာ ဆရာကြီး၊ ဆရာကတော်အမေကြည်နဲ့ ကျွန်တော်သာကျန်ခဲ့ပါသည်။

"ဆရာကြီး ကျွန်တော့်ကိုမှတ်မိပါသလားခင်ဗျာ"ဟု မေးလိုက်ရာ ဆရာကြီးက မျက်ရည်စများကိုသုတ်နေရင်းမှ

"မင်းက ဘယ်သူတုံး"

"ကျွန်တော့်နာမည် မောင်ဇော်လတ်ပါဆရာကြီး။ ရွာအနောက်ပိုင်းမှာနေခဲ့ဖူးတဲ့ ဒေါ်အေးခန့်ရဲ့သား ဇော်လတ်ပါ"။ ဆရာကြီးက ကျွန်တော့်ကို သေသေချာချာ ကြည့်သည်။

"ဟေ မင်းက အေးခန့်ရဲ့သား ဇော်လတ်။ မှတ်မိပြီ မှတ်မိပြီ။ ဒါနဲ့ မင်းတို့မိသားစု ရန်ကုန်ကိုပြောင်းသွားတာ အတော်ကြာပြီပဲ။ မင်းမိဘတွေကော နေကောင်းကြရဲ့လား"

"ဟုတ်ကဲ့ဆရာကြီး အမေကနေကောင်းပါတယ်။ အဖေကတော့ ဆုံးသွားပါပြီ ဆရာကြီး"

"သြော် အနိစ္စ အနိစ္စ ဘယ်အရာမှ မမြဲပါဘူးလေ။ မင်းကော ဘာစီးပွားရေးတွေများလုပ်သတုံး။ ရွာကိုကော ဘယ်ကနေဘယ်လို ရောက်လာရတာတုံး"

ဆရာကြီး၏အမေးစကားများကြောင့် ကျွန်တော်တို့မိသားစု ရန်ကုန်မြို့ကြီးသို့ ရောက်ရှိပုံမှစ၍ မန္တလေးမြို့တွင် ကျော်နိုင်နှင့်တွေ့ပြီး ရွာသို့ရောက်လာရပုံတို့ကို ဆရာကြီးအား ပြောပြလိုက်ပါသည်။ ဆရာကြီးက ကျွန်တော်ပြောနေသည်များကို စိတ်ဝင်တစားနားထောင်နေသည်။ ဆရာကြီး၏ ကျန်းမာရေးအခြေအနေက မကောင်းလှ။

"ကဲ ငါ့တပည့် ဆရာကြီးခါးတွေညောင်းလှပြီ။ ဆရာကြီးကိုအိပ်ရာပေါ် ပြန်လှဲပေးပါဦး" သေးကွေးသော ခန္ဓာကိုယ်လေးကို အသာအယာထိန်းပြီး လှဲပေးလိုက်ပါသည်။

"အေး ငါ့တပည့်ရေ မင်းနဲ့ငါက ကံမကုန်သေးလို့ ပြန်ဆုံရတာပဲ။ ကိုယ်စာသင်ပေးလိုက်ရတဲ့ တပည့်က နိုင်ငံ့ဝန်ထမ်းတစ်ယောက် ဖြစ်နေတယ်ဆိုတာကို သိလိုက်ရလို့ဆရာကြီးဝမ်းသာပါတယ်။ ဆရာဆိုတာ တပည့်ကို ကိုယ့်ထက်သာအောင် သွန်သင်ပေးနိုင်မှ ဆရာကောင်းဖြစ်တယ်တဲ့။ ဒီတော့ ဆရာရဲ့ဂုဏ် ဒီထက်မက တက်စေဖို့အတွက် ငါ့တပည့်က နိုင်ငံတော်အတွက် အားထားရတဲ့ ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပါ။ ဆရာကိုယ်တိုင်မဖြစ်လိုက်ရတဲ့ နိုင်ငံ့ဝန်ထမ်း အရာရှိ တစ်ယောက်ဖြစ်အောင်ကြိုးစားပြီး ဆရာ့ကျေးဇူးကို ဆပ်ပါကွာ။ မင်းတို့ရဲ့ဘဝလေးတွေ အခုလို သာယာဖြောင့်ဖြူးနေတာတွေကို သိရလို့ ဆရာကြီး ဝမ်းသာပါတယ်။ ကဲ ငါ့တပည့် ကျန်းမာရေးကိုလည်း ဂရုစိုက်နော်။ အဆီတွေကိုလည်းလျှော့စား။ ဒီထက်ပိုပြီးတော့လည်း မဝစေနဲ့။ ရေကိုများများသောက်ပြီး လမ်းကိုလည်း များများလျှောက်ပေးကြားလား"

'ဟုတ်ကဲ့ပါဆရာကြီး။ ဆရာကြီးလည်း စကားတွေ အများကြီးပြောရတော့ မောနေရောပေါ့။ နားနားနေနေ နေပါဦး ဆရာကြီး။ ကျွန်တော်က ဒီနေ့ နေ့လယ်ကားနဲ့ ပြန်တော့မှာမို့ ကျွန်တော့်ကိုပြန်ခွင့်ပြုပါဆရာကြီး။ နောင်နှစ်နောင်နှစ်တွေမှာ ပြုလုပ်မယ့်ဆရာကန်တော့ပွဲတွေကိုလည်း ကျွန်တော်မဖြစ်မနေလာဖြစ်အောင်လို့ ကြိုးစားပါမယ် ဆရာကြီးခင်ဗျာ'လို့ နှုတ်ဆက်စကားပြောပြီး ဆရာကြီးအိမ်မှထွက်လာခဲ့ပါတော့သည်။

ကျွန်တော့်ရဲ့ အပြန်ခရီးမှာတော့ ဆရာများက တပည့်တို့အပေါ်ထားရှိသည့် အတိုင်းအဆမရှိကြီးမားလှသော စေတနာတရား၊ မေတ္တာတရားတို့ကို အောက်မေ့တမ်းတသတိရလျက်ရှိနေပါသည်။ ဆရာကြီး ဦးမြအောင်ကဲ့သို့ မိမိကိုယ်တိုင်ကျန်းမာရေးမကောင်းပါပဲ အိပ်ရာထဲလဲနေသည့်တိုင် တပည့်၏ကျန်းမာရေးအတွက် စိုးရိမ်ပူပန်တတ်သော မြတ်ဆရာတို့နှင့်အတူ များစွာများစွာသော 'သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ' တို့၏ ဂုဏ်ကျေးဇူးအပေါင်းကို တပည့်များက အထူးတလည် ပြန်လည်ပေးဆပ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းဖြင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင်ကျရောက်မည့် 'ကမ္ဘာ့ဆရာများနေ့'ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။

**ဆရာဆိုတာ တပည့်ကို ကိုယ့်ထက်သာအောင် သွန်သင်ပေးနိုင်မှ ဆရာကောင်းဖြစ်တယ်တဲ့။ ဒီတော့ ဆရာရဲ့ဂုဏ် ဒီထက်မက တက်စေဖို့အတွက် ငါ့တပည့်က နိုင်ငံတော်အတွက် အားထားရတဲ့ ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပါ။**

# မဏ္ဍိုင်သုံးရပ်နှင့် သတင်းမီဒီယာများတွေ့ဆုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၄**

နိုင်ငံတော်၏ မဏ္ဍိုင်သုံးရပ်နှင့် သတင်းမီဒီယာထိတွေ့ဆက်ဆံရေးတွင် အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုနှင့် အပြုသဘောဆောင်သော ဆက်ဆံရေးများ ပိုမိုရရှိရန်ရည်ရွယ်ချက်ဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)နှင့် မီဒီယာတို့မှ ကိုယ်စားလှယ်များတက်ရောက်သည့် မဏ္ဍိုင်သုံးရပ်နှင့် သတင်းမီဒီယာတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

ဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး (ဖိုးသောကြာ)တို့က အဖွင့်ဆွေးနွေး ပြောကြားကြပြီး ဦးဆောင်ဆွေးနွေးသူအဖြစ် ဒေါက်တာအောင်ထွန်းသက်က ဆောင်ရွက်သည်။

ဆက်လက်၍ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများက သတင်းမီဒီယာဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြရာ တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲကို မဏ္ဍိုင်သုံးရပ်မှ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ပြည်နယ်တို့မှ သတင်းမီဒီယာဆိုင်ရာ တာဝန်ရှိသူများ၊မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) နှင့် သတင်းမီဒီယာတို့မှ စုစုပေါင်း ကိုယ်စားလှယ် ၁၅၀ တက်ရောက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆွေးနွေးပွဲ ဒုတိယနေ့ကို အောက်တိုဘာ ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲတွင် သတင်းမီဒီယာကဏ္ဍအား မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)နှင့် သတင်းမီဒီယာများမှ ဆွေးနွေးခြင်း၊ ထိုဆွေးနွေးရရှိမှုများအပေါ် မူတည်၍ ရှေ့လုပ်ငန်းစဉ်များ ပြုစုခြင်းနှင့်အပြန်အလှန်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

ယခုဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာန၊ Deutsche Welle နှင့် International Media Support တို့နှင့် ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာ့အာမခံလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၄**

ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်နှင့် ပြည်နယ်/တိုင်းဒေသကြီးခရိုင်ရုံးများ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စာရင်းစစ်ဆေးချက်အစီရင်ခံစာများ ရှင်းလင်းဆောင်ရွက်ခြင်း အစည်းအဝေးများကို အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီမှ ညနေ ၈ နာရီအထိ ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်းရုံးချုပ် ဆဋ္ဌမထပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး ဆက်လက်၍ ရုံးချုပ်ဌာနအသီးသီးမှတာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ခရိုင်ရုံးတာဝန်ခံများက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်လုပ်ငန်းဆောင်ရွက်မှု သုံးသပ်တင်ပြခြင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အာမခံလုပ်ငန်းရပ်အသီးသီးပေါ်တွင် လျာထားချက်ပြည့်မီကျော်လွန်နိုင်ရေး အသေးစိတ်လုပ်ငန်း စီမံချက်များရှင်းလင်းတင်ပြကြပြီး ဦးဆောင်ညွှန်ကြားရေးမှူးက ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စာရင်းစစ်ဆေးတွေ့ရှိချက်များအပေါ် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်း၊ သတ်မှတ်ထားသောရုံးလုပ်ငန်း၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**



# ရန်ကုန်အရှေ့ပိုင်းနှင့် တောင်ပိုင်းခရိုင်တို့၌ အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့်ပြိုင်ပွဲဖွင့်

**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန် အရှေ့ပိုင်းခရိုင်၏ (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကင်းပညာရေးကောလိပ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်နှင့် ဆပ်ကော်မတီဝင်များ၊ သဘင်၊ ဂီတပညာရှင်များ၊ အကဲဖြတ်ဒိုင်များ၊ ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင်များ တက်ရောက် အားပေးကြသည်။

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဦးနှင့် ဆိုင်းပညာရှင် စည်သူဦးဘမော်တို့က ပြိုင်ပွဲအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အနုပညာရှင်များက ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြိုင်ပွဲအတွက် ချီးမြှင့်ငွေကျပ် ၁၀ သိန်းကို တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်က ပေးအပ်ရာ ခရိုင်အုပ်ချုပ်ရေးမှူးက လက်ခံသည်။

အလားတူ ရန်ကုန်တောင်ပိုင်းခရိုင်၏(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မွန်းတည့် ၁၂ နာရီတွင် ကျောက်တန်းမြို့နယ် ရွှေမော်ဝန်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် သဘင်၊ ဂီတပညာရှင်များ၊ အကဲဖြတ်ဒိုင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦး၊ တောင်ပိုင်းခရိုင် ပညာရေးမှူး ဦးဇော်ဝင်းနှင့် ခရိုင်ဂီတ အစည်းအရုံးဥက္ကဋ္ဌ ဦးစိုးသိန်းတို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အနုပညာရှင်များက ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် ပြိုင်ပွဲအတွက် ချီးမြှင့်ငွေကျပ် ၁၀ သိန်းကို တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်က ပေးအပ်ရာ တောင်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးက လက်ခံသည်။

ထို့နောက် ဖျော်ဖြေရေးအဖွဲ့ဝင်များအား တောင်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC)မှ စက်ရုံမှူးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လမ်းတံတားပြုပြင်ဆောင်ရွက်

**အင်းတော် အောက်တိုဘာ ၄**

ဒေသခံပြည်သူများသွားလာရေး အဆင်ပြေ ချောမွေ့စေရန်အတွက် စက်တင်ဘာ ၁၈ ရက်က ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော ကသာ-အင်းတော်-မံစီလမ်း၊ ရွှေဘို-မြစ်ကြီးနားလမ်းရှိ ပျက်စီးသွားသောလမ်းများ၊ တံတားများ ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် တည်ဆောက်ဆဲလမ်း တံတားများ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် မံဟဲကျေးရွာအုပ်စု၊ ပေကုန်း-မြေပလ္လင်ကျေးရွာချင်းဆက်လမ်းပိုင်းတိုင်းတာသည့် လုပ်ငန်းများကို အောက်တိုဘာ ၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစံရွှင်၊ အင်းတော်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လုပ်ငန်းများအမြန်ပြီးစီးရေးကို ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ရေကြီးမှုကြောင့် ပြိုလဲသွားသည့် ပုန်းဟုန်ကျေးရွာနှင့် ပင်ဝယ်ကျေးရွာရှိနေအိမ်များသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို အဖွဲ့ဝင်များနှင့်အတူ သွားရောက်ပေးအပ်ခဲ့သည်။

ထို့နောက် မော်လူးကျေးရွာအုပ်စု နန့်ကဲချောင်းနားရှိ လယ်များချောင်းရေလျှံပြီး ရေလွှမ်းခံခဲ့ရသည့် လယ်မြေများအား ကွင်းဆင်းသွားရောက်ကြည့်ရှုကာ ဒေသခံတောင်သူများနှင့် တွေ့ဆုံခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အင်းတော်(ပြန်/ဆက်)**

# စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မြစ်ကြီးနား အောက်တိုဘာ ၄**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၅ ရက် နံနက်က ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ်(၁၂) ယာဉ်ထိန်းရဲဒုတိယတပ်ဖွဲ့ခွဲ(ကချင်)မှ ခေတ္တဒုတိယတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးဘုန်းမင်းစိုး ဦးစီးသောတပ်ဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ လျောင်းတော်မူဘုရားကြီးအပြင်ဘက်ရှိ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ ဘုရားပရိဝုဏ်အတွင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မိုးယံကျ(မြစ်ကြီးနား)**

◆ ◆ ◆

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ရွှေရတုနှစ်ပတ်လည် ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုနှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်လွင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများက မှုခင်းများ စွမ်းစွမ်းတမံ ဖော်ထုတ်ခဲ့သော ရဲတပ်ဖွဲ့ဝင်များ၊ ပံ့ပိုးကူညီခဲ့သော မိဘပြည်သူများ၊ နေအိမ်လိုင်းခန်း သန့်ရှင်းရေးဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



ပြည်တွင်းရေးရာ

# ပျောက်ဆုံးတောင်တက်သမားနှစ်ဦးအား ရှာဖွေခဲ့ရသည့် အတွေ့အကြုံများရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၄**

ခါကာဘိုရာဇီတောင်တက်ခရီးစဉ်အတွင်း ပျောက်ဆုံးနေသော တောင်တက်သမားနှစ်ဦးအား ထူးဖောင်ဒေးရှင်း၏ ဦးစီးမှုဖြင့် ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများတွင် ရင်ဆိုင်ခဲ့ရသော အတွေ့အကြုံများနှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို အောက်တိုဘာ ၄ ရက်က ကန်တော်ကြီးပဲလေ့စ်ဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ထူးဖောင်ဒေးရှင်းမှ CEO ဦးပေါ်မြင့်ဦး၊ အီတလီနိုင်ငံသား ကယ်ဆယ်ရေးအဖွဲ့ဝင် ကျွမ်းကျင်ရဟတ်ယာဉ်မှူး Mr.Rosati၊ ရှာဖွေရေးကယ်ဆယ်ရေးအဖွဲ့ဝင်များဖြစ်သော Mr. Piazza နှင့် Mr. Corana၊ Mr.Giri တို့က ၎င်းတို့ ရင်ဆိုင်ဆောင်ရွက်ခဲ့ရသော အတွေ့အကြုံများကို ရိုက်ကူးထားသည့် ဗီဒီယိုနှင့် ဓာတ်ပုံမှတ်တမ်းများဖြင့် ရှင်းလင်း ပြသခဲ့သည်။

ထူးဖောင်ဒေးရှင်းမှ CEO ဦးပေါ်မြင့်ဦးက"အဆက်အသွယ်ပြတ်တောက်နေကြောင်းကို စက်တင်ဘာ ၉ ရက် ညနေပိုင်းမှ အတည်ပြုချက်ကြားသိခဲ့ရသည့်အတွက် အရေးပေါ်အစည်းအဝေးပြုလုပ်ပြီး အစီအစဉ်ရေးဆွဲခဲ့ပါတယ်။ စက်တင်ဘာ ၁၀ရက်မှာ ထူးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးတေဇ၊ သဘာ၀ခေါ်သံဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမျိုးသန့်တို့နဲ့အတူ ကယ်ဆယ်ရေးအဖွဲ့ဝင်များလိုက်ပါပြီး ရှာဖွေရေးလုပ်ငန်းများ အရှိန်မြှင့်လုပ်ဆောင်ခဲ့ပါတယ်။ ကယ်ဆယ်ရေးအတွက် တပ်မတော်(လေ)မှ MI-17 ရဟတ်ယာဉ်၊ပူတာအိုအခြေစိုက် စစ်ဗျူဟာမှ တပ်မတော်သားများ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဒေသခံတိုင်းရင်းသားများ၊ ရွာသူရွာသားများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ခဲ့ကြပါတယ်။ ရှာဖွေကယ်ဆယ်ရေးအတွက် အထိရောက်ဆုံးနဲ့ အမြန်ဆုံးဖြစ်စေရန် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များအား ကမ်းလှမ်းအကူအညီတောင်းခဲ့ပြီး ထိုင်းနိုင်ငံ၊နီပေါနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ အီတလီနိုင်ငံတို့မှ ကျွမ်းကျင်ရဟတ်ယာဉ်မှူးများနဲ့ ကျွမ်းကျင်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ လာရောက်ကူညီပေးခဲ့တယ်။ ဂျပန်နိုင်ငံမှ ခါကာဘိုရာဇီတောင်တက်မယ့်အဖွဲ့ကလည်း ကူညီရှာဖွေပေးကြတယ်။ တရုတ် - မြန်မာ ချစ်ကြည်ရေးအသင်းရဲ့ စီစဉ်မှုနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးရဲ့ ကမ်းလှမ်းမှုနဲ့ တရုတ်နိုင်ငံမှ Blue Sky ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များ ပူးပေါင်းပါဝင်ပါတယ်။ လက်ရှိအချိန်မှာလည်း အမြင့်ပေ ၁၃၂၀၀ ရှိ Base Camp မှာ ရောက်ရှိပြီး အဆင့်မြင့်အာရုံခံရှာဖွေရေး ကိရိယာများ ယူဆောင်လာပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိပါတယ်"ဟု ရှင်းလင်း ပြောကြားခဲ့သည်။ ရဟတ်ယာဉ်ဖြင့် ရှာဖွေကယ်ဆယ်ဆောင်ရွက်မှုများကို ခေတ္တသာရပ်ဆိုင်းထားခြင်း ဖြစ်ကြောင်း၊ မြေပြင်ကယ်ဆယ်ရေး အဖွဲ့များနှင့်အတူ ဒေသခံတိုင်းရင်း သားများ ကယ်ဆယ်ရှာဖွေဆောင်ရွက်နေမှုများကိုမူ ဆက်လက်လုပ် ဆောင်သွားမည်ဖြစ်ကြောင်း ထပ်မံရှင်းလင်းပြောကြားခဲ့သည်။

အီတလီနိုင်ငံသားကယ်ဆယ်ရေးအဖွဲ့ဝင် ကျွမ်းကျင်ရဟတ်ယာဉ်မှူး Mr. Rosati က တောင်တက်သမားနှစ်ဦးတက်ရောက်ခဲ့သည့် မြောက်ဘက်လမ်းကြောင်းအတိုင်း ခါကာဘိုရာဇီတောင်အမြင့်ပေ ၁၈၀၀၀ မှ ၁၉၀၀၀ ကြားတွင် ပြုတ်ကျသွားနိုင်သည်ဟု ထင်ရသောလျှိုများ၊ တောင်စွယ်များကြား ရေခဲမြစ်တစ်လျှောက် လှည့်ပတ်ကြည့်ရှုခဲ့ရုံသာမက ရဟတ်ယာဉ်ပေါ်မှ ကြိုးများဖြင့် ဆင်းကာ ပိုက်စိပ်တိုက်ရှာဖွေမှုများ ပြုလုပ်ခဲ့ကြောင်း၊ ၎င်းရင်ဆိုင်ကြုံတွေ့ဆောင်ရွက်ခဲ့ပုံများကို ဗီဒီယိုများဖြင့် ရှင်းလင်းပြသပါတယ်။

"မြူနှင်းတွေ သိပ်သည်းနေပြီး အရမ်းအန္တရာယ်များတဲ့ အခြေအနေမှာတောင် ကျွန်တော်တို့ကြိုးစားရှာဖွေခဲ့ပါတယ်။ တချို့နေရာတွေမှာ ရင်ဝအထိနှင်းများ မြုပ်နေတဲ့အတွက် မြင်နိုင်စွမ်းကျ ဆင်းပြီး ခက်ခဲတဲ့နေရာရောက်မှသာ လှည့်ပြန်ခဲ့ကြတာပါ။ အခုအချိန်က ရဟတ်ယာဉ်နဲ့ ရှာဖွေဖို့ မဖြစ်နိုင်တော့တဲ့ အခြေအနေကြောင့် ပွင့်လင်းရာသီဖြစ်တဲ့ နိုဝင်ဘာလ လောက်ကျမှသာ ထူးဖောင်ဒေးရှင်းမှ ကမ်းလှမ်းခဲ့ပါက ကျွန်တော်တို့ ထပ်မံရောက်ရှိပြီး ရှာဖွေကယ်ဆယ်မှုတွေကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ခါကာဘိုရာဇီတောင်ရဲ့ ရာသီဥတုအခြေအနေကြောင့် အမြင့်ပေ ၁၆၂၀၀ အထက်မှာ အသက်ရှင်နေထိုင်ဖို့ ခက်ခဲပါတယ်"ဟု ၎င်းက ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခါကာဘိုရာဇီရှာဖွေကယ်ဆယ်ရေးအတွက် အကူအညီတောင်းခံချက်များနှင့် နိုင်ငံတကာမှ အကူအညီများ အမြန်ဆုံးရရှိနိုင်စေရန် ညွှန်ကြားခွင့် ပြုပေးခဲ့ပါသော နိုင်ငံတော်သမ္မတကြီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးတို့အား လည်းကောင်း၊ ခါကာဘိုရာဇီကယ်ဆယ်ရေးတွင် စွမ်းစွမ်းတမံပါဝင် ဆောင်ရွက်ပေးခဲ့ကြသော အီတလီနိုင်ငံသား ကယ်ဆယ်ရေးအဖွဲ့ဝင်များဖြစ်သော Mr. Rosati နှင့် အဖွဲ့အားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

**သတင်းနှင့် ဓာတ်ပုံ-ခင်ဇာလီ**



# ကျေးရွာချင်းဆက် ကွန်ကရစ်တံတားဆောက်လုပ်ပြီးစီး

**မုဒုံ အောက်တိုဘာ ၄**

မွန်ပြည်နယ် မုဒုံမြို့နယ် နိုင်လုံ-လက်တက်ရွာကြီးနှင့် ဂုံညင်းတန်းရွာကို ဆက်သွယ်ထားသော ယခင်သစ်ခင်းတံတားမှာ ပျက်စီးပြီး သွားလာရခက်ခဲနေမှုကို ယခုအခါ သံကူကွန်ကရစ်တံတားအဖြစ် အကျယ် ၁၅ ပေ၊ အရှည်ပေ ၅၀၊ အမြင့် ၁၈ ပေရှိ တံတားသစ်ကို မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်သူများ ထည့်ဝင်ငွေ စုစုပေါင်း ငွေကျပ်သိန်း ၂၂၀ဖြင့် တည်ဆောက်ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါတံတားပြီးစီးသွားပြီဖြစ်သည့်အတွက် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကျေးရွာမှ ဒေသထွက်ကုန်များ လွယ်ကူစွာ ရောင်းဝယ်ဖောက်ကားနိုင်တော့မည်ဖြစ်ပြီး ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများလည်း သွားလာရေးလွယ်ကူလာတော့မည်ဖြစ်သည့်အတွက် ဝမ်းမြောက်လျက်ရှိကြသည်။

**(၄၄၁)**

# ရေယာဉ်များစနစ်တကျပြေးဆွဲရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပုသိမ် အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီနှင့် မြို့နယ်ရေယာဉ်များ စနစ်တကျ ပြေးဆွဲရေးကော်မတီများ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၃ ရက် နံနက်က ပုသိမ်မြို့ အမှတ်(၄) နယ်မြေ ကမ်းနားလမ်း တိုင်းဒေသကြီး ရ. စ. က ရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအတွင်းရှိ ရေယာဉ်လုပ်ငန်းရှင်များ/လုပ်သားများ ပထမအကြိမ် မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးရခြင်းထက် မိသားစုအသွင် စည်းလုံးညီညွတ်စွာ ညှိနှိုင်းဆွေးနွေးခြင်းဟု မှတ်ယူကြရန်၊ အဓိကအားဖြင့် ခရီးသွားပြည်သူများဘေးအန္တရာယ်ကင်းရှင်းမှု၊ သက်သာချောင်ချိစွာ ခရီးသွားလာနိုင်ရေး၊ ရေယာဉ်ပိုင်ရှင်များ/ရေယာဉ်လုပ်ငန်းများ အချင်းချင်း ရိုင်းပင်းကူညီတတ်မှု၊ သားသမီးများ၏ ပညာရေးထောက်ပံ့မှု၊ အခွန်ငွေများ ဥပဒေစည်းကမ်းနှင့်အညီ ကျေပွန်စွာ ထမ်းဆောင်နိုင်မှုကို အလေးထားပြီး ပွင့်လင်းမြင်သာစွာ ဆွေးနွေးကြရန်နှင့် အကြံပြု ဆွေးနွေးကြရန် မှာကြားသွားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးရန်နိုင်ကျော်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ရေယာဉ်များ စနစ်တကျ ပြေးဆွဲရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးတိုင်းအောင်က တိုင်းဒေသကြီးကော်မတီ၏ လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့် ရှေ့ဆက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ကော်မတီကိုယ်စားလှယ်များက မိတ်ဆက်ရှင်းလင်းခြင်းနှင့် မြို့နယ်အတွင်းရှိ ရေယာဉ်အင်အားနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

**(ပုသိမ်လှကြည်)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ချေးငွေဒေါ်လာ သန်း ၃၀၀ ထုတ်ချေးခြင်း ထပ်ဆင့်ရှင်းလင်း

**မလှိုင် အောက်တိုဘာ ၄**

EXIM Bank မှ ချေးငွေဒေါ်လာ သန်း ၃၀၀ ထုတ်ချေးခြင်းနှင့် ပတ်သက်၍ ထပ်ဆင့်ရှင်းလင်းပွဲကို မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ရှိ ဘိုးဘွားရိပ်သာခမ်းမှာရုံ၌ စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဒေါ်မြမြက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌက သမဝါယမချေးငွေလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသောင်းဌေးက EXIM Bank မှ ချေးငွေဒေါ်လာ သန်း ၃၀၀ ထုတ်ချေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော အခြေခံသမဝါယမအသင်းများအနေဖြင့် ချေးငွေများ ရယူပြီး အမှန်တကယ်အကျိုးရှိအောင် ဆောင်ရွက်မှသာ နိုင်ငံတော်က ဆောင်ရွက်နေသည့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ တက်ရောက်လာသော အခြေခံအသင်းများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးရန် လိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မျက်သီးကျင်း၊ ရွာတန်းရှည်၊ သုံးတောင်၊ ကံသစ်၊ ဖောင်ရိုးတော စိုက်/ထွေ သမဝါယမအသင်းများမှဥက္ကဋ္ဌနှင့် အသင်းသား အဖွဲ့ဝင်တို့က EXIM Bank ချေးငွေရယူလိုပါကြောင်း၊ ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသည့်အတွက် စိုက်ပျိုးချိန် အတိုးကြီးပေးရသည့် အခက်အခဲမှ ကင်းဝေး၍ ဒေသခံတောင်သူများအတွက် များစွာ အထောက်အကူပြုပါကြောင်း၊ သို့ဖြစ်ပါ၍ ချေးငွေကို ကျပ် တစ်သိန်းနှုန်းမှ ကျပ်ငါးသိန်းနှုန်းထိ တိုးမြှင့်ထုတ်ချေးပေးရန်၊ လယ်ယာသုံး၊ လုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများကိုလည်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးရန်၊ ချေးငွေ လုံးဝမခံစားရသေးသော အသင်းသစ်များနှင့် ကျန်ရှိသည့် အသင်းသားများကိုလည်း ချေးငွေများ ထုတ်ချေးပေးရန် တင်ပြကြသည်။

**အောင်ဌေး(မလှိုင်)**

# အထွက်နည်းသော်လည်း အရည်အသွေးကောင်းပြီး ဈေးကောင်းရ၍ နှမ်းစိုက်တောင်သူများအဆင်ပြေ

**မကွေး အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အနီးဝန်းကျင်ရှိ ကျေးရွာများတွင် မိုးဦးနောက်ကျမှုကြောင့် စိုက်ပျိုးချိန်များ နှောင့်နှေးခဲ့ရပြီး ယမန်နှစ်ထက်စာလျှင် နှမ်းအထွက်နှုန်းနည်းသော်လည်း အရည်အသွေးပိုင်း ကောင်းမွန်မှုကြောင့် ဈေးကောင်းရရှိသဖြင့် နှမ်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခုနှစ်အတွင်း မန္တလေးနှင့်ရန်ကုန် အဝယ်ဒိုင်ကြီးများမှ မှာယူမှုများပြားလာခြင်း၊ နှမ်းနီများအား စက်ကြိတ်သမားများက အဝယ်လိုက်လာခြင်း၊ နှမ်းဖြူများအား လှော်ထောင်းဖိုများက ဝယ်ယူမှုများပြားလာခြင်း၊ မကွေးလှောင်လက် ကုန်သည်ကြီးများက တရုတ်နိုင်ငံသို့ တင်ပို့ရန် ဝယ်ယူစုဆောင်းနေခြင်းများကြောင့် သီးနှံအထွက်နည်းသော ကာလ၌ပင် အပြိုင်အဆိုင်ဈေးနှုန်းမြှင့် ဝယ်ယူမှုများရှိနေခြင်းဖြစ်ပြီး အရည်အသွေးကောင်းမွန်မှုကြောင့် မကွေးဒေသထွက် နှမ်းများမှာ ဈေးကွက်အတွင်း မျက်နှာပန်းလှ ဈေးကောင်းရလျက်ရှိသည်။

"မနှစ်က တစ်ဧကေ ၁၃ တင်းလောက်ထွက်တယ်။ ဒီနှစ်တော့ တစ်ဧကေ ၁၀ တင်းပဲ ထွက်တယ်ဆိုတော့ အထွက်နှုန်းကျသွားတာတော့ အမှန်ပါပဲ။ မနှစ်က ဈေးစဖွင့်တော့ နှမ်းတစ်တင်း သုံးသောင်းခွဲလောက်ပဲ ရတယ်။ ဒီနှစ်တော့ ဈေးစဖွင့်ကတည်းက လေးသောင်းကျော် ရတယ်။ နှမ်းအရနည်းပေမယ့် ဈေးကောင်းရတဲ့နှစ်မို့ အသက်ရှူချောင်တယ်လို့ ပြောရမှာပဲ။ မကွေးနှမ်းရဲ့အားသာချက်က နှမ်းလုံးကြမ်းတယ်၊ လှတယ်၊ ကြိတ်ရင် အခြားဒေသထွက်နှမ်းတွေထက် ဆီပိုထွက်တယ်၊ အရည်အသွေးပိုင်းမှာ လူကြိုက်များတယ်" ဟု ထုံးပေါက်တောကျေးရွာနေ တောင်သူ ဦးမျိုးမင်းက ပြောသည်။

မကွေးအဝယ်ဒိုင်ကြီးများ၌ နှမ်းနီ(ထိပ်စ)တစ်တင်း ၄၃၅၀၀ ကျပ်မှ ၄၄၅၀၀ ကျပ်၊ နှမ်းဖြူ(ထိပ်စ) တစ်တင်း ၄၉၅၀၀ ကျပ်မှ ၅၀၅၀၀ ကျပ်၊ နှမ်းနက်(စမုံ) ၅၇၅၀၀ ကျပ်မှ ၆၀၅၀၀ ကျပ်၊ နှမ်းနက်(ထိပ်စ) ငွနက် ၅၀၀၀၀ ကျပ်မှ ၅၅၀၀၀ ကျပ် နှုန်းများဖြင့် ဈေးပေးဝယ်ယူမှုများရှိပြီး ဒေသအသီးသီးမှ အောက်စနှမ်းများအား နှမ်းနီ ၄၃၀၀၀ ကျပ်၊ နှမ်းနက် ၄၅၀၀၀ ကျပ်နှုန်းဖြင့် ဈေးဖြတ်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

**●ရှေ့ဖုံးမှ**

နိုင်ငံတော်မှ ကျိုင်းလပ်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုသင်္ကေတအဖြစ် သံပေါင်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၈၂ သန်းနှင့် မြန်မာ ကျပ်ငွေ ၇ ဒသမ ၉ ဘီလီယံ အကုန်အကျခံကာ တည်ဆောက်လျက်ရှိသည့် မဲခေါင်မြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်း၏ ချဉ်းကပ်တံတားနှင့် ပင်မတံတားတို့၏ အထောက်အကူပြုလုပ်ငန်း၊ သံပေါင်တပ်ဆင်ခြင်း၊ သံပေါင်ကြိုးဆွဲတာဝါတပ်ဆင်ခြင်း၊ ကြမ်းခင်းလုပ်ငန်းနှင့် လူသွားလမ်းလက်ရန်းလုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့်အတူ တံတားကြီးပြီးမြောက်ပါက ဖြစ်ပေါ်လာမည့် နှစ်နိုင်ငံ ကုန်သွယ်ရေးလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံများ၊ လျှပ်စစ်နှင့် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးစနစ်များအား Townplan များ စနစ်တကျ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ မကြာမီကာလအတွင်း မဲခေါင်မြစ်ကူး မြန်မာ-လာအို ချစ်ကြည်ရေးတံတားသစ်ကြီး ခံ့ညားထည်ဝါစွာဖြင့် ပေါ်ထွန်းလာတော့မည်ဖြစ်သည်။ **(မောင်ယဉ်ကျေး)**

# စကော့တလန်ပြည်နယ် လူထုဆန္ဒခံယူပွဲနဲ့ ဒီမိုကရေစီအလေ့အကျင့်

မေနှင်းအေး

မြန်မာနိုင်ငံမှာလည်း ရွေးကောက်ပွဲတို့၊ လူထုဆန္ဒခံယူပွဲတို့ စိတ်ဝင်စားကြချိန်မို့ စကော့တလန် လူထုဆန္ဒခံယူပွဲကို ဂရုတစိုက်ကြည့်ရှုမိပါတယ်။ စကော့တလန်နယ်သားတွေ ဗြိတိန်ပြည်ထောင်စုက ခွဲထွက်ပြီး လွတ်လပ်ရေးလိုချင်သလား၊ ပြည်ထောင်စုမှာပဲ အတူနေမလားဆိုတာ စက်တင်ဘာ ၁၈ ရက်က မဲပေးခဲ့ကြပါတယ်။ စက်တင်ဘာလဆန်းကစပြီး လွတ်လပ်ရေးလိုလားသူတွေနဲ့ ပြည်ထောင်စုမှာ အတူနေလိုသူတွေ အကြိတ်အနယ်မဲဆွယ်ကြလို့ အင်မတန် စိတ်ဝင်စားစရာကောင်းပြီး ကြည့်ကောင်းတဲ့ နိုင်ငံရေးပွဲတစ်ပွဲလည်းဖြစ်ပါတယ်။ အလားတူပဲ ခွဲထွက်ချင်တဲ့ စပိန်တို့၊ ဘယ်လ်ဂျီယံတို့ကအဖွဲ့တွေကလည်း စကော့တွေ ဘယ်လိုဆုံးဖြတ်မလဲဆိုတာ စိတ်ဝင်တစားစောင့်ကြည့်နေပါတယ်။

တကယ်တော့ ဗြိတိန်ဆိုတဲ့ ယူနိုက်တက်ကင်းဒမ်းနိုင်ငံဟာ အင်္ဂလန်အပြင် ဝေလနယ်၊ စကော့တလန်နဲ့ မြောက်အိုင်ယာလန်တို့ ပေါင်းစည်းထားတာဖြစ်ပါတယ်။ ပေါင်းစည်းခဲ့တဲ့ သက်တမ်းအနှစ် ၃၀၀ ကျော်ပြီဆိုတော့ ခွဲထွက်သွားရင် တကယ့်ကိုအပြောင်းအလဲတွေ အများကြီးတွေ့ရမှာပါ။ ပထမဦးဆုံး ဗြိတိသျှအလံဆိုရင်ပဲ စကော့တစ်ကြက်ခြေခတ်ကို ဖယ်လိုက်ရမှာဆိုတော့ အလံသစ်တစ်ခုဖြစ်သွားတော့မှာပါ။ ကိုယ့်ဘာသာရပ်တည်တော့မယ့်စကော့တလန်အနေနဲ့ဆိုလည်း အီးယူထဲမှာ ဆက်နေမလား၊ ဘာငွေကြေးသုံးမလဲ၊ ကာကွယ်ရေး၊ နိုင်ငံခြားဆက်ဆံရေးဆိုတာတွေကအစ ပြန်စကြရမှာပါ။ အခုတော့ ကံကောင်းထောက်မစွာပဲ စကော့တလန်ပြည်သူ ၅၄ ရာခိုင်နှုန်းကျော်က ခွဲမထွက်ဘဲ ပူးပေါင်းနေထိုင်မယ်လို့ မဲပေးလိုက်ကြပါပြီ။

ခွဲထွက်ချင်တဲ့ စကော့အမျိုးသားပါတီခေါင်းဆောင် အဲလက်စ်ဆာလမွန်တို့တွေအတွက် ရှုံးနိမ့်တဲ့ပွဲဖြစ်သွားပေမယ့် ဗြိတိန်အစိုးရက ကတိအတိုင်းစကော့တလန်အနေနဲ့ လုပ်ပိုင်ခွင့်တွေ ပိုရလာမယ်ဆိုတာကလည်း သူတို့လိုချင်တဲ့အချက်တွေပဲမို့ ရှုံးပေမယ့်မရှုံးဘူးလို့ဆိုချင်ပါတယ်။ ဒီမိုကရေစီဆိုတာ အပြတ်အသတ်အနိုင်ရအောင်လုပ်တာမှ မဟုတ်ဘဲ။ စကော့တလန်ဆန္ဒခံယူပွဲကို ကြည့်ပြီး ကျွန်မအရမ်းအားကျမိတယ်။ ဒီမိုကရေစီရဲ့ အရသာနဲ့ ဒီမိုကရေစီနည်းကျ ကိုယ်လိုချင်တာကိုယ်ရအောင် နှစ်ဖက်စလုံးက ကြိုးစားမှုဆိုတာတွေကိုပါ။

တကယ်တော့ စကော့တလန်ဒေသက အနှစ် ၈၀၀ ကျော်တစ်ထီးတစ်နန်းနဲ့ ရပ်တည်လာခဲ့ပြီး ၁၆၀၃ ခုနှစ်ရောက်မှ အင်္ဂလန်မှာ အုပ်ချုပ်သူဘုရင်မျိုးနွယ်မျိုးဆက်ပြတ်သွားလို့ အနီးဆုံးအဆက်အနွယ်ဖြစ်တဲ့ စကော့တလန်ဘုရင် ဂျိမ်းစ်-၆ ကို နှစ်နိုင်ငံဘုရင်ခန့်လိုက်ရတဲ့အတွက် နှစ်နိုင်ငံပေါင်းစည်းသွားရတာပါပဲ။ အဲဒီတုန်းက နှစ်နိုင်ငံစလုံးကို ဘုရင်တစ်ပါးတည်းက အုပ်ချုပ်ခဲ့ပေမယ့် ၁၇၀၇ ခုနှစ်မှာ ပါလီမန်များကလည်း သဘောတူညီစွာနဲ့စကော့တလန်-အင်္ဂလန်နှစ်နိုင်ငံကို ပြည်ထောင်စုဥပဒေနဲ့ တစ်နိုင်ငံတည်းပေါင်းစည်းလိုက်တာဖြစ်ပါတယ်။ သမိုင်းကြောင်းတစ်လျှောက် အင်္ဂလန်ထီးနန်းကို လိုလားသူ၊ ကန့်ကွက်သူတွေရှိခဲ့ပြီး စိတ်ဝင်စားစရာတော်လှန်ရေးတိုက်ပွဲတွေလည်း ရုပ်ရှင်ဇာတ်လမ်းများရှိပါတယ်။

ဗြိတိန်အနေနဲ့ ၁၉၉၉ ခုနှစ်မှာ စကော့တလန်သီးခြားပါလီမန်ကို ထူထောင်ပေးပြီး ဗဟိုချုပ်ကိုင်မှုလျှော့ချကာ ကိုယ်ပိုင်အုပ်ချုပ်ရေးပေးအပ်ခဲ့ပါတယ်။ ဒီပါလီမန်က ပညာရေး၊ ကျန်းမာရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့မှာ ကိုယ်ပိုင်မူဝါဒ ဥပဒေစည်းကမ်းများချမှတ်နိုင်ပါတယ်။ ကိုယ်ပိုင်အစိုးရရှိပေမယ့် ဗြိတိသျှအစိုးရခန့်ထားတဲ့ စကော့တလန်ဆိုင်ရာဝန်ကြီးကနေတစ်ဆင့် ပူးပေါင်းဆောင်ရွက်ရပါတယ်။ စကော့အများစုက ပိုမိုလုပ်ပိုင်ခွင့်ရရှိလိုပြီး လူမျိုးရေးစိတ်ဓာတ်ပြင်းထန်သူတွေကတော့ လုံးဝလွတ်လပ်ရေးလိုချင်ကြပါတယ်။ စကော့တလန်မြောက်ပိုင်း ပင်လယ်ကမ်းလွန်ရေနံကရတဲ့ ဝင်ငွေတွေကြောင့် ခွဲထွက်ခြင်းဖြင့် စီးပွားရေးအရ ပိုမို တောင့်တင်းအင်အားရှိလာမယ်လို့ ယူဆကြပါတယ်။ ဒီအခြေအနေမှာ ၂၀၁၁ ခုနှစ် စကော့ပါလီမန်ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ စကော့အမျိုးသားပါတီအက်စ်အန်ပီခေါင်းဆောင် အဲလက်စ်ဆာလမွန်က စကော့တလန်ဝန်ကြီးချုပ်ဖြစ်လာပြီး ရွေးကောက်ပွဲကာလက ကြွေးကြော်ခဲ့တဲ့အတိုင်း ခွဲထွက်ရေးလှုပ်ရှားတောင်းဆိုလာပါတယ်။ လူထုဆန္ဒခံယူပွဲ ဥပဒေကြမ်းကို စကော့တလန်ပါလီမန်မှ ၂၀၁၃ မတ်လ ၂၁ ရက်မှာ တင်သွင်းပြီး နိုဝင်ဘာလ ၁၄ ရက်မှာ အတည်ပြုကာ ဘုရင်မကြီးက ဒီဇင်ဘာလ ၁၇ ရက်မှာ သဘောတူခဲ့ပါတယ်။

အဲဒီအချိန်ကစပြီး ခွဲထွက်လိုသူတွေကလည်း ခွဲထွက်လိုက်ရင် လွတ်လပ်တဲ့နိုင်ငံအဖြစ် ကောင်းကျိုးတွေရှိမယ့်အကြောင်း ပြောဆိုစည်းရုံးခဲ့ကြတယ်။ စကော့တလန်ရဲ့ ဂျီဒီပီဟာ ဗြိတိန်ရဲ့ စကော့တလန်အတွက် ကုန်ကျစရိတ်ထက်များလို့ ခွဲထွက်ရင် စကော့တလန်အတွက် ပိုမိုအကျိုး



ဗြိတိန်မှ ခွဲထွက်လိုခြင်းမရှိကြောင်း ဆန္ဒပြုကြသည့် စကော့တလန်ပြည်သူများ အောင်ပွဲခံစဉ်။
(ဓာတ်ပုံ- စီအင်န်အင်န်)

ရှိမယ်၊ စကော့တလန်သားတို့အတွက် ပိုမိုဆောင်ရွက်ပေးနိုင်မယ်လို့ စကော့တလန်အစိုးရဘက်က ဆွဲဆောင်သလို ဗြိတိန်အစိုးရကလည်း ပေါင်းစည်းနေထိုင်ခြင်းဖြင့် အကျိုးများမယ်ဆိုပြီး စည်းရုံးခဲ့ပါတယ်။

ဒီနေရာမှ ဗြိတိန်အစိုးရက စကော့တလန်ကို ခွဲမထွက်စေချင်ပါဘူး။ ဒါကြောင့် သီးခြားခွဲထွက်ရင် ဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေကို စကော့တလန်ပြည်သူတွေနားလည်အောင်ရှင်းပြပါတယ်။ပထမဆုံးအချက်ကတော့ ခွဲထွက်သွားရင် ပေါင်စတာလင်ငွေကြေးကို ဆက်မသုံးတော့တဲ့အတွက် ပေါင်စတာလင်ရဲ့ စီးပွားရေးနယ်မှာ အခြေတကျဖြစ်နေတဲ့ စကော့အမျိုးသားဘဏ်ကြီးတွေရဲ့ လုပ်ငန်းတွေမှာတော့ အခက်အခဲတွေအများကြီး ကြုံနိုင်တယ်ဆိုတာပါပဲ။ လက်တွေ့မှာလည်း လူထုဆန္ဒခံယူပွဲရက်နီးလာချိန်မှာ လွတ်လပ်ရေးလိုလားသူဘက်က အသာရနိုင်ခြေတွေဖြစ်လာတော့ ငွေတွေထုတ်ယူကြ၊ လွှဲပြောင်းကြလုပ်လာကြတာတွေလည်း ဖြစ်လာပါတယ်။

နောက်တစ်ခုကတော့ ဥရောပသမဂ္ဂ အီးယူအဖွဲ့ဝင်ပြန်လျှောက်ရမယ်ဆိုတဲ့ အချက်ပါ။ ဒါကို အီးယူဘက်ကလည်း ဒီအတိုင်းပဲရပ်တည်ပါတယ်။ အီးယူထဲမှာလည်း အဖွဲ့ဝင်နိုင်ငံတွေရဲ့ ခွဲထွက်ချင်တဲ့ ဒေသတွေရှိနေတော့ ဒီပြဿနာကို ဖြေရှင်းရလည်းရောက်အောင် အဖွဲ့ဝင်နိုင်ငံကနေ ခွဲထွက်သွားရင် သီးခြားပြန်လျှောက်ရမယ်၊ အချိန်ယူခက်ခဲလိမ့်မယ်လို့ ဥရောပကော်မရှင်ဥက္ကဋ္ဌက ပြောလိုက်တာပါ။ တကယ်တော့ စကော့တလန်က ဗြိတိန်နဲ့အတူ ၁၉၇၃ ကတည်းက အီးယူအဖွဲ့ဝင်ဖြစ်ပြီးသားကို ပြန်လျှောက်ရမယ်ဆိုရင် လက်ရှိအဖွဲ့ဝင် ၂၈ နိုင်ငံက သဘောတူညီချက်ရဖို့ အချိန်ယူဆောင်ရွက်ရတော့မယ်၊ အီးယူဆိုတဲ့အဖွဲ့အစည်းဟာ ကမ္ဘာပေါ်မှာ အအောင်မြင်ဆုံးဒေသဆိုင်ရာအဖွဲ့အစည်းဖြစ်လို့ ကုန်သွယ်ရေးမှာဆိုရင် အီးယူဒေသထွက်ကုန်ဆိုတာနဲ့ လုပ်နည်းလုပ်ဟန်အဆင့်ဆင့်က အသားတကျလွယ်ကူနေပြီးသား။ အီးယူအဖွဲ့ဝင် မဟုတ်တော့တဲ့အခါ အဲဒါတွေအကုန်ပြန်လုပ်ရဦးမယ်ဆိုရင် စီးပွားရေးသမားတွေအတွက် အခက်အခဲက နည်းနည်းနောနောမဟုတ်တော့ဘူး။

ပြီးတော့ ဗြိတိန်ဆိုတာ ကမ္ဘာ့စီးပွားရေးထိပ်တန်းနိုင်ငံ၊ ဂျီ-၇၊ ဂျီ-၈ တို့မှာ အဖွဲ့ဝင်၊ ဂျီ-၂၀ မှာလည်းပါတယ်၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီရဲ့ အမြဲတမ်းအဖွဲ့ဝင်၊ ဗီတိုအာဏာပိုင်တဲ့နိုင်ငံ၊ စကော့တလန် သီးခြားဖြစ်သွားရင် ဒါတွေက ပါလာမှာမဟုတ်တော့ဘူး။ လက်ရှိဗြိတိန်ရဲ့ နိုင်ငံတကာဆက်ဆံရေးမှာ နေရာယူထားမှုတွေကို စကော့တလန်က အချိန်တိုအတွင်း နေရာယူနိုင်မှာလား။ နိုင်ငံခြားဆက်ဆံရေးကို ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိပေမယ့် ကမ္ဘာ့အနှံ့သံရုံးတွေဖွင့်မှာလား၊ ဖွင့်ရင်ကုန်ကျစရိတ်က ပိုလာတဲ့အခါ အရင်တွက်ထားတဲ့အတိုင်း ရငွေ/ သုံးငွေစာရင်းရှင်းလိုက်တဲ့အခါ အမြတ်ကျန်ဦးမလား၊ ကာကွယ်ရေးကိုလည်း ကိုယ့်ဘာသာတာဝန်ယူရတော့မယ်ဆိုရင် ကုန်ကျစရိတ်ပိုကုန်လာဦးမယ်။ ဒါတွေကို နက်နက်နဲနဲစဉ်းစားလိုက်တဲ့အခါ စကော့တလန် အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်သည့်တိုင် လွတ်လပ်ရေးဆိုတာတောင်းဆိုဖို့တော့ နှစ်ခါသုံးခါမက အကြိမ်ကြိမ်စဉ်းစားရတော့မှာပါ။

တစ်ဖက်မှာလည်း မိမိနိုင်ငံရဲ့ အဓိကပါတီကြီး သုံးခုစလုံးက စကော့တလန်အရေးမှာ ညီညီညွတ်ညွတ်နဲ့ မတ်လလောက်ကတည်းက ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ၂၀၁၅ အလွန်မှာ ဘယ်ပါတီအာဏာရရ စကော့တလန်အတွက် အခုရပ်တည်ထားတဲ့အတိုင်းပဲ ဆောင်ရွက်မယ်ဆိုတာကို သဘောတူညီခဲ့ကြပါတယ်။ ဒါဟာလည်း ပါတီစုံဒီမိုကရေစီစနစ်မှာ ပါတီအကျိုးထက် နိုင်ငံနဲ့ အမျိုးသားအကျိုးစီးပွားကို ကြည့်တယ်၊ နိုင်ငံအတွက်ဆိုရင် ပူးပေါင်းဆောင်ရွက်နိုင်ကြတယ်ဆိုတဲ့ မြင့်မြတ်တဲ့ သဘောထားပြသတာပဲဖြစ်ပါတယ်။ ဒီပွဲမှာ အာဏာရကွန်ဆာဗေးတစ်နဲ့ အတိုက်အခံလေဘာပါတီတို့ပူးပေါင်းဆောင်ရွက်နိုင်တာလည်း တကယ်ချီးကျူးဖို့ ကောင်းပါတယ်။ လေဘာပါတီခေါင်းဆောင်ဟောင်း ဂေါ်ဒွန်ဘရောင်းဟာ ၂၀၀၇-၂၀၁၀ က ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်ဖူးတဲ့ စကော့တလန်နယ်သားဖြစ်ပါတယ်။ သူဟာ နိုင်ငံရေးလှုပ်ရှားမှုမလုပ်တော့ပေမယ့် အခုစကော့တလန်လူထုဆန္ဒခံယူပွဲမှာ တက်တက်ကြွကြွလာရောက်ပြီး ခွဲမထွက်ရေးဘက်က ဟောပြောခဲ့ပါတယ်။ အဲလက်စ်ဆာလမွန်ရဲ့ လိုအပ်ချက်တွေ၊ သူ့လမ်းစဉ်အတိုင်းသွားရင် စကော့တလန်အခက်တွေ့နိုင်တာတွေ သေချာရှင်းပြခဲ့ပါတယ်။ စကော့တလန်လူထုဆန္ဒခံယူပွဲမှာ ပြည်ထောင်စုမှာဆက်နေဖို့ အောင်မြင်ခဲ့တာဟာ ဂေါ်ဒွန်ဘရောင်းရဲ့ စွမ်းဆောင်ချက်တွေ အများကြီးပါတယ်ဆိုတာတွေ့ကြရပါတယ်။ အဲဒီသူဟာ လက်ရှိအာဏာရပါတီရဲ့ အတိုက်အခံဖြစ်နေတဲ့ လေဘာပါတီက ဝန်ကြီးချုပ်ဟောင်းပါ။ ကျွန်မဒီမိုကရေစီစနစ်ကို ကြိုက်တာ ဒီအချက်တွေပါပဲ။ ဘယ်သူပဲဖြစ်ပါစေ နိုင်ငံအတွက်အကျိုးရှိရင် လက်တွဲလုပ်နေတယ်။လူတစ်ယောက်ဟာ ဘယ်ပါတီကမို့လို့၊ ဘယ်အစိုးရအဖွဲ့မှာပါခဲ့လို့ နောက်အစိုးရကျရင် တိမ်မြုပ်ပျောက်ကွယ်သွားရမယ်၊ သူကောင်းခဲ့တာတွေတောင် ထုတ်ဖော်ပြောကြားခွင့်မရဘူးဆိုတာမျိုးဟာ ဒီမိုကရေစီစနစ်မှာ မရှိသင့်ပါဘူး။ အခုဆို ဝန်ကြီးချုပ်ဟောင်းဆိုပေမယ့် သူရဲ့စွမ်းဆောင်ချက်ဟာ နိုင်ငံအတွက်အကျိုးရှိတယ်ဆိုရင် ပူးပေါင်းဆောင်ရွက်ဖို့ ဝန်မလေးတဲ့အနေအထား၊ သူ့ကို မေတ္တာရပ်ခံပါဝင်စေတဲ့အနေအထား၊ သူပါဝင်လှုပ်ရှားပေးတာကို ကြိုဆိုတဲ့ အနေအထားတွေဟာ ကောင်းမွန်တဲ့အချက်တွေပါပဲ။

နောက်တစ်ခုက ဗြိတိန်ရဲ့ လက်ရှိဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းပါ။ သူရဲ့ ကွန်ဆာဗေးတစ်ပါတီဟာ စကော့တလန်မှာ သိပ်ရေပန်းမစားဘူး။ ကိုယ်သွားစည်းရုံးရင် ကိုယ်ရဲ့ဆန့်ကျင်ဘက်ပိုဖြစ်သွားနိုင်တယ်ဆိုတာ သိလျက်နဲ့တောင်သွားခဲ့၊ မဲဆွယ်ခဲ့ပါတယ်။ မဲဆွယ်တဲ့အခါမှာလည်း ပြောတဲ့စကားက သူ့ပါတီကို မကြိုက်ရင်လာမယ့် ရွေးကောက်ပွဲမှာ မဲမပေးပါနဲ့၊ သူ့ပါတီမဲမရတဲ့အခါ သူဆင်းပေးရမှာပါ။ ဒါပေမယ့် စကော့တလန် လွတ်လပ်ရေးယူမလား၊ ပြည်ထောင်စုမှာ အတူတကွနေမလားဆိုတာတော့ ဒီတစ်ခါတည်းစဉ်းစားရတော့မှာပါ၊ လွတ်လပ်ရေးယူမယ် ဆုံးဖြတ်ပြီးရင် နောက်ကြောင်းပြန်လှည့်လို့မရတော့ဘူး၊ ပြန်ပြင်လို့မရတော့ဘူး၊ ဒါကြောင့် သေချာစဉ်းစားကြပါလို့ပြောခဲ့ပါတယ်။ ပြောသင့်ပြောထိုက်တာကို ပြောနိုင်တဲ့အတိုင်းအတာထဲကနေ ပြောဖြစ်အောင်ပြောခဲ့တာချီးကျူးစရာပါပဲ။

နိုင်ငံတစ်ခု တည်ဆောက်ဖို့ဆိုတာ ခေါင်းဆောင်ကောင်းရှိဖို့လိုသလို နောက်လိုက်ကောင်းတွေလည်း လိုပါတယ်။ နိုင်ငံရေးသမားစစ်ရင် ကိုယ့်နိုင်ငံကောင်းကျိုးကို ကိုယ့်ကောင်းကျိုး၊ ကိုယ့်ပါတီကောင်းကျိုးတွေရဲ့ရှေ့မှာ ထားရပါတယ်။ ကျဉ်းမြောင်းတဲ့အမျိုးသားရေးစိတ်ဆိုတာထက် ပိုမိုကျယ်ပြန့်တဲ့ မျိုးချစ်စိတ်လိုအပ်ပါတယ်။ ဂေါ်ဒွန်ဘရောင်းဟာ စကော့အမျိုးသားပေမယ့် အဲလက်စ်ဆာလမွန်လို အမျိုးသားရေး စိတ်ဓာတ်ပြင်းထန်သူမဟုတ်ဘဲ မျိုးချစ်စိတ်ရှိသူတစ်ဦးဖြစ်ပါတယ်။ စာနယ်ဇင်းတစ်စောင်က သူ့လိုလူဟာ စကော့တလန်ခွဲထွက်ဖြစ်ခဲ့ရင်လည်း နေသဟာယနိုင်ငံသားဖြစ်မယ်ဆိုရင် သူဟာ ဗြိတိန်ဘုရင်မကြီးခန့်အပ်တဲ့ စကော့တလန်ဂါဗာနာဖြစ်သင့်သူပါလို့ ထောက်ခံထားပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်အတွက်အေးချမ်းစွာ ဆန္ဒဖော်ထုတ်လှုပ်ရှားနိုင်တဲ့ လူအများရဲ့ဆန္ဒကို နှစ်ဖက်လေးစားကြတဲ့ ပွဲလေးတစ်ပွဲ အလွန်ကြည့်ကောင်းတဲ့အကြောင်း ကိုယ်ခံစားရသမျှ မျှဝေလိုက်ပါတယ်။ ။

နိုင်ငံတစ်ခု တည်ဆောက်ဖို့ဆိုတာ ခေါင်းဆောင်ကောင်းရှိဖို့ လိုသလို နောက်လိုက်ကောင်းတွေလည်း လိုပါတယ်။ နိုင်ငံရေးသမားစစ်ရင် ကိုယ့်နိုင်ငံကောင်းကျိုးကို ကိုယ့်ကောင်းကျိုး၊ ကိုယ့်ပါတီကောင်းကျိုး တွေရဲ့ရှေ့မှာ ထားရပါတယ်။ ကျဉ်းမြောင်းတဲ့ အမျိုးသားရေးစိတ်ဆိုတာထက် ပိုမိုကျယ်ပြန့်တဲ့ မျိုးချစ်စိတ်လိုအပ်ပါတယ်။

ပြည်တွင်းရေးရာ

# နံ့ရံကပ်စာပေရေချမ်းစင်များ၌ စာအုပ်အသစ်များထပ်မံဖြည့်ဆည်း

**ညောင်တုန်း အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ ချိတ်ဆွဲထားရှိသော နံ့ရံကပ်စာပေရေချမ်းစင်များကို လူစည်ကားရာနေရာများ၊ အများပြည်သူအလွယ်တကူဖတ်ရှုနိုင်သော နေရာများတွင် စာပေဗဟုသုတရှာမှီးနိုင်ရေး၊ အသိပညာ၊ အတတ်ပညာများ တိုးပွားနိုင်ရေး၊ စာပေဖတ်ရှုလိုသော အလေ့အကျင့်ကောင်းများရရှိရေးနှင့် စာပေဖတ်ရှုလေ့လာခြင်းအားဖြင့် စာပေမှရရှိလာသော အကျိုးကျေးဇူးများခံစားရရှိရေးတို့အတွက် မြို့နယ်အတွင်း၌ နံ့ရံကပ်စာပေရေချမ်းစင် ၁၅ ခု ချိတ်ဆွဲပေးထားပြီးဖြစ်သည်။

အဆိုပါ စာပေရေချမ်းစင်များ၌ စာအုပ်များကို လစဉ် လဆန်း ၁ ရက်နေ့တိုင်း ထပ်မံဖြည့်ဆည်းပေးလျက်ရှိရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက စာအုပ်အသစ်များ ထပ်မံဖြည့်ဆည်းခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**



# ဘုရားသုံးဆူမြို့ ဥဒေါင်းကန်ပတ်လည်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဘုရားသုံးဆူ အောက်တိုဘာ ၄**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ဘုရားသုံးဆူမြို့၏ မြို့ကျက်သရေဆောင် ဥဒေါင်းကန်သန့်ရှင်းသာယာလှပရေးအတွက် ကန်ပတ်လည်ရှိ မြက်ပင်များ၊ ကိုင်းပင်များအား ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေကန်အတွင်း အမှိုက်နှင့် ဒိုက်များဆယ်ယူခြင်းကို အောက်တိုဘာ ၃ ရက် နံနက် ၇ နာရီက အဆိုပါကန်တွင် စုပေါင်းဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် နယ်မြေခံ တပ်ရင်းများမှ တပ်ရင်းမှူးများ၊ တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ မွန်ပြည်သစ်ပါတီ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တိုင်းရင်းသားပြည်သူ စုစုပေါင်း ၁၇၁ ဦးတို့ပူးပေါင်း၍ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(သုံးဆူ-မြန်/ဆက်)**

❖ **အင်းလေးမှ**

အမျိုးသမီး ၂၆ တက်လှေပြိုင်ပွဲတွင် ပထမဆုရ အိုင်ထောင်ကြီးအသင်း၊ ဒုတိယဆုရ မိုင်းသောက်အသင်းနှင့် တစ်ဦးချင်းယှဉ်ပြိုင်လှော်ခတ်သူများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်များသည် ညောင်ရွှေမြို့ အဌဒိသာခမ္မဝိဟာရ ဒေသစာရီ ကျောင်းတော်တွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂ ရက်အထိ အပူဇော်ခံခဲ့ကြောင်းသိရသည်။

**(နေမျိုးသူရိန်)**



❍ **(၁၄)ကြိမ်မြောက်မှ**

အလှမယ်လေးများနှင့်အတူ ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲကို ကြည့်ရှုအားပေးသူများဖြင့် အထူးစည်ကားခဲ့သည်။ ပွဲတော်ကာလအတွင်း စီးပွားရေးပြခန်းများ၊ ဆွေးနွေးပွဲများ၊ ပဒေသာကပွဲများ၊ လေ့လာရေးခရီးစဉ်များ စီစဉ်ထားပြီး အောက်တိုဘာ ၄ ရက် ညနေပိုင်းတွင် လှည်းယဉ်အလှပြိုင်ပွဲ ဆုပေးပွဲကျင်းပရာ မြန်မာနိုင်ငံဘက်မှ ဗိုသနိုးသူလှည်းယဉ်က ပထမဆုရခဲ့ကြောင်း သိရသည်။


"ဒီပွဲတော်ကတော့ စည်ကားပါတယ်၊ ပွဲတော်ရက်အတွင်း ယူနန်ပြည်နယ်ဘက်က ဧည့်သည်တွေ ရွှေလီ၊ ကျယ်ဂေါင်အပြင် မြန်မာနိုင်ငံ မူဆယ်၊ နမ့်ခမ်းမြို့တွေဘက်ကို အလည်အပတ်လာတာများပါတယ်။ ဒီရက်ပိုင်းအတွင်း အရောင်းအဝယ်တွေ ဈေးလျှော့ပြီးရောင်းရတာလည်း တွေ့ရတယ်။ သူတို့ဘက်ကိုလည်း ဒီဘက်က ဧည့်သည်တွေ လေ့လာကြ၊ ဈေးဝယ်ကြတာတွေများပါတယ်"ဟု ဒေသခံတစ်ဦးက ပြောကြားသည်။


**သိန်းဇော်(ရွှေလီဦး)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၅-၁၀-၂၀၁၄ (တနင်္ဂနွေနေ့)

၅း၀၀ MRTV- 4 အဖွင့် Logo
၅း၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၈း၀၀ Kid's Show
၈း၂၀ ကလေးတို့ကမ္ဘာ
၈း၄၀ Cartoon Series (Curious Kemi)
၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နူးညံ့သောပျော်ရွှင်မှု" (အပိုင်း-၉၀)
၉း၄၀ သုံးရာသီ Myanmar Music Award
မိုးရာသီ Myanmar Top Songs
၁၀း၀၀ ခေတ်သစ်ပျိုမေ
၁၀း၄၅ ရန်ကုန်မြင်ကွင်းကျယ်
၁၀း၅၅ Star တို့ရဲ့လက်ရာ
၁၂း၄၀ ဓမ္မဒူတဆရာတော်ဒေါက်တာ အရှင်ဆေကိန္ဒ၏ "စကားအတတ် ပညာသင်တန်း"
၁း၀၀ "လူမခိုးနိုင်တဲ့ရတနာရွှေအိုး" တရားတော် (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၄း၄၅ ဓလေ့ရိုးရာမမေ့သာ
၁၂း၀၀ အံ့ဖွယ်ထူးခြားရန်ကုန်မြို့မှ တန်ခိုးကြီးဘုရားများ
၁၂း၁၀ "လူမခိုးနိုင်တဲ့ ရတနာရွှေအိုး" တရားတော် (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၁း၃၀ Spain Laliga Real Madrid Vs Athletic Club (LIVE)
၃း၃၀ Sunday Talk (ဦးတင်ချို၊ မျိုးမြတ်သူ)







## ယာဉ်မောင်းအလိုရှိသည်

ရန်ကုန်မြို့တွင်း ၁၀ပေ ကင်တာကားမောင်းရန် ယာဉ်မောင်း တစ်ဦး အလိုရှိသည်။

**Ph-09-450011253,09-73071691**








## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်မြို့၊ တောင်ကင်းရပ်ကွက်၊ အမှတ်(၁၇/၁၅)နေ ဦးဝင်းထူး[၉/မခန(နိုင်) ၁၃၇၄၇၇] - ဒေါ်ချိုချိုအေး[၉/စကတ (နိုင်) ၀၃၂၂၅၅]တို့၏ သမီး မအေးချမ်းမေ [၉/စကတ(နိုင်)၁၀၃၆၀၄]သည် မိဘများ၏ ဆိုဆုံးမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးဝင်းထူး-ဒေါ်ချိုချိုအေး



# အကယ်ဒမီ ဝေဠုကျော်

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

ဧရာဝတီမြစ်မကြီးမှ ခွဲထွက်စီးဖြာကျလာသော ပန်းလှိုင်မြစ်ကမ်း၏နံဘေးမှာ တည်ရှိသည့် ညောင်တုန်းမြို့လေးဟာ နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများနှင့် နှိုင်းစာကြည့်လျှင် သေးငယ်ပေမယ့် တိုင်းသိပြည်သိ ထင်ပေါ်ကျော်ကြားသော စာပေ၊ ဂီတ၊ ရုပ်ရှင်၊ အနုပညာရှင်များ ပေါ်ထွက်ခဲ့သည့် ဂုဏ်သတင်းတွေက အင်မတန်ကြီးမားလှသည်။

"သီတာသောင်ခြေဦး၊ ဓမ္မဝိလာသ"ဝတ္ထုရှည်ကြီးများဖြင့် အမျိုးသားစာပေဆုရ စာရေးဆရာ လင်းယုန်သစ်လွင်၊ ရောင်နီ၊ တက္ကသိုလ်ဟန်ဝင်းအောင်၊ တက္ကသိုလ်ညိုလွင်မောင်(ဝေဠုကျော်၏ဖခင်)၊ တက္ကသိုလ်ညိုညိုသိမ်း(ဝေဠုကျော် ၏မိခင်)၊ ကဗျာဆရာ ကဝိန္ဒယ်၊ စာရေးဆရာ သတင်းစာဆရာ ဖိုးသောကြာ၊ စန္ဒရား ဦးအောင်ကို၊ "ဗိုလ်အောင်ဒင်"ဖန်တီးရှင် စာရေးဆရာ ဒါရိုက်တာအကယ်ဒမီရွှေဒုံးဘီအောင်၊ ဇာတ်ညွှန်း ရွှေဒုံးထွန်းလွင်၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ထွန်းထွန်းနိုင်၊ အကယ်ဒမီ မေသဥ္ဇာဦး၊ ဒါရိုက်တာ အကယ်ဒမီ ညီညီထွန်းလွင်၊ အကယ်ဒမီ ရှုမဝ စမ်းစမ်းအေး၊ အကယ်ဒမီ ဝေဠုကျော်၊ ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ညွှန်း မဏိထို၊ ဆုသြချယ်၊ စာရေးဆရာမ ဂျူလိုင်မိုး(အိုအေစစ်)၊ ဟာသသရုပ်ဆောင် ဧရာ၊ တေးသံရှင် ဇေယျာပွင့်(ရွှေပုစွန်)၊ တေးသံရှင် ညောင်တုန်းစောထွန်းနိုင်၊ ညောင်တုန်းဌေးဝင်း၊ တေးရေးမင်းထက်သာ၊ ထွန်းဖောင်ဒေးရှင်း ပန်းချီပထမရွှေတံဆိပ်ဆုရ ပန်းချီဝင်းမြင့်မိုးစသည်တို့သည် ညောင်တုန်းမြို့က ပေါ်ထွက်ခဲ့သော ထူးချွန်သည့် အနုပညာရှင်များ ဖြစ်ကြသည်။

Studio 35 မှထုတ်လုပ်ပြီး ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ အကယ်ဒမီ ခင်မောင်ဦးနှင့် စိုးသိမ်းထွဋ်တို့ရိုက်ကူးသည့် "ပင်လယ်ထက်ကနေဝန်းနီ"ရုပ်ရှင်ဇာတ်ကားကြီးတွင် တူမလေးအပေါ် မေတ္တာတရားကြီးမားလှသည့် ဦးကြီးတော်ဖြစ်သူ 'ဆလုံ'ကျွန်းသားကြီးထွဋ်ခေါင်လုအဖြစ် ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့သည့်အတွက် ၂၀၁၀ ခုနှစ်တွင် အကယ်ဒမီရရှိခဲ့သည့် ဝေဠုကျော်သည် ၁၉၉၇ ခုနှစ်ခန့်က ကလေးသရုပ်ဆောင်အဖြစ် "အစိမ်းရောင်တောင်ကြားနှင့်" "နှလုံးသားဖြင့်ရင်းရပါသည်"ရုပ်ရှင်ဇာတ်ကားကြီးများတွင် ပါဝင်သရုပ်ဆောင်ရင်း ရုပ်ရှင်လောကကို ရောက်ရှိခဲ့သူ။

ခေါင်းဆောင်မင်းသားအဖြစ် ၁၉၉၉ ခုနှစ်က "မကြာမီမျှော်"ဗီဒီယိုဇာတ်ကားကို ရိုက်ကူးခဲ့သည်။ ယနေ့အထိ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများစွာ သရုပ်ဆောင်



ခဲ့ပြီးဖြစ်ရာ ယခုလက်ရှိ "ဝေဠုကျော်"စုံထောက်အသွင် သရုပ်ဆောင်ထားသော ဘကောင်းဇာတ်လမ်းများမှာ ပရိသတ်ကြား ရေပန်းစားလျက်ရှိသည်။

မိဘများက စာရေးဆရာ၊ "ပန်းလှိုင်စာပေ"တိုက်ကို တည်ထောင်ခဲ့ကြသူတွေ။ "စံပယ်ဦး"စာပေတိုက်မှ ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာ အကယ်ဒမီ သီဟတင်စိုး ပေါ်ပေါက်ခဲ့သလို ဝေဠုကျော်မှာလည်း စာပေအသိုင်းအဝိုင်းမှ ထွန်းတောက်လာခဲ့သည့် ရုပ်ရှင်ကြယ်တစ်ပွင့်။ အနုပညာမြို့တော်မှာ စာပေရပ်ကွက်နှင့် ရုပ်ရှင်ရပ်ကွက်သည် မစိမ်း၊ ကူးလူးဆက်နွယ်နေသည်။ သို့ဖြစ်၍ ဝေဠုကျော်သည် ရေခံ၊ မြေခံကောင်းသူ၊ မွေးချင်းသုံးဦးရှိသည့်အနက် အကြီးဆုံး၊ ညီမအလတ်က ဇာတ်ညွှန်းမဏိထို၊ "မဏိရွှေစင်"ဗီဒီယိုထုတ်လုပ်ရေးကို တည်ထောင်ထားပြီး ရုပ်ရှင်လောကကို နောက်ဆုံးထွက်သက်အထိ ဖြတ်သန်းမည်ဟု သန္နိဋ္ဌာန်ပြုထားသူ၊ ရုပ်ရှင်ချစ်သူတွေအပေါ်၊ မိဘအပေါ် တာဝန်ကျေခဲ့သလို Family Life အိမ်ထောင်သည်ဘဝကိုလည်း တာဝန်ကျေချင်ပြန်သည်ဟု တဖွဖွပြောနေပြန်သည်။ လူပျိုကြီးဘဝမှ အိမ်ထောင်သည်ဘဝသို့ ကူးပြောင်းရန် တာစူနေဆဲ။

အားလပ်သည့်နေ့ရက်များတွင် ရေကူး၊ ကျွမ်းဘားနှင့် Body Beauty ကစားလေ့ရှိသည်။ အင်ဒိုနီးရှားနိုင်ငံမှ စတင်တာထွက်ပြီး အိန္ဒိယတွင် ပန်းဝင်သော (၁၁)နိုင်ငံ ချစ်ကြည်ရေးကားမောင်းပြိုင်ပွဲတွင် အားကစားလှုပ်ရှားမှုအဖြစ် အကယ်ဒမီ မေသဥ္ဇာဦး၊ ဒါရိုက်တာ ကိုပေါက်တို့နှင့်အတူ ခရီးအစမှအဆုံးတိုင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပရဟိတအများအကျိုးဆောင်ရသည့် လူမှုရေးလုပ်ငန်းများကိုလည်း မေ့မထား၊ နာဂစ်မုန်တိုင်းကာလက နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့် တွဲဖက်၍ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လပွတ္တာ၊ မြောင်းမြနယ်တစ်ဝိုက် နေ့မအား၊ ညမနား ကိုယ်တိုင်ကိုယ်ကျ စွမ်းစွမ်းတမံ အကျိုးဆောင်ခဲ့ပြန်သည်။

"သွေးမေတ္တာ"ပရဟိတအသင်းမှာ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည်။ အရေးပေါ် သွေးလိုအပ်သည့် ဝေဒနာရှင်များအတွက် သွေးလှူရှင်များ ရှာဖွေပေးလျက်ရှိသည်။ "သွေးမေတ္တာ"အသင်းအနေဖြင့် သွေးများကို ကြိုတင်စုဆောင်းထားလေ့မရှိပါ။ 'B 'သုံးလုံးဖြစ်သော (Body Blood Bank)လူ၏ ခန္ဓာကိုယ်အတွင်း သိုလှောင်ထားသည့် သွေးများကို လူနာထံသို့ တိုက်ရိုက်လှူဒါန်းခြင်းစနစ်ဖြင့် ကုသိုလ်ဒါနပြုလျက်ရှိသည်။ မွန်မြတ်လှပေစွ။

စျေးကွက်အရ ဒီကနေ့စျေးကွက်မှာ Fancy နှင့် ဟာသကားများသာ အလုအယက် ဦးစားပေးရိုက်ကူးနေသည့်ကြားက အကျိုးအမြတ်ကို ပဓာနမထား၊ အသွားအလာခက်ခဲပြီး ငွေကြေးအကုန်အကျများကာ ရင်းသလောက်ပြန်ရဖို့ မလွယ်ကူသည့် အင်မတန်စွန့်စားထုတ်လုပ်ရသည့် "ပင်လယ်ထက်ကနေဝန်းနီ"လို ဘဝသရုပ်ဖော်ဇာတ်ကားမျိုးကို စေတနာရှေ့ထားရိုက်ကူးရဲသော Studio 35 ကို အင်မတန်လေးစားမိသည်။


ဒီဇာတ်ကားမှာ မဲပြာပုဆိုးမျိုးမဟုတ်ဘဲ တိုင်းရင်းသားလူမျိုးစုတွေထဲမှ လူသိနည်းသော ဆလုံတိုင်းရင်းသားတွေ၏ ဘဝ၊ ဓလေ့စရိုက်တွေကို စေ့စေ့စပ်စပ်လေ့လာရိုက်ကူးခဲ့သလို ၅၂၈ မေတ္တာကို အခြေခံကာ ဘကြီးတော် ဆလုံကျွန်းသားကြီး ထွဋ်ခေါင်လုအဖြစ် မိဘနှင့်မခြားတူမလေးအပေါ် မေတ္တာတရားကြီးမားပုံ၊ တရားမရနိုင်ကြသေးသည့်အတွက် သံယောဇဉ်အပူမီးတွေကြောင့် သောကဝေဒနာ ခံစားရမှုတွေ၊ ပေါက်ကွဲမှုတွေ၊ သံဝေဂရမှုတွေကို အပြင်မှာ တကယ်ဖြစ်နေသလားထင်ရလောက်အောင်၊ သရုပ်ဆောင်နေသည်ဆိုသော အမြင်တွေကို ပျောက်သွားအောင် ထိထိမိမိသရုပ်ဆောင်နိုင်ခဲ့သည့်အတွက် ဝေဠုကျော်သည် အကယ်ဒမီရွှေစင်ရုပ်တုကြီးကို ထိုက်ထိုက်တန်တန် ရရှိခဲ့ခြင်းပါ။

ယခုအခါ မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးတွင် စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိရာ တပ်ခွဲမှူး တာဝန်ကို စွမ်းစွမ်းတမံ ကျေပွန်စွာ ထမ်းဆောင်နေဆဲ။


ညီလေးဝေဠုကျော်တစ်ယောက် အနုပညာလောကထဲ နာမည်ကောင်းတစ်ခုဖြင့် ရပ်တည်နိုင်ရေးအတွက် စာရေးသူ စိတ်ကူးပုံဖော်ခဲ့သည့်ကဗျာလေးမှာ-

## ကောင်းသမိုင်းတွင်သူဖြစ်ပါစေ

❖ ပြည်သူအတွက်
တင်ဆက်ခဲ့ မြန်မာ့ရုပ်ရှင်
❖ သဏ္ဌာန်လုပ်သရုပ်ပီပြင်
အဟုတ်လေထင်အောင်ဖမ်းစား
နှလုံးသားကိုတို့ခတ်
'ဟတ်'ထိမှ၊ မှတ်မိကြခါခါ
အလင်္ကာရသ၊ ဂုဏ်မြောက်မှသင့်တော်
အဖြေတစ်ခုပေါ်ပြီ၊ "ဝေဠုကျော်"ဆိုတာ
ညောင်တုန်းသား
❖ အဟုတ်မကြွား၊ လုပ်အားဖြင့်သက်သေပြ
ရခဲ့လှသည့် "အကယ်ဒမီ"၊ စိန်စီသောည
ရွှေပေးလို့မရ၊ ငွေပေးလို့မရ
အဖိုးအနဂ္ဃထိုက်တန်
မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာဆန်တဲ့ရုပ်ရှင်
ခွန်အားရှိသမျှ မြှင့်တင်
တီထွင်စံတု၊ အကျိုးပြုဖြစ်စေ
ပြည်သူတွေအတွက်၊ ပေးဆပ်ခဲ့လေတိုင်း
ကောင်းရာနှိုင်း၍၊ ကောင်းသမိုင်းတွင်သူ
ဖြစ်ပါစေ။ ။














## ငှားရန်ရှိပါသည်
လုံးချင်း RC တစ်ထပ်တိုက်သစ်
စီလမ်းဆုံအနီး၊ ဒက္ခိဏသီရိမြို့၊
နေပြည်တော်
ဖုန်း-၀၉-၅၀၁၈၃၉၀၊ ၀၉-၄၂၀၀၅၆၆၈၈








## မြို့တော်ဆေးရုံ မန္တလေးတွင် တာဝန်ထမ်းဆောင်ရန် ဖော်ပြပါဝန်ထမ်းများ အလိုရှိပါသည်။

| | |
|---|---|
| ၁။ သူနာပြုဆရာမ | (၁၀) ဦး |
| ၂။ သားဖွားဆရာမ | (၅) ဦး |
| ၃။ B.Med.Tech(Medical Technologist) | မ(၂) ဦး |
| ၄။ B.Med.Tech(Medical Imaging) | မ(၂) ဦး |
| ၅။ B.Pharm | မ(၂) ဦး |
| ၆။ Receptionist (OPD Secretary) | မ(၁၀) ဦး |
| ၇။ အထွေထွေလုပ်သား | ကျား(၅) ဦး |
| ၈။ သန့်ရှင်းရေး | မ(၅) ဦး |
| ၉။ ဓာတ်ခွဲခန်းအကူ (မ)(blood collection) | (၂) ဦး |
| ၁၀။ Computer Cashier | မ(၂) ဦး |

အမှတ်စဉ်(၆)အတွက် လျှောက်ထားလိုသူများသည် ဘွဲ့ရ၊ ရုပ်ရည်ချောမောပြေပြစ်သူ၊ အသက်(၁၈)မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။ အမှတ်စဉ်(၉)လျှောက်ထားလိုသူများအနေဖြင့် သွေးဖောက်ကျွမ်းကျင်ရမည်။

ဝန်ထမ်းလျှောက်လွှာများကို သိပ္ပံလမ်း၊ ၆၅ နှင့် ၆၆ ကြား၊ မြို့တော်ဆေးရုံ၊ စီမံဌာနသို့ ပေးပို့နိုင်ပါသည်။

လျှောက်လွှာပိတ်ရက်မှာ ၇-၁၀-၂၀၁၄ ရက် ညနေ ၅ နာရီဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်းကို ၁၀-၁၀-၂၀၁၄ ရက် နံနက် ၉ နာရီတွင် ပြုလုပ်ပါမည်။ ဆက်သွယ်ရန်ဖုန်းနံပါတ်မှာ ၀၂-၇၇၈၆၀၊ ၇၇၈၆၁၊ ၇၇၈၆၂၊ ၀၉-၉၁၀၂၃၆၉၂၊ Email ဖြင့် လျှောက်လွှာပေးပို့လိုပါက cityhospital.mdy@gmail.comသို့ ပေးပို့နိုင်ပါသည်။

# လီဗာပူးတိုက်စစ်မှူး ဒန်နီယယ်စတားရစ်ချ် ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်ချုပ်ဆို

တိုက်စစ်မှူး ဒန်နီယယ်စတားရစ်ချ်သည် ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းနှင့် ကာလရှည်စာချုပ်တစ်ရပ်ချုပ်ဆိုလိုက်ပြီဖြစ်သည်။ အသက်(၂၅) နှစ်အရွယ်ရှိ အင်္ဂလန်တိုက်စစ်မှူး ဒန်နီယယ်စတားရစ်ချ်သည် ၂၀၁၃ ခုနှစ် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ချယ်လ်ဆီးအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လက်ရှိတွင် လီဗာပူးအသင်းနှင့်အတူ ပွဲပေါင်း ၅၂ ပွဲအထိ ပါဝင်ကစားပေးထားကာ သွင်းဂိုး ၃၆ ဂိုးအထိ သွင်းယူထားနိုင်ခဲ့ပြီဖြစ်သည်။



တိုက်စစ်မှူး ဒန်နီယယ်စတားရစ်ချ်သည် တံကောက်ကြောဒဏ်ရာရရှိထားခြင်းကြောင့် လီဗာပူးအသင်း၏ ပွဲထွက်လူစာရင်းနှင့် လွဲချော်ကာ နောက်ဆုံး ခြောက်ပွဲတွင် ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ တိုက်စစ်မှူး စတားရစ်ချ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက လီဗာပူးအသင်းနှင့်အတူ ပရီမီယာလိဂ်သွင်းဂိုး ၂၁ ဂိုးအထိ သွင်းယူနိုင်ခဲ့ခြင်းကြောင့် အင်္ဂလန်အတွက် အားထားရသည့် လူငယ်ကစားသမားတစ်ဦးအဖြစ် အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်၏ အသိအမှတ်ပြုခြင်းခံခဲ့ရသူဖြစ်သည်။

စတားရစ်ချ်သည် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီအတွင်းက တိုက်စစ်မှူး ဆွာရက်ဇ်နှင့်အတူ လီဗာပူးအသင်းအတွက် အကောင်းဆုံးကစားပေးနိုင်ခဲ့သူဖြစ်ပြီး ဆွာရက်ဇ်သည် ပြီးခဲ့သည့်ရာသီက လီဗာပူးအသင်းအတွက် သွင်းဂိုး ၅၃ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ သို့ရာတွင် တိုက်စစ်မှူးဆွာရက်ဇ်မှာ နွေရာသီအပြောင်းအရွှေ့ကာလတွင် စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့သွားခဲ့ခြင်းကြောင့် လီဗာပူးအသင်းက အသစ်ခေါ်ယူထားခဲ့သည့် တိုက်စစ်မှူးဘာလော့တယ်လီနှင့်အတူ လီဗာပူးအသင်းအတွက် အကောင်းဆုံးကစားပေးရန် စိတ်ဆန္ဒပြင်းပြနေခဲ့သူဖြစ်သည်။

တိုက်စစ်မှူးစတားရစ်ချ်သည် လီဗာပူးအသင်းနှင့်အတူ ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး တစ်ပတ်လုပ်ခလစာ ပေါင် ၁၅၀၀၀၀ ရရှိကာ ၂၀၁၉ ခုနှစ်အထိ လီဗာပူး၌ ဆက်ရှိနေမည်ဖြစ်သည်။ **[ငွေကြယ်]**

# မန်ယူကွင်းလယ်လူ မာတာအား ခေါ်ယူရန် ဗလန်စီယာ ပစ်မှတ်ထား

စပိန်လာလီဂါကလပ် ဗလန်စီယာအသင်းသည် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ ကာလအတွင်း အသင်း၏ တိုက်စစ်ကို အားဖြည့်ရန်အတွက် မန်ယူအသင်း၏ စပိန်လက်ရွေးစင်ကွင်းလယ်လူ ဂျူအန်မာတာအား ခေါ်ယူရန်ပစ်မှတ်ထားနေကြောင်းသိရသည်။ ဗလန်စီယာအသင်းမှာ မန်ယူအသင်းတွင်ပုံမှန်နေရာပျောက်ဆုံးနေသည့် မာတာအား လာမည့်ဇန်နဝါရီကာလအတွင်း အငှားဖြင့် ခေါ်ယူရန် ကြိုးပမ်းသွားမည်ဖြစ်ပြီး ရာသီကုန်ဆုံးပါက ပေါင်သန်း ၃၀ ခန့်ဖြင့် အပြီးသတ်ခေါ်ယူရန် ပြင်ဆင်နေကြောင်း ဗြိတိန်သတင်းစာ Daily Mail ကဖော်ပြခဲ့သည်။

ထို့ပြင် မာတာမှာလည်း မန်ယူအသင်းတွင် မပျော်မရွှင်ဖြစ်နေပြီး ပုံမှန်ပွဲထွက်ခွင့်ရရန် ရုန်းကန်နေရခြင်းကြောင့် အသင်းပြောင်းရွှေ့ရန် စီစဉ်နေကြောင်း သတင်းများထွက်ပေါ်နေသလိုမန်ယူအသင်းမှာလည်း ၎င်းအား ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ရောင်းထုတ်သွားရန် ဆန္ဒရှိနေသည်။ ထို့ကြောင့် ဗလန်စီယာအသင်းမှာ ၎င်းတို့၏ ကစားသမားဟောင်းဖြစ်သည့် မာတာအား ပြန်လည်ခေါ်ယူသွားရန် ပစ်မှတ်ထားနေခြင်းဖြစ်ပြီး လာမည့် ဇန်နဝါရီကာလအတွင်း အသင်းသို့အရောက်ခေါ်ယူသွားရန် စောင့်ကြည့်နေခြင်းဖြစ်သည်။ သို့သော် ဗလန်စီယာအသင်းမှာ မန်ယူအသင်းနှင့် သဘောတူညီမှုရရှိသည့်တိုင် မာတာ၏ မြင့်မားသည့်လုပ်ခလစာငွေကို ပေးချေရန်ဆန္ဒမရှိဘဲ ၎င်းနှင့်ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်ရဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။ **[ကိုရဲ]**



## ပရီမီယာလိဂ် ပွဲစဉ် (၇) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| ဟားလ်စီးတီး | ၂ - ၀ | ခရစ္စတယ်ပဲလေ့စ် |
| လက်စတာ | ၂ - ၂ | ဘန်လေ |
| လီဗာပူး | ၂ - ၁ | ဝက်စ်ဘရွန်း |
| ဆန်းဒါးလန်း | ၃ - ၁ | စတုတ် |
| ဆွမ်းဆီး | ၂ - ၂ | နယူးကာဆယ် |

## စပိန်လာလီဂါ ပွဲစဉ် (၇) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| ဂီတာဖေး | ၁ - ၁ | ကော်ဒိုဘာ |
| ဗလန်စီယာ | ၃ - ၁ | အက်သလက်တီကို |

**(မောင်မောင်ဇော်)**

# လာမည့်နွေရာသီတွင် ဂါရတ်ဘေးလ်အား ခေါ်ယူရန် မန်ယူပြင်ဆင်

ပရီမီယာလိဂ်ကလပ်မန်ယူအသင်းသည် ကမ္ဘာ့ထိပ်တန်းအဆင့်ရှိ ကစားသမားများကို ခေါ်ယူရန် စီစဉ်လျက်ရှိပြီး လာမည့်နွေရာသီကာလတွင်လည်း စပါးအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့သည့် တိုက်စစ်မှူး ဂါရတ်ဘေးလ်အား ခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်းသိရသည်။

သို့သော် တိုက်စစ်မှူး ဂါရတ်ဘေးလ်ကမူ စပိန်အင်အားကြီးကလပ် ရီးယဲလ်မက်ဒရစ်အသင်း၌သာ ဆက်လက်ကစားသွားရန် ဆန္ဒရှိနေသူဖြစ်သည်။ မန်ယူအသင်းအနေဖြင့် အသင်း၏ ကစားသမားဟောင်းတစ်ဦးဖြစ်သူ တောင်ပံကစားသမားစီရိုနယ်လ်ဒိုအား အသင်းသို့ ပြန်လည်ခေါ်ယူနိုင်ရန်မှာ မဖြစ်နိုင်သည့်အနေအထားတွင် ရှိနေခြင်းကြောင့် တိုက်စစ်မှူးဂါရတ်ဘေးလ်အား ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် တိုက်စစ်မှူး ဂါရတ်ဘေးလ်အနေဖြင့် ပြီးခဲ့သည့်ဘောလုံးရာသီက ရီးယဲလ်မက်ဒရစ်အသင်းအား ချန်ပီယံလိဂ်ဖလားရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သလို လက်ရှိတွင်လည်း ရီးယဲလ်မက်ဒရစ်အသင်း၌သာ ဆက်ကစားရန် ဆုံးဖြတ်ထားကြောင်းသိရသည်။

**[ငွေကြယ်]**

















**မြေကွက်ဝယ်လိုသည်**

ရွှေပြည်သာမြို့နယ်အတွင်းရှိ
သိန်း(၃၀၀)ဝန်းကျင်
ပိုင်ရှင်၊ ပွဲစားဆက်သွယ်နိုင်ပါသည်။
ဖုန်း-၀၉-၄၂၀၀၅၆၆၈၈၊
၀၉-၅၀၁၈၃၉၀

**တစ်ဦးတည်းဖြစ်ကြောင်း**

ရမည်းသင်းမြို့နယ်၊ အင်တောကြီးအုပ်စု၊ အင်တောလေးရွာနေ (ဘ)ဦးစိန်လွင်၏သားဖြစ်သူ မောင်စံလင်းအောင်သည် ကျောင်းနာမည် မောင်စိန်လင်းအောင်နှင့် အမည်တစ်ဦးတည်းဖြစ်ပါကြောင်း။



# ငါးဖမ်းသည့် ဘက်ထရီရှော့တိုက်ပစ္စည်းများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ



**မြင်းခြံ အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်လွင်အောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနဦးစီးမှူး ဦးသော်ထွန်းဦးတို့ပါဝင်သောအဖွဲ့သည် အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် တရားမဝင်ငါးဖမ်းဆီးခြင်း မပြုလုပ်စေရန်အတွက် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ကမ်းပါးနီကျေးရွာအနီး သဲသောင်ပြင်ပေါ်ရှိ ကောက်ရိုးပုံအတွင်းမှ တရားမဝင်ငါးဖမ်းရာတွင် အသုံးပြုသည့် ဘက်ထရီရှော့ တိုက်တံဝါး ၁၃ ချောင်းနှင့် GS တံဆိပ်နှင့် GF တံဆိပ်ပါ ၇၀ ဘက်ထရီအိုး ၁၅ လုံးတို့အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**




# ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်၊ နှစ်ဦးဒဏ်ရာရ

**ပဲခူး အောက်တိုဘာ ၄**

ပဲခူးမြို့ မြို့မရဲစခန်းပိုင် နန်းတော်ရာရပ်ကွက် ပဲခူးသနပ်ပင်လမ်းတွင် အောက်တိုဘာ ၂ ရက် ည ၁၁ နာရီခန့်က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပဲခူးမြို့ သနပ်ပင်လမ်း ဘုရားဈေးလမ်းထောင့်တွင် သနပ်ပင်ဘက်မှ ပဲခူးမြို့ဈေးဘက်သို့ နေလင်းထက် (၂၀)နှစ် (ကျွန်းသာယာရပ်ကွက်၊ ပဲခူးမြို့) နေသူမောင်းနှင်ပြီး နောက်မှ ကျော်ထက်(၂၈)နှစ် (ဇိုင်း/မြောက်ရပ်ကွက် ပဲခူးမြို့)နေသူ လိုက်ပါစီးနင်းလာသည့် ဟွန်ဒါဝေ့ဗ်အမျိုးအစား ၂၈/ယ . . . . . အနက်ရောင် ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင်ဘက်မှ စောမြင့်အောင်(၁၉)နှစ် (ပဲခူး တက္ကသိုလ် မှော်ကန်(၆)လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့) နေသူ မောင်းနှင်ပြီး နောက်မှ ဆူးထက်အောင်(၂၀)နှစ် (မြို့ပတ်လမ်း၊ ဟသ်ာကုန်းရပ်ကွက်၊ ပဲခူးမြို့)နေသူ လိုက်ပါ စီးနင်းလာသည့် ၃၇/ယ. . . . Suzuki MASH 110 အမျိုးအစား အနက်ရောင်ဆိုင်ကယ်တို့ အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင် ဝင်တိုက်မိရာ နေလင်းထက်နှင့် စောမြင့်အောင်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ပဲခူးဆေးရုံကြီး၌ အတွင်းလူနာ(စိုးရိမ်ရ)အဖြစ် ဆေးကုသမှုခံယူနေပြီး ကျော်ထက်နှင့် ဆူးထက်အောင်တို့မှာ ဒဏ်ရာမရရှိခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုနှင့် ပတ်သက်၍ ပဲခူးမြို့မရဲစခန်းက နေလင်းထက်နှင့် စောအောင်မြင့်တို့နှစ်ဦးအား ယာဉ်(ပ)၅၀/၂၀၁၄၊ ပြစ်မှုပုဒ်မ (၃၃၇/၃၃၈)အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ကိုသက်)**

# နေအိမ်ပေါ်သစ်ပင်လဲ၊ သားအမိနှစ်ဦးသေဆုံး

**ပဲခူး အောက်တိုဘာ ၄**


ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရေပေါ်သောင်ကျေးရွာတွင် အောက်တိုဘာ ၃ ရက် ည ၈ နာရီခွဲက လေပြင်းတိုက်ခတ်သဖြင့် နေအိမ်ပေါ်သို့ သစ်ပင်ပြိုလဲကာ သားအမိနှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေပေါ်သောင်ကျေးရွာတွင် အောက်တိုဘာ ၃ ရက် ည ၈ နာရီခွဲက ရေပေါ်သောင်ကျေးရွာ၏ မြောက်ဘက် လေးဖာလုံခန့်အကွာ ကွင်းအမှတ် (၃၅၉) နှစ်ပင်ပတ်လည်ထရံကာ လယ်စောင့် ယာယီတဲတွင် နေထိုင်သော ဦးပိုကြီး (၃၅)နှစ်နှင့် ၎င်း၏ဇနီး ဒေါ်ချိုချိုတူး(ခ)ချိုတိုး (၃၆)နှစ် လယ်လုပ်နှင့် သားဖြစ်သူ စောသီဟကျော် (ခ) စောသူရကျော် ခြောက်လသားတို့ တဲအတွင်းရှိနေခဲ့သည်။ ထိုအချိန် မိုးသက်လေပြင်းတိုက်ခတ်ပြီး တိုက်သောလေအရှိန်ကြောင့် တဲ၏ တစ်ပေခန့်အကွာတွင်ရှိသော လုံးပတ် လေးပေ၊ အမြင့် ပေ ၃၀ ရှိ မန်ကျည်းပင်သည် အမြစ်ကျွတ်၍ တဲပေါ်သို့လဲကျစဉ် ဦးပိုကြီးမှာ လွတ်သွားပြီး ဒေါ်ချိုချိုတူးနှင့် စောသီဟကျော် (ခ) စောသူရကျော်တို့နှစ်ဦးမှာ သစ်ပင်ပိခဲ့သဖြင့် ဒဏ်ရာများရရှိကာ နေရာတွင်ပင် သေဆုံးသွားကြောင်း သိရသည်။

**(နေလင်း)**

**မူးယစ်ဆေးသည် လူသားအားလုံးကို အညွန့်တုံးစေနိုင်သည်**








**»» ယမန်နေ့မှအဆက်**

(ဃ) ပညာအရည်အချင်း၊ ကျား၊ မ၊ အသက်အရွယ်တို့ကို မကန့်သတ်ဘဲ ကျွမ်းကျင်မှုကိုမြှင့်တင်နိုင်ရန်သတ်မှတ်ချက်များနှင့်အညီ အစိုးရ သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းများက ဖွင့်လှစ်သောကျောင်း ပြင်ပနည်းပညာနှင့် သက်မွေးပညာရေး။

၂၂။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မ ၂၁ ပါ ပညာရေးအဆင့်များ၏ သင်ရိုးညွှန်းတမ်း၊ သင်တန်းကာလ၊ အပ်နှင်းမည့်ဒီပလိုမာနှင့် အောင်လက်မှတ်အမျိုးအစားတို့ကို သက်ဆိုင်ရာသင်တန်းပေါ် မူတည်၍ သတ်မှတ်ရမည်။

၂၃။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် နိုင်ငံသားများအတွက် နည်းပညာနှင့် သက်မွေးပညာရပ်များ သင်ယူနိုင်မှုအခွင့်အလမ်းများ ကျယ်ပြန့်စွာရရှိစေရန် တိုးမြှင့်ဆောင်ရွက်ရမည်။

၂၄။ နည်းပညာနှင့်သက်မွေးပညာရေးဆိုင်ရာ ကျောင်းများနှင့် သင်တန်းများကို သက်ဆိုင်ရာ ဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသော ကျောင်းများနှင့် သင်တန်းများအဖြစ် ထူထောင်ရမည်။

၂၅။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများနှင့် ယင်းတို့နှင့် အဆင့်တူညီသည့် ကျောင်းများသည် အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်ရမည်။

၂၆။ အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်သည့် ကျောင်းများတွင် လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်စွာစီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးရမည်။

၂၇။ ကော်မရှင်သည် အဆင့်မြင့်ပညာရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လွတ်လပ်စွာရပ်တည်သော အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းပေးရမည်။

၂၈။ အဆင့်မြင့်ပညာသင်ကြားရေးကို အကောင်အထည်ဖော်သည့် ကျောင်းများသည် -

(က) သုတေသနနှင့် ပညာရပ်ဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်ရမည်။

(ခ) သင်ယူသူများအား ယင်းတို့၏ ဆန္ဒကိုအခြေခံပြီး သက်ဆိုင်ရာ ကျောင်းက သတ်မှတ်ထားသော အရည်အချင်း ပြည့်မီမှုအရ သင်ယူလိုသော ပညာရပ်နှင့်ကျောင်းတို့ကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိစေရန် စီစဉ်ဆောင်ရွက်ရမည်။

၂၉။ အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်ရာတွင် အဝေးသင်ပညာရေးစနစ်ကိုလည်း ကျင့်သုံးမည်။

၃၀။ အခြေခံပညာအထက်တန်းအဆင့် ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ ဆရာအတတ်ပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့သည် တစ်ခုနှင့်တစ်ခု ဆက်သွယ်ကူးပြောင်းသင်ယူနိုင်သည့် အစီအစဉ်ရှိရမည်။

၃၁။ ဝန်ကြီးဌာနသည် ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြင့် ကျောင်းပြင်ပပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အားပေးရမည်။

၃၂။ ဝန်ကြီးဌာနသည် ကျောင်းပြင်ပပညာရေးနှင့် စပ်လျဉ်း၍-

(က) အခြေခံစာတတ်မြောက်ရေးနှင့် ယင်း၏နောက်ဆက်တွဲလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ခ) အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာရေးအဆင့်အသီးသီးကို ဆုံးခန်းတိုင် မသင်ကြားခဲ့ရသူများအား ထိုပညာရေးအဆင့် ပြီးမြောက်စေရန်နှင့် ကျောင်းပြင်ပမှ ပညာသင်ကြားလိုသူများ ဆက်လက်သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

(ဂ) ကျောင်းပြင်ပပညာရေးမှ ကျောင်းပညာရေး သို့မဟုတ် နည်းပညာနှင့် သက်မွေးပညာရေးသို့ ကူးပြောင်းနိုင်သည့် တန်းညှိပညာရေး အစီအစဉ်ကို ဆောင်ရွက်ရမည်။

၃၃။ ဝန်ကြီးဌာနသည် နိုင်ငံသားတိုင်း အရည်အသွေးမြင့်မားစေရေး အတွက် ကိုယ်တိုင်သင်ယူပညာရေးအပါအဝင် ဆက်လက်သင်ယူနိုင်သော အခွင့်အလမ်းရရှိစေရန်-

(က) သင်ကြားလေ့လာနိုင်မည့်အခြေအနေများနှင့်အစီအစဉ်များကို ဆောင်ရွက်ပေးရမည်။

(ခ) ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများက ပုဒ်မခွဲ(က)ပါ အစီအစဉ်များကို ဆောင်ရွက်နိုင်ရန် စည်းရုံးတိုက်တွန်းရမည့်အပြင် ယင်းတို့ ကိုယ်တိုင် ဆောင်ရွက်ခြင်းကိုလည်း ခွင့်ပြုရမည်။

(ဂ) စာအုပ်စာတမ်းများ ထုတ်ဝေခြင်းနှင့် မီဒီယာအမျိုးမျိုးကို အသုံးပြု ထုတ်လွှင့်ဖြန့်ချိမှု ပညာရေးအစီအစဉ်များ ဆောင်ရွက်ရမည်။

(ဃ) လေ့လာသင်ယူနိုင်မည့် စာကြည့်တိုက်များနှင့် ပြတိုက်များ ဖွံ့ဖြိုးနေစေရန် ပုဂ္ဂလိကနှင့် ဒေသန္တရအဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်လိုပါက အားပေးကူညီရမည်။

### အခန်း (၆)
### ကျောင်းအမျိုးအစား

၃၄။ ကျောင်းအမျိုးအစားကို အောက်ပါအတိုင်းသတ်မှတ်သည် -

(က) အစိုးရကျောင်းများ၊

(ခ) အစိုးရအထောက်အပံ့ခံကျောင်းများ၊

(ဂ) ဒေသန္တရအဖွဲ့အစည်းပိုင်ကျောင်းများ၊

(ဃ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၊

(င) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၊

(စ) ပရဟိတကျောင်းများ၊

(ဆ) အထူးပညာရေးအစီအစဉ်ကျောင်းများ၊

(ဇ) ရွှေ့လျားနှင့် အရေးပေါ်ကျောင်းများ၊

(ဈ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် ကျောင်းများ။

၃၅။ အခြေခံပညာရေးကျောင်း၊ သင်တန်းကျောင်း၊ နည်းပညာနှင့် သက်မွေးပညာရေးကျောင်း၊ အဆင့်မြင့်ပညာရေးအဆင့်အတန်းရှိသော ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများနှင့် နိုင်ငံခြားတက္ကသိုလ်တစ်ခုခု၏ ကျောင်းခွဲများ ဖွင့်လှစ်ခြင်းသည် ဤဥပဒေ သို့မဟုတ် တည်ဆဲပညာရေးဥပဒေ တစ်ရပ်ရပ်နှင့် ကိုက်ညီမှုရှိစေရမည်။

၃၆။ ဤဥပဒေနှင့် သက်ဆိုင်ရာ ပညာရေးဥပဒေတို့အရ တရားဝင်ကျောင်း တည်ထောင်ခွင့်ရရှိသောကျောင်းမှ တာဝန်ရှိသူကသာ သင်တန်းဆင်းလက်မှတ်၊ အောင်လက်မှတ်၊ ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ကို ထုတ်ပေးပိုင်ခွင့်ရှိသည်။

၃၇။ ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် မသန်စွမ်းသူများအတွက် အထူးပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးသော ကျောင်းများ ထူထောင်နိုင်ရန် စီစဉ်ပေးရမည်။ ပုဂ္ဂလိက သို့မဟုတ် လူမှုရေးအဖွဲ့အစည်းများက ဖွင့်လှစ်လိုပါက စိစစ်ခွင့်ပြုနိုင်သည်။

၃၈။ ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည် -

(က) ရွှေ့ပြောင်းလုပ်သားများ၏သားသမီးများနှင့် မိသားစုဝင်များအတွက် အခမဲ့မသင်မနေရမူလတန်းပညာရေး ပြီးမြောက်စေရေးအတွက် ရွှေ့လျားကျောင်းများ တည်ထောင်နိုင်ရန် စီစဉ်ပေးရမည်။

(ခ) ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော၊ နယ်မြေအေးချမ်းမှုမရှိသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများနှင့် သဘာဝဘေး အန္တရာယ်ကြုံတွေ့နေရသောဒေသများအတွက် အရေးပေါ် ယာယီကျောင်းများ ဖွင့်လှစ်သင်ကြားပေးသည့် ပညာရေးအထူးဝန်ဆောင်မှုကို စီစဉ်ပေးရမည်။

### အခန်း(၇)
### သင်ရိုးညွှန်းတမ်းနှင့်သင်ရိုးညွှန်းတမ်းစံ သတ်မှတ်ခြင်း

၃၉။ ကော်မရှင်သည် သင်ရိုးညွှန်းတမ်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များပါရှိစေရန် ကြပ်မတ်ဆောင်ရွက်ရမည် -

(က) တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော အသိဉာဏ်ရှိ၍ ဘက်စုံပညာ ပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်ထွန်းစေရေး၊

(ခ) လူတစ်ဦးချင်းမှသည် မြန်မာ့လူမှုအဖွဲ့အစည်းတစ်ခုလုံးအတွက် အသုံးဝင်မည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများကို လေ့ကျင့်ဖော်ဆောင်နိုင်စွမ်းရှိရေး၊

(ဂ) ကိုယ်ကျင့်တရားကောင်းမွန်မှု၊ မတူကွဲပြားခြားနားခြင်းကို နားလည်လက်ခံမှုနှင့် တန်းတူညီမျှမှုကို အလေးထားမှု၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှု၊ ဒီမိုကရေစီအလေ့အကျင့်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများကို တန်ဖိုးထားသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေး၊

(ဃ) နိုင်ငံသားအားလုံးတွင် ရှိသင့်ရှိအပ်သောတန်ဖိုးများနှင့် တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိရေး၊

(င) သင်ရိုးညွှန်းတမ်းများသည် ခေတ်ကာလအခြေအနေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံတကာပညာရေးသင်ရိုးညွှန်းတမ်းနှင့်လည်း လိုက်လျောညီထွေမှုရှိရေး၊

(စ) နိုင်ငံတစ်ဝန်းတွင် ကျင့်သုံးရမည့် အခြေခံပညာရေးအဆင့်အသီးသီး အတွက် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်များနှင့် သင်ရိုးညွှန်းတမ်းစံများရှိရေး၊

(ဆ) ပုဒ်မခွဲ (စ) ပါ သင်ရိုးညွှန်းတမ်းစံကိုအခြေခံ၍ သင်ရိုးညွှန်းတမ်း ဖွံ့ဖြိုးမှုကို ဒေသအလိုက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိရေး၊

(ဇ) သင်ရိုးညွှန်းတမ်းများသည် လက်တွေ့ဘဝနှင့် ဆက်စပ်မှုရှိရေး။

၄၀။ ကျောင်းများသည် ပညာရေးစီမံကိန်း ပြုပြင်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၏ လိုအပ်ချက်ကို အခြေခံ၍ သင်ရိုးညွှန်းတမ်းများကို တည်ဆဲဥပဒေနှင့်အညီ ပြောင်းလဲမြှင့်တင်နိုင်ခွင့်ရှိသည်။

၄၁။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် -

(က) အခြေခံပညာရေးစနစ်၏အဆင့်တိုင်းအတွက် အမျိုးသားပညာရေး သင်ရိုးညွှန်းတမ်းစံများကို ကော်မရှင်၏အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းပေးရမည်။

(ခ) မသန်စွမ်းသူများ၊ အမြင်အာရုံချို့တဲ့သူများ၊ အကြားအာရုံချို့တဲ့သူများ၊ ဉာဏ်ရည်ချို့တဲ့သူများနှင့်မတူကွဲပြား သင်ယူသူများအတွက် သင်ကြားရမည့် အထူးပညာရေးအစီအစဉ်၏ သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာ ပညာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် ညှိနှိုင်း အတည်ပြု ပြဋ္ဌာန်းပေးရမည်။

၄၂။ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့သည်-

(က) အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန်ဆက်သွယ်ကူးပြောင်းသင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ခ) တိုင်းရင်းသားများ၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးစံများဖွံ့ဖြိုးရေးအတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားရေးနှင့် တက္ကသိုလ်များတွင် တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ စာပေနှင့် သမိုင်းအထူးပြုဘာသာရပ်များ ဖွင့်လှစ်သင်ကြားရေးတို့အတွက် ကူညီဆောင်ရွက်ရမည်။

၄၃။ (က) သင်ကြားရေးတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ နှစ်ဘာသာတွဲ၍ဖြစ်စေ သင်ကြားနိုင်သည်။

(ခ) အခြေခံပညာအဆင့်တွင် လိုအပ်ချက်ရှိလျှင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ သင်ကြားမှုဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်သည်။

၄၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကားသင်ကြားသင်ယူမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာမူလတန်းအဆင့်မှ စတင်၍ အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်နိုင်သည်။

### အခန်း(၈)
### ပညာရေးဆိုင်ရာတာဝန်နှင့် အခွင့်အရေးများ

၄၅။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့၏ ကလေးများကို ကျောင်းနေအရွယ်တွင် နိုင်ငံတော်က သတ်မှတ်ထားသော အခမဲ့ မသင်မနေရပညာရေးကို သင်ကြားပေးရေးအတွက်သက်ဆိုင်ရာကျောင်းသို့ မဖြစ်မနေ ကျောင်းအပ်ရန်နှင့် ယင်းပညာရေးအဆင့်ပြီးမြောက်သည်အထိ သင်ယူစေရန် တာဝန်ရှိသည်။

၄၆။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် ဤဥပဒေနှင့် သက်ဆိုင်ရာ ပညာရေးဥပဒေတို့အရ ဖွင့်လှစ်တည်ထောင်ထားသော မည်သည့်ကျောင်းတွင်မဆို သတ်မှတ်ချက်နှင့် ညီညွတ်ပါက မိမိ၏ကလေးကို ကျောင်းအပ်ပိုင်ခွင့်ရှိသည်။

၄၇။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည်မိမိတို့ကလေး၏ပညာရည်မြင့်မားစေရန်နှင့် စဉ်ဆက်မပြတ်သင်ယူမှုအခွင့်အလမ်းရှိစေရန် ဆရာ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။

၄၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာလူထုသည် မိမိရပ်ရွာဒေသရှိ ကလေးများကို မသင်မနေရ အခမဲ့ပညာရေးပြီးမြောက်သည်အထိ ဝိုင်းဝန်းကူညီပေးရမည်။

၄၉။ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည် -

(က) ပညာရေးနှင့်စပ်လျဉ်း၍တည်ဆဲဥပဒေများနှင့်အညီလမ်းညွှန်၊ ကူညီပံ့ပိုးရမည်။

(ခ) ကလေးတိုင်း သတ်မှတ်ထားသော အခမဲ့မသင်မနေရပညာရေး အဆင့်ပြီးမြောက်စေရန် ဦးတည်ဖော်ဆောင်ပေးရမည်။

(ဂ) ထူးချွန်သူများကို ထူးချွန်မှုအလိုက် ချီးမြှင့်သည့် အစီအမံများ ထားရှိရမည်။

(ဃ) ပညာထူးချွန်၍ ပညာသင်ယူရန် အခက်အခဲရှိသူများအတွက် ဆက်လက်သင်ယူနိုင်ရေးအစီအစဉ်ကို ဖော်ဆောင်ပေးရမည်။ ပြင်ပမှကူညီဆောင်ရွက်ခြင်းကို စိစစ်ခွင့်ပြုနိုင်သည်။

(င) ဒေသခံမဟုတ်သောဆရာများနှင့် ပညာရေးစီမံခန့်ခွဲသူများအတွက် နေထိုင်သွားလာမှု လွယ်ကူစေရန် စီမံဆောင်ရွက်ရမည်။

(စ) ပညာရေးဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စများကို တည်ဆဲဥပဒေနှင့်အညီ လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိစေရမည်။

(ဆ) ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရမည်။

(ဇ) ပညာရေးလုပ်ငန်းများအတွက်ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

### အခန်း (၉)
### ဆရာများ

၅၀။ ဆရာများသည် -

(က) နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ပြန့်သော အမြင်ရှိရမည်။ ဒီမိုကရေစီအလေ့အကျင့်ကို ချစ်မြတ်နိုး၍ ကာကွယ်စောင့်ရှောက်မှုပေးရမည့်အပြင် ဖွံ့ဖြိုးစေရန် ဆောင်ရွက်ရမည်။

(ခ) မိမိလုပ်ငန်းအပေါ်တွင်တာဝန်သိစိတ်နှင့် သက်မွေးဝမ်းကျောင်းမှုကိုချစ်မြတ်နိုးစိတ်ရှိရမည်။ ကျောင်းသား ကျောင်းသူများအတွက် စံနမူနာကောင်းဖြစ်ရမည်။

(ဂ) အခြေခံပညာရေးအတွက် ဆရာအတတ်ပညာဆိုင်ရာ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ် သို့မဟုတ် ယင်းတို့နှင့် အဆင့်တူသတ်မှတ်ထားသော အသိအမှတ်ပြုလက်မှတ်များရှိရမည်။

၅၁။ မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့်သက်မွေးပညာရေး၊ ဆရာအတတ်ပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် သင်တန်းကျောင်း အသီးသီးမှ ဆရာများ၏ အဆင့်နှင့်လျော်ညီသော အရည်အချင်းများကို ပညာရေးဆိုင်ရာ ဥပဒေများတွင် သီးခြားသတ်မှတ်၍ ပြဋ္ဌာန်းရမည်။

၅၂။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏ အရည်အသွေးမြင့်မားစေရေးနှင့် နိုင်ငံတကာအတွေ့အကြုံရရှိစေရေးတို့အတွက် စီမံဆောင်ရွက်ပေးရမည်။

၅၃။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏ တာဝန်နှင့်အခွင့်အရေးများကို သတ်မှတ်ပေးရမည်။

### အခန်း (၁၀)
### အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေးအာမခံမှု

၅၄။ (က) ပညာရေးအဆင့်တိုင်းတွင် ပညာအရည်အသွေးအာမခံမှု အစီအစဉ်တစ်ရပ်ရှိရမည်။

စာမျက်နှာ - ၁၆ သို့ »

» စာမျက်နှာ - ၁၅ မှ

(ခ) ပညာအရည်အသွေးနှင့် အဆင့်အတန်းတိုးတက်မှုကို စစ်ဆေးအကဲဖြတ်မည့်အတွင်း အရည်အသွေးစစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်နှင့် ပြင်ပမှ အရည်အသွေးစစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်တို့ ပါဝင်ရမည်။

(ဂ) ကော်မရှင်သည်အရည်အသွေးခိုင်မာမှုအတွက် စစ်ဆေးအကဲဖြတ်ရမည့် စံချိန်စံညွှန်းနှင့် နည်းလမ်းများကို သတ်မှတ်ပေးရမည်။

၅၅။ ကော်မရှင်သည် ပုဒ်မ ၅၄ ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီကို လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်။

## အခန်း (၁၁)
## ပညာရေးစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှု

၅၆။ (က) ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီတို့သည် သက်ဆိုင်ရာအဆင့်မြင့်ပညာကျောင်းများကို ဤဥပဒေ၊ တည်ဆဲဥပဒေတို့နှင့်အညီ စီမံခန့်ခွဲရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကျောင်းများမှအပ နိုင်ငံတစ်ဝန်းရှိ ပညာရေးစနစ်တစ်ခုလုံး၏ ပညာရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုတို့ကို ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက တာဝန်ခွဲဝေဆောင်ရွက်ရမည်။

၅၇။ (က) အခြေခံပညာအဆင့် ကျောင်းများ၏ စီမံခန့်ခွဲမှုနှင့်ကြီးကြပ်မှုတို့ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က ဆောင်ရွက်ရမည်။

(ခ) ထူးခြားသော လုပ်ငန်းသဘာဝအရ အစိုးရအဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် သာသနာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့က ထူထောင်ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာကျောင်းများမှအပ ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများအားလုံးသည် အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) အဆင့်မြင့်ပညာပေါင်းစပ် ညှိနှိုင်းရေးကော်မတီသည် တက္ကသိုလ်နှင့် ကောလိပ်နှင့်သိပ္ပံများ၏ လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲ ပေါင်းစပ်ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရမည်။

(ဃ) အဆင့်မြင့်ပညာကျောင်းများတွင်မိမိတို့၏သင်ကြားရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များကို သက်ဆိုင်ရာ ပညာရေးဥပဒေတို့နှင့်အညီ ဖွဲ့စည်းခွင့်ပြုရမည်။

၅၈။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပညာရေးအရည်အသွေးမြင့်မားရေးနှင့် ဖွံ့ဖြိုးရေးအတွက် မူဝါဒများ၊ မဟာဗျူဟာများနှင့်ယင်းတို့ကို အကောင်အထည်ဖော်မည့်စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းချမှတ်ခြင်းကို အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူခြင်းနှင့် အကောင်အထည်ဖော်မှုကို ပံ့ပိုးခြင်း၊

(ခ) မဟာဗျူဟာများ၊ မူဝါဒများနှင့်ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှုစီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ ပညာရေးနှင့်သက်ဆိုင်သည့်ဥပဒေနှင့် အခြားလုပ်ထုံးလုပ်နည်းများကို ပြည်သူလူထုထံ ကျယ်ပြန့်စွာ သိရှိစေရန်ဆောင်ရွက်ခြင်း၊

(ဂ) ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက ဆောင်ရွက်သော ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကျွမ်းကျင်သူ၊ နည်းပညာ၊ ဘဏ္ဍာရေးနှင့် ကျောင်းတည်ထောင်ဖွင့်လှစ်မှုများကို အကူအညီပေးခြင်းနှင့် ပညာရေးဆိုင်ရာ အရည်အသွေးစံနှုန်းများ တစ်ပြေးညီဖြစ်စေရန်အတွက် ပံ့ပိုးညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) ပညာရေးအတွက် လျာထားသည့် ရသုံးဘဏ္ဍာငွေများကို ထိရောက်စွာအသုံးပြုနိုင်ရေးအတွက် လမ်းညွှန်ခြင်း၊ ကူညီပံ့ပိုးပေးခြင်း၊

(စ) ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ပညာရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန်စီမံခြင်း၊

(ဆ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၅၉။ ပညာရေးစီမံခန့်ခွဲသူများသည် ပညာရေးဆိုင်ရာလုပ်ငန်းများကို မြန်ဆန်ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် စီမံခန့်ခွဲမှုအထောက်အကူပြုစာရင်းအင်းအချက်အလက်များကို စနစ်တကျစုစည်းဆောင်ရွက်သည့် ပညာရေးစီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၆၀။ ကော်မရှင်သည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအား ကြီးကြပ်ရန် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၆၁။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဘုန်းတော်ကြီးသင်ကျောင်းများ၊ ပရဟိတကျောင်းများ၊ အထူးပညာရေးအစီအစဉ်ကျောင်းများနှင့် ရွှေ့လျားနှင့်အရေးပေါ်ကျောင်းများ၊ ရပ်ရွာပညာပဒေသာဌာနများ၊ ရပ်ရွာအခြေပြုပညာရေးအစီအစဉ်များနှင့် ကျောင်းပြင်ပ အခြေခံပညာအဆင့်သင်တန်းများကို စိစစ်ပြီး လိုအပ်လျှင် ပညာသင်ကာလအတွင်း ထောက်ပံ့ကြေးများနှင့် အခြားအကျိုးခံစားခွင့်များကို လိုအပ်ချက်နှင့်အညီ ကူညီထောက်ပံ့ပေးရမည့်အပြင် လိုအပ်သည့် ပညာရပ်နှင့် သတ်မှတ်ထားသော ကျောင်းအဆင့်အတန်း ရောက်ရှိစေရန်နှင့် နည်းပညာ၊ ကျွမ်းကျင်သူနှင့် သင်ကြားရေးအထောက်အကူများ ပံ့ပိုးပေးရမည်။

## အခန်း (၁၂)
## ဘဏ္ဍာရေး

၆၂။ သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည် ပြည်တွင်းပြည်ပပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို စိစစ်လက်ခံနိုင်သည်။

၆၃။ သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည် -

(က) ပုဒ်မ ၆၂ အရ လက်ခံရရှိသော ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ပညာရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် ထိရောက်စွာ သုံးစွဲရမည်။

(ခ) ဘဏ္ဍာငွေသုံးစွဲရာတွင်တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲပြီးစာရင်းဇယားမှတ်တမ်းများကို စေတနာရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

(ဂ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုကို ခံယူရမည်။

၆၄။ (က) အစိုးရအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် နိုင်ငံတော်က တာဝန်ယူဆောင်ရွက်သော ပညာရေးကဏ္ဍအသီးသီးအတွက် လိုအပ်သော ဘဏ္ဍာငွေကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ထောက်ပံ့ပေးရမည်။

(ခ) အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် သက်ဆိုင်သော အဆင့်မြင့်ပညာကျောင်းများသည် ကိုယ်ပိုင်ရန်ပုံငွေရှာဖွေထူထောင်ဆောင်ရွက်ခွင့်ရှိသည်။

၆၅။ ကော်မရှင်သည် -

(က) မိမိဖွဲ့စည်းထားသော ကော်မတီနှင့်အဖွဲ့များ၏ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေလိုအပ်ချက်ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

(ခ) မိမိ ဖွဲ့စည်းထားသော ကော်မတီနှင့် အဖွဲ့များတွင် ပါဝင်သည့် ပုဂ္ဂိုလ်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်နိုင်သည်။

## အခန်း (၁၃)
## ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ

၆၆။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သောကျောင်းအားလုံးသည် ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှ ငါးနှစ်ကာလအတွင်း ဤဥပဒေနှင့်အညီ ဆောင်ရွက်ပြီးဖြစ်ရမည်။

## အခန်း (၁၄)
## အထွေထွေ

၆၇။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ပညာရေးဆိုင်ရာဥပဒေများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၆၈။ (က) ဘာသာရေးကိုသာ သီးသန့်သင်ကြားပေးသော ကျောင်းများသည် ဤဥပဒေနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ခ) ပြည်တွင်းရှိ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များက ပုဒ်မ ၃၄၊ ပုဒ်မခွဲ(ဈ)တွင် အကျုံးဝင်သော ကျောင်းများကို ဖွင့်လှစ်လိုလျှင် ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနတို့က ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၆၉။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -


(က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။


(ခ) ကော်မရှင်နှင့် ကော်မရှင်က ဖွဲ့စည်းပေးသည့် ကော်မတီနှင့်အဖွဲ့များ၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဦးစီးဌာနများသည် အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**


**ဖခင်အမည်မှန်**

အထက(၁)ဒဂုံ၊ ဒသမတန်း(F)မှ မောင်ငြိမ်းချမ်းအောင်၏ ဖခင်အမည်မှန်မှာ ဦးစာစီကူမာရ် [၇/ဖမန(နိုင်)၀၉၃၃၉၂] ဖြစ်ပါ သည်။

ဦးစာစီကူမာရ်

**ခွေးရောင်းမည်**

Alsation 3လ(အထီး)
Chuihuahua ၆လ(အမ)
ခွေးမျိုးစုံအော်ဒါ လက်ခံသည်။
ဖုန်း-၀၉-၇၃၁၁၅၃၅၆



ပြည်တွင်းရေးရာ

# ပြည်သူ့ဗဟိုပြု အားလုံးအကျုံးဝင်ဖွံ့ဖြိုးရေး အောက်ခြေမှ စီမံကိန်းရေးဆွဲခြင်းသင်တန်း မုံရွာခရိုင် အရာတော်တွင် ဖွင့်လှစ်

**အရာတော်၊ အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်တွင် စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက ပြည်သူကိုဗဟိုပြု အားလုံးအကျုံးဝင်ဖွံ့ဖြိုးရေး အောက်ခြေမှ စီမံကိန်းရေးဆွဲခြင်း သင်တန်းဖွင့်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးငြိမ်းမောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ သင်တန်းတွင်ပို့ချပေးမည့် သင်ခန်းစာများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်တင့်က ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု(ကျေးရွာ)မှ လူငယ်တစ်ဦးစီ တက်ရောက်ကြရာ သင်တန်းဆရာ၊ ဆရာမများက မိမိရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်လုပ်ဆောင်လိုသည့် လုပ်ငန်းစီမံချက် ရေးဆွဲတင်ပြမှု၊ မိမိတို့နှင့်သက်ဆိုင်သော ကဏ္ဍများအလိုက် လုပ်ငန်းများကို ဖြေရှင်းနိုင်သည့် ကိစ္စရပ်များအား ချက်ချင်းဖြေရှင်းခြင်းဆိုင်ရာ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့သည့် လုပ်ငန်းစဉ်များ စသည့်အကြောင်းအရာများကို ရှင်းလင်းသင်ကြားပေးခဲ့ပြီး သင်တန်းကာလမှာ ရှစ် ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဆင်ဘိုမြို့၌ ဒေသခံပြည်သူများအား ကျန်းမာရေး အသိပညာပေးခြင်းနှင့် အသိပညာဗဟုသုတများ တိုးပွားစေရေး ဟောပြောပွဲကျင်းပ

**ဆင်ဘို၊ အောက်တိုဘာ ၄**

ကချင်ပြည်နယ်၊ ဆင်ဘိုမြို့၌ ဒေသခံပြည်သူများအား ကျန်းမာရေး အသိပညာပေးခြင်းနှင့် အသိပညာဗဟုသုတများ တိုးပွားစေရေး ဟောပြောပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ကြီးမှူးကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူစိုးက အဖွင့်အမှာစကားပြောကြားပြီး၊ ဆင်ဘိုပြည်သူ့ဆေးရုံမှ တာဝန်ခံဆရာဝန် ဦးမင်းလွင်က ငှက်ဖျားရောဂါကာကွယ်ရေးဆိုင်ရာများကိုဟောပြောခဲ့သည်။

ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းအောင်ထွန်းက စိတ်ကျန်းမာရေးအကြောင်းနှင့် HIV၊ AIDS ရောဂါအကြောင်း သိကောင်းစရာများ၊ သားဖွားဆရာမ ဒေါ်မေရီက အမျိုးသမီးများ မျိုးဆက်ပွားခြင်းနှင့် သားဆက်ခြားခြင်းဆိုင်ရာ သိကောင်းစရာများနှင့် အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင် ဒေါ်မူက အမျိုးသမီးများ ယဉ်ကျေးမှုဆိုင်ရာများနှင့် စပ်လျဉ်း၍အသိပညာပေးဟောပြောခဲ့ကြသည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ NGO၊ INGO အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ကြပြီး ကျန်းမာရေးဆိုင်ရာ ဟောပြောချက်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများကပြန်လည်ဖြေကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုးကုန်ဆုံးစပြုနေပြီဖြစ်သော်လည်း အညာဒေသ၌ မိုးရေလှောင်ကန်များတွင် ရေလုံလောက်စွာ မရရှိသေး

**ကျောက်ပန်းတောင်း၊ အောက်တိုဘာ ၄**

အနောက်တောင် မုတ်သုံလေသည် ယခုရက်ပိုင်းအတွင်းမှာပင် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီဖြစ်သဖြင့် ၂၀၁၄ ခုနှစ်၏ မိုးရာသီကာလမှာ ကုန်ဆုံးတော့မည်ဖြစ်သော်လည်း အညာဒေသကျေးရွာများရှိ ကန်၊ ချောင်း၊ ဆည်၊ မြောင်းများတွင် မိုးရေလုံလောက်စွာ ဝင်ရောက်နိုင်ခြင်းမရှိသေးသောကြောင့် လာမည့်နွေကာလအတွက် ရေခက်ခဲမှုများရှိလာနိုင်ကြောင်း သိရသည်။



ထို့အတူပင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင်လည်း မိုးရေလှောင်ကန်များ၌ ကန်အချို့တွင်သာ မိုးရေအနည်းငယ်ဝင်ရောက်မှုရှိခဲ့ပြီး အချို့ကန်များတွင်မူ ရေလုံးဝ ဝင်ရောက်မှုမရှိသေးကြောင်း သိရသည်။

"ဒီကန်ရေက မနှစ်ကမိုးရေလက်ကျန်ပါ။ ဒီနှစ်မိုးက ရေဝင်အောင်ကို မရွာသေးဘူး။ သင့်ရုံလောက်ပဲ ရွာခဲ့တယ်။ ဒါကြောင့် ကန်ကိုရေမဝင်ဘူး။ ရွာမှာက စက်ရေတွင်းရှိလို့တော်သေးတယ်၊ ဒါတောင် နှစ်တွင်းရှိတာ။ တစ်တွင်းက ပျက်နေတော့ ကောင်းတဲ့တွင်းကရေကိုပဲ တန်းစီပြီး ခပ်နေကြရတာ။ ကန်ရေလေးဝင်ရင် တိရစ္ဆာန်တွေအတွက် သုံးရတာပေါ့"ဟု ဟင်းခွက်အိုင်ကျေးရွာအုပ်စုရှိ ကြပ်တွင်းကန်ကျေးရွာသူတစ်ဦးကပြောသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၂ ခုနှစ်က မိုးလယ်၊ မိုးနှောင်းကာလ မိုးရွာသွန်းမှုနည်းပါးခဲ့ပြီး မိုးရေလှောင်ကန်များတွင် မိုးရေဝင်ရောက်မှုမရှိသဖြင့် ၂၀၁၃ နွေကာလ၌ ကျေးရွာများတွင် သောက်သုံးရေပြတ်လပ်မှုများ ဖြစ်ပေါ်ခဲ့ရပြီး ယင်းနှစ် မိုးရာသီကာလတွင် မိုးရွာသွန်းမှုလုံလောက်ခဲ့သဖြင့် ကန်များရေလုံလောက်စွာ ရရှိခဲ့ကြောင်း သိရသည်။

၂၀၁၃ ခုနှစ်တွင် ကျောက်ပန်းတောင်းမြို့နယ်၌ စက်တင်ဘာလကုန်အထိ မိုးရွာသွန်းရက် ၄၈ ရက်ရှိ၍ မိုးရေချိန်လက်မ ၂၄ ဒသမ၂၀ လက်မအထိ ရရှိခဲ့သော်လည်း ယခု ၂၀၁၄ ခုနှစ်တွင်မူ စက်တင်ဘာလအထိ မိုးရွာသွန်းရက် ၃၄ ရက်ခန့်သာရှိခဲ့ပြီး မိုးရေချိန်လက်မမှာ ၁၄ ဒသမ ၂၀ လက်မခန့်သာ ရရှိသေးကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# မိုးစပါးသီးနှံ ပိုးမွှားရောဂါကင်းထောက်နည်းနှင့် ပိုးသတ်ဆေးပက်ဖျန်းခြင်း လုပ်ငန်းစဉ်များ နေရာခင်းကျေးရွာ၌ကွင်းဆင်းဆောင်ရွက်

**အရာတော်၊ အောက်တိုဘာ ၄**


စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ နေရာခင်းကျေးရွာအုပ်စု၊ နေရာခင်းကျေးရွာရှိ ကွင်းအမှတ် (၁၈၆၃)တွင် ဧရာမင်းမျိုးသန့်စပါး ဧက ၇၀ စိုက်ကွင်းသို့ သွားရောက်၍ ပိုးမွှားရောဂါ ကင်းထောက်နည်းနှင့် ပိုးသတ်ဆေးပက်ဖျန်းခြင်း လုပ်ငန်းစဉ်များကို ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ မြို့နယ်ဦးစီးမှူးနှင့်အတူ ကွင်းတာဝန်ခံများက လက်တွေ့သရုပ်ပြ ပက်ဖျန်းခဲ့ကြောင်း သိရသည်။

နေရာခင်းကျေးရွာတွင် မိုးစပါးစိုက်ပျိုးတောင်သူ ၃၂ ဦးအား စက်တင်ဘာ ၂၈ ရက်က ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်မာမာဆွေ၊ မြို့နယ်ဦးစီးမှူး ဦးဘဌေးနှင့် မြို့နယ် သီးနှံကာကွယ်ရေးတာဝန်ခံ၊ ကွင်းတာဝန်ခံများက ပညာပေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသော တောင်သူကြီးများက ယခုကဲ့သို့ လက်တွေ့ကျကျ ကွင်းဆင်း၍ ပိုးမွှားအန္တရာယ်ကာကွယ်ခြင်း၊ ပိုးသတ်ဆေးရည်ကို သဘာဝနွားသေး၊ ဆေးရွက်ကြီး၊ ထန်းလျက်ပစ္စည်းများဖြင့် ပြုလုပ်ပုံများကို ရှင်းလင်းပြသပေးသော မြို့နယ်မှ တာဝန်ခံများအား ကျေးဇူးတင်ရှိကြောင်းပြန်လည်ပြောကြားခဲ့သည်။

သဘာဝဓာတ်မြေဩဇာ၊ သဘာဝပိုးသတ်ဆေး စသည်တို့ သုံးခြင်းအားဖြင့် တစ်ဖက်တစ်လမ်းမှ ကုန်ကျစရိတ် သက်သာလျော့နည်းသောကြောင့် စိုက်ပျိုးစရိတ် နည်းသည်ထက်နည်းသွားအောင် သဘာဝမြေဩဇာများ သုံးစွဲသွားမည်ဖြစ်ကြောင်း တောင်သူတစ်ဦးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဝယ်လိုသည်
- ကားအပ်ပြီးစလစ်၊
- ယာဉ်အိုယာဉ်ဟောင်းအပ်ကား၊
- စက်မှုဇုန်ထုတ်အပ်ကား၊

ဖုန်း-၀၉၄၄၈၀၀၇၃၇၇

Second hand အဲယားကွန်း၊ မီးအားမြှင့် စက်များ ဝယ်သည်။


ဖုန်း-၀၉ ၇၃၀၆၅၅၆၂

## နှင်းဆီကုန်းကျန်းမာရေးစောင့်ရှောက်မှု (၃)လ သင်တန်း

လစဉ် (၁) ရက်နေ့တိုင်း ဖွင့်ပါသည်။

ဖုန်း-၀၁-၅၅၈၄၀၁၊ ၀၁-၅၅၈၄၅၉၊ ၀၁-၅၅၂၅၄၇



# ပြည်တွင်းဈေးကွက်တွင် ခိုင်မာနေသည့် ဖျာပုံဆန် တစ်လလျှင် ကြိတ်ခွဲပြီး ဆန်အိတ် ၈၀၀၀၀ ကျော် ရန်ကုန်ဈေးကွက်သို့ ပုံမှန်တင်ပို့

**ဖျာပုံ၊ အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်သည် ဆန်ရေစပါးနှင့် သားငါးပုစွန်တို့ ပေါကြွယ်ဝသည့် မြို့တစ်မြို့ဖြစ်သည်။ မိုးစပါးနှင့် ဆောင်းစပါးတို့ ဖြစ်ထွန်းအောင်မြင်ပြီး ဖျာပုံမြို့နယ်မှထွက်ရှိသည့် စပါးများကို ဆန်အဖြစ် ကြိတ်ခွဲရာတွင် စားသုံးသူများ အထူးကြိုက်နှစ်သက်၍ ဖျာပုံမြို့မှ ရန်ကုန်မြို့ ဆန်ဈေးကွက်သို့ တစ်လလျှင် ဆန်အိတ် ၈၀၀၀၀ ကျော်မှ ဆန်အိတ်တစ်သိန်းအထိ ရေယာဉ်ကြီးများဖြင့် တင်ပို့လျက်ရှိကြောင်း မြို့နယ်ဆန်ကုန်သည်များအသင်းနှင့် ပြည်တွင်း ကုန်တင်ကုန်ချအဖွဲ့၏ မှတ်တမ်းများအရ သိရသည်။

ဖျာပုံမြို့နယ် ကုန်သည်များအသင်းသို့ ရောက်ရှိပြီး အသင်းဥက္ကဋ္ဌ ဦးအုန်းဟန်အား ဖျာပုံမြို့မှ ဆန်စက်များ၏ အရေအတွက်နှင့် ကြိတ်ခွဲနိုင်မှု အရည်အသွေးကိုမေးမြန်းခဲ့ရာ ဖျာပုံမြို့တွင် ဟာလာဆန်စက် ၁၇၂ စက်ရှိကြောင်း၊ ဟာလာဆန်စက်အားလုံး စွမ်းအားပြည့်ကြိတ်ခွဲမည်ဆိုပါက တစ်နေ့ ဆန်အိတ် ၂၅၈၀၀၀ ကြိတ်ခွဲပေးနိုင်ကြောင်း၊ ဆန်စက်ကြီးတန်းဝင် တစ်နေ့ ၁၆ တန်မှ တန် ၆၀ ကြိတ်ခွဲပေးနိုင်သည့် ဆန်စက်ကြီး ၁၆ လုံးရှိပြီး ဆန်စက်ကြီးအားလုံး လည်ပတ်ကြိတ်ခွဲမည်ဆိုပါက တစ်နေ့ ဆန်အိတ် ၁၁၀၀၀ ကြိတ်ခွဲပေးနိုင်ကြောင်း၊ ဆန်စက်ကြီးများအနေဖြင့် ပြည်တွင်းဈေးကွက်တွင် ပထမတန်း ဆန်အရည်အသွေးရအောင် ကြိတ်ခွဲပေးနိုင်သည့်အပြင် နိုင်ငံတကာအဆင့်မီ (အိတ်စ်ပို့) အရည်အသွေးရသည်အထိ ကြိတ်ခွဲပေးနိုင်ကြောင်း ၎င်းက ပြောကြားသည်။

"ဟာလာဆန်စက်ကတော့ စပါးအနည်းဆုံးတင်း ၂၀ လောက်ကစကြိတ်ခွဲပေးနိုင်တော့ ကျေးလက်နေပြည်သူတွေအတွက် အထူးအဆင်ပြေပါတယ်။ ဆန်စက်ကြီးတွေကတော့ အဓိက ရန်ကုန်မြို့နဲ့ ဒေသအနှံ့ ဈေးကွက်ကောင်းရာကို အချိန်ပေးရောင်းချနိုင်အောင် ဆန်အဖြစ် ကြိတ်ခွဲပေးရပါတယ်"ဟု ၎င်းက ဆက်လက်၍ ရှင်းလင်းပြောပြခဲ့သည်။

မြို့နယ်အတွင်း ဟာလာဆန်စက် ၁၇၂ စက်နှင့် စက်ကြီး ၁၆ စက်တွင် အလုပ်သမား ၁၇၀၀ ခန့် အလုပ်အကိုင်များ ရရှိနေပြီး ၎င်းတို့၏ မိသားစုဝင် တစ်သောင်းကျော်တို့၏ စားဝတ်နေရေးနှင့် အခြားလူမှုရေးကိစ္စအဝဝတို့ များစွာ အဆင်ပြေလျက်ရှိကြောင်း မြို့နယ်ဆန်စက်ပိုင်ရှင်များအသင်း အတွင်းရေးမှူး ဦးသီဟအောင်က ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးသည်စပါး အောင်မြင်ဖြစ်ထွန်းသည့်အတွက် နိုင်ငံ့စပါးကျီဟု ခေါ်ဆိုကြသည်။

**အောင်ဝင်း(ဖျာပုံ)**

# အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ မန္တလေးမြို့တော်ခန်းမ၌ ကျင်းပ

**မန္တလေး၊ အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဌေးကျော်၊ မန္တလေးတိုင်းဒေသကြီး အစိုးရ အဖွဲ့အစည်းဝင်များ၊ ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘိုးဘွားရိပ်သာများမှ ကြီးကြပ်မှုကော်မတီဝင်များ၊ မန္တလေးခရိုင်အတွင်းရှိ အသက် (၉၅) နှစ်အထက် သက်ကြီးအဘိုး အဘွားများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘိုးဘွားရိပ်သာ ၁၂ ခုသို့ အလှူငွေများပေးအပ်ပြီးနောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမောင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက အခမ်းအနားသို့ တက်ရောက်လာသော မန္တလေးခရိုင်အတွင်းရှိ အသက် (၉၅) နှစ်အထက် အဘိုးအဘွားများကို အလှူငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးသည် အခမ်းအနားသို့ မတက်ရောက်နိုင်သော အသက် (၉၅) နှစ်အထက် သက်ကြီးအဘိုးအဘွားများအတွက် အလှူငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက မြန်မာနိုင်ငံတွင် အသက်အကြီးဆုံးဖြစ်သည့် အမရပူရမြို့နယ်မှ အဘိုးဦးသွင် (၁၁၁) နှစ်နှင့် အဘွားဒေါ်မြကြည် (၁၂၂ )နှစ် တို့အား ငွေကျပ် ၁၀ သိန်းစီ လှူဒါန်းခဲ့သည်။

**သီဟကိုကို(မန္တလေး)**



# ကျိကုန်း–ကလေးလမ်းပိုင်း ကတ္တရာထပ်ပိုးလွှာခင်း

**ကလေး၊ အောက်တိုဘာ ၄**

အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမဖြစ်သော ကျိကုန်း-ကလေး လမ်းပိုင်း မိုင်တိုင်အမှတ် ၃/၀ မှ ၅/၁ အထိ ၂ မိုင် ၁ ဖာလုံအား ကတ္တရာထပ်ပိုးလွှာတင်ခြင်းနှင့် ကတ္တရာရေပိတ်လွှာလောင်းခြင်း လုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေမှ ကျပ်သန်းပေါင်း ၁၀၀ သန်း အကုန်အကျခံလျက် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုအား အမြန်ဆုံးပြီးစီးနိုင်ရန် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့်အဖွဲ့သည် အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးခဲ့သည်။

အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမ၏ ကျိကုန်း-ကလေး လမ်းပိုင်းသည် ကလေး-တမူးလမ်း၊ ကလေး-ယာကြီးလမ်း၊ ကလေး-မဟာမြိုင်လမ်းနှင့် ကလေး-မော်လိုက်လမ်းများကို ကျောထောက်နောက်ခံပြုထားသည့် လမ်းပိုင်းဖြစ်သည့်အတွက် ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးနှင့် ကုန်းလမ်းခရီးသွား ဝန်ဆောင်မှုများတွင် အလွန်အထောက်အကူပြုသည့် လမ်းပိုင်းဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**

# ရှမ်းလူငယ်များအသင်း စွမ်းရည်ဖွံ့ဖြိုးရေးနှင့် ရိုးရာယဉ်ကျေးမှုပြန့်ပွားရေး သင်တန်းဆင်းလက်မှတ် ချီးမြှင့်

**တောင်ကြီး၊ အောက်တိုဘာ ၃**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ရှမ်းလူငယ်များအသင်း စွမ်းရည်ဖွံ့ဖြိုးရေးနှင့် ရိုးရာယဉ်ကျေးမှုပြန့်ပွားရေး သင်တန်းဆင်းပွဲကို စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကိန္နရီကိန္နရာအက၊ တိုးနယားအကတို့ဖြင့် မင်္ဂလာယူကပြဖျော်ဖြေကာ သင်တန်းသားများက ဓားသိုင်းအကများဖြင့် ဖျော်ဖြေပေးခဲ့သည်။ ဆက်လက်၍ ရှမ်းလူငယ်များအသင်းဥက္ကဋ္ဌ ဦးစိုင်းတင်လှက လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးနှင့် ရိုးရာယဉ်ကျေးမှုပြန့်ပွားစေရန်နှင့် ရိုးရာအလှ၊ ရိုးရာအကများ မပပျောက်စေရန် ယခုသင်တန်းသည် ပထမအကြိမ်ဖြစ်ပြီး ဆက်လက်၍လည်း သင်တန်းများပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက သင်တန်းဆရာများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။ ယင်းနောက် သင်တန်းဆင်းလက်မှတ် ချီးမြှင့်ရာတွင် ရှမ်းလူငယ်များအသင်းဥက္ကဋ္ဌ ဦးတင်လှက သင်တန်းသားများကိုယ်စား သင်တန်းသား စိုင်းဆိုင်လင်းမောဝ်အား ပေးအပ်ခဲ့ပြီး စိုင်းဆိုင်လင်းမောဝ်က ကျေးဇူးတင်စကား ပြောကြားခဲ့ကာ သင်တန်းသားများက တေးသီချင်းများသီဆိုခဲ့ကြသည်။

**စိုင်းသန်းကျော် (တောင်ကြီး)**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၁၃၉၈၊ မြေကွက်တည်နေရာအမှတ်-၄/၁၃၉၈၊ ပန်းဝါလမ်း၊ ကျန်စစ်သားရပ်ကွက်၊ ဒလမြို့နယ်၊ (ဒေါ်ကျင်မြ) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဒေါ်ကျင်မြထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ် (၁၃-၂-၉၇) ဖြင့် ဝယ်ယူထားသူ ဒေါ်ကျင်အေး[၁၂/ဒလန(နိုင်)၀၀၂၄၉၉]မှ မြေချ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ (၅-၈-၂၀၁၄) ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်ကို တင်ပြ၍ နှစ်(၆၀) ဂရန် လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။


မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄စီမံကိန်း/၂)၊ မြေကွက်အမှတ်(၄၀၂)၊ မြေကွက် တည်နေရာအမှတ်-၄၀၂၊ စံပြတိုးချဲ့၊ (၈)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ (ဦးမောင်ဟိန်း) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်(ဖခင်) ဦးမောင်ဟိန်းနှင့်(မိခင်) ဒေါ်ညွန့်ညွန့်တို့ ကွယ်လွန်သဖြင့် (၁) ဒေါ်ခင်စန်းဦး[၁၂/ သဃက(နိုင်) ၀၅၂၄၂၉]၊ (၂) ဒေါ်ခင်ခင်ထွေး[၁၂/သဃက(နိုင်)၀၅၂၉၈၈]၊ (၃)ဒေါ်အေးအေးမြင့် [၁၂/သဃက(နိုင်)၀၅၂၉၈၇]တို့က သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင် လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

CNG TAXI ရောင်းမည်
AD Van (နွားကြီး)
7D/--- CNG 70 အိုး
(၁၃၀သိန်း)
Ph: 09-5142654



## ၂၄–၉–၂၀၁၄ ရက်စွဲ ကြေးမုံသတင်းစာပါ မအူပင်မြို့၊ (၄) ရပ်ကွက်၊ ကမ်းနားလမ်းနှင့် ဘုရားလမ်းထောင့်၊ အမှတ်(၂၃)နေ ဒေါ်သန်းသန်းဌေး( ၁၂/အလန(နိုင်)၀၁၇၄၆၇)၏ ကြော်ငြာချက်အပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းကြော်ငြာခြင်း

ဦးမျိုးသန့် (၁၂/ကမန(နိုင်)၀၄၅၆၄၁)နှင့် ဒေါ်သန်းသန်းဌေးတို့သည် (၁၉၉၁)ခုနှစ်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကာ သား မောင်ထက်ဦးအောင် ထွန်းကားခဲ့ပါသည်။ ဒေါ်သန်းသန်းဌေး၏ အမွေဆိုင်အိမ်တွင်ပေါင်းသင်းနေထိုင်ခဲ့ရာ "Sun Shine " ပရိဘောဂလုပ်ငန်းနှင့် အတွင်းပစ္စည်းများစွာ လက်ထက်ပွားပစ္စည်းအဖြစ် ထွန်းကားခဲ့ပါသည်။ ဦးမျိုးသန့်သည် ဒေါ်သန်းသန်းဌေးနှင့် လင်မယားစကားများရာမှ ဒေါ်သန်းသန်းဌေးက ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် ကိုယ်စိတ်ဆင်းရဲစွာ အိမ်ပေါ်မှ ဆင်းခဲ့ရခြင်းဖြစ်ပါသည်။ ဦးမျိုးသန့်သည် အိမ်ပေါ်သို့ပြန်တက်ခဲ့ရာ ဒေါ်သန်းသန်းဌေးမှ ၎င်း၏ဖခင်ကျန်းမာရေးမကောင်း၍ မတက်ခိုင်းသဖြင့် ခွဲခွာနေခဲ့ရခြင်းဖြစ်ပါသည်။ ဒေါ်သန်းသန်းဌေးမှသာ အိမ်ထောင်ဦးစီး ဦးမျိုးသန့်အပေါ် တစ်ဖက်သတ်စွပ်စွဲပြောဆိုခြင်း၊ ကြမ်းတမ်းစွာ အော်ဟစ်ဆဲဆိုခြင်း၊ မောက်မာစွာဆက်ခံ၍ နိုင်ထက်စီးနင်းပြုခြင်း၊ ပြုလုပ်ခဲ့ပါသည်။ ဦးမျိုးသန့်သည် မိခင်ဖြစ်သူနှင့် ယနေ့တိုင်တစ်ဦးတည်းနေထိုင်လျက်ရှိပါသည်။ ဒေါ်သန်းသန်းဌေးသည် နှစ်ဦးပိုင်စီးပွားရေးလုပ်ငန်းများ၊ အတွင်းပစ္စည်းများ၊ အမွေရပစ္စည်းများ စသည်တို့ကို တရားဝင်ခွဲဝေမပေးလိုသဖြင့် သတင်းစာတွင် မဟုတ်မမှန်ကြော်ငြာခဲ့ခြင်းဖြစ်ပါသည်။ ဦးမျိုးသန့်အနေနှင့် ဒေါ်သန်းသန်းဌေးရှာဖွေထားသော ပစ္စည်းဥစ္စာများကို ဖြုန်းတီးခဲ့သည်ဆိုခြင်းမှာ မှန်ကန်ခြင်းမရှိပါ။ လင်မယားနှစ်ဦးခွဲခွာနေထိုင်ရုံဖြင့် တရားဝင်ကွာရှင်းမှုမမြောက်ပါ။ တရားဝင်ကွာရှင်းမှု မပြုသေးသည့် ခင်ပွန်းကို ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ဟု ပြောဆိုကြော်ငြာပိုင်ခွင့်မရှိပါ။ ဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့် မမှန်မကန်ကြော်ငြာချက်များကို အမြန်ဆုံးရုပ်သိမ်းပေးပါရန်နှင့် ဦးမျိုးသန့်၏ဂုဏ်သိက္ခာညှိုးနွမ်းပျက်စီးအောင် ဆက်လက်ပြုလုပ်မည်ဆိုပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သားဖြစ်သူ မောင်ထက်ဦးအောင် ကျောင်းပြီးပါက ဥပဒေနှင့်အညီ တရားဝင်လင်မယားကွာရှင်းလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှု စွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ (စုံစမ်းမေးမြန်းနိုင်ပါသည်။)

လွှဲအပ်ညွှန်ကြားသူ
ဦးမျိုးသန့်
၁၂/ကမန(နိုင်)၀၄၅၆၄၁တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်
ဖုန်း-၀၉၉၇၅၇၂၁၃၂၀

လွှဲအပ်ညွှန်ကြားချက်အရ
ဦးလှဝင်း (**B.Sc, H.G.P, R.L, D.B.L, D.M.L, D.I.L M.Dev.S**)
အမှတ် (၅၆၇)၊ မြေညီထပ်၊ ကုန်သည်လမ်း၊ (မဟာဗန္ဓုလပန်းခြံလမ်းနှင့် (၃၅)လမ်းကြား)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၀၂၉၁၇၉။

ကြော်ငြာ

## မြတ်သန္တာမဟာစည်သာသနာ့ရိပ်သာ ကထိန်အလှူမင်္ဂလာနှင့် (၁၀)ရက်တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ မြတ်သန္တာမဟာစည် သာသနာ့ရိပ်သာ၏ ကထိန်အလှူမင်္ဂလာကို ၁၂-၉-၂၀၁၄(တနင်္ဂနွေနေ့)တွင် လည်းကောင်း၊ (၁၀)ရက်တရားစခန်းကို ၁၀-၉-၂၀၁၄ရက်မှ ၂၀-၉-၂၀၁၄ရက်အထိ လည်းကောင်း ကျင်းပမည်ဖြစ်ပါ၍ ယောဂီများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

Ph: 09-73090490, 09-30082430

## မြောက်ဦးမြို့နယ်အသင်း(ရန်ကုန်)

၁-၁၀-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာနှင့် ၂-၁၀-၂၀၁၄ရက်ကြေးမုံသတင်းစာတို့တွင် ဖော်ပြခဲ့သော မြောက်ဦးမြို့နယ် အသင်း(ရန်ကုန်)၏ (၁၃)ကြိမ်မြောက် စုပေါင်းဘုံကထိန်သက်ကြီးပူဇော်ပွဲနှင့် (၁၉)ကြိမ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေး ကျင်းပမည့်နေရာမှာ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီးရှိ ရခိုင်ပြည်နယ်ဓမ္မာရုံတွင် ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့၊ မြောက်ဦးမြို့နယ်အသင်း(ရန်ကုန်)**

## အမည်ပြောင်း

ပန်းတနော်မြို့နယ်၊ အင်းမ အထက ဒသမတန်း(A)မှ အဖဦးတင်ထွန်း၏ သား မောင်အောင်ဟိန်းဦးအား **မောင်ဟိန်းမြတ်ဦး** ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိန်းမြတ်ဦး**


KMD Computer Centre
သီတင်းကျွတ် Promotion!!! 6-8 Oct 2014
COMPUTER & MOBILE ဝယ်ယူသူတိုင်းအတွက်
20% OFF + Prepaid Card 5,000ks
Application Courses & Professional Courses
25% OFF
Application Courses & Professional Courses
Effective Presentation
ICT Award
20,000ks
China Town

တော်ဝင်

ရွှေလွန်းယုံ
VIP 2+1


## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြသီတာရပ်ကွက်၊ မြစန္ဒာလမ်း(ခ)၊ ၂-လမ်း၊ အိမ်အမှတ်-၆၃ဟုခေါ်တွင်သော မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၅၃၂/အေ၊ ကွင်းအမည်-မှန်နီဇလုပ်အနောက်၊ ဦးပိုင်အမှတ်-(၁၇က/၃၇)၊ ဧရိယာ(၀.၂၀)ဧကရှိသည့် ဥယျာဉ်ခြံမြေအမျိုးအစားမြေကွက်၏ တစ်စိတ်တစ်ဒေသဖြစ်သော မြေအကျယ်(အလျားပေ၃၀×အနံ ၁၅၅ပေ) အကျယ်အဝန်းရှိမြေကွက်နှင့် နေအိမ်တို့ကို အရပ်ကတိ အရောင်းအဝယ်စာချုပ်များဖြင့် အဆင့်ဆင့်ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်မင်းထွန်း [၁၀/မလမ(နိုင်)၁၉၆၈၀၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဝေအောင်(တရားလွှတ်တော်ရှေ့နေ)(စဉ်-၉၉၁၇)**
**LL.B, D.B.L, D.M.L, D.I.L (WIPO-Switzerland)**
**မနေသိဒ္ဓိအိမ်ခြံမြေနှင့် စာချုပ်စာတမ်းများဆိုင်ရာ ဥပဒေဝန်ဆောင်မှုလုပ်ငန်း**
**အမှတ်(၅၂)၊ပထမထပ်၊ ၁၆၅-လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၁၆၂၆၇၆၊ ၀၉-၄၄၈၀၂၅၈၃၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆/ရှေ့)၊မြေကွက်အမှတ်-၁၁၂၈/က၊ မြေကွက်တည်နေရာအမှတ်-၁၁၂၈/က၊ အောင်သုခလမ်း ၂၀၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် (ဦးအောင်ရှိန်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဦးအောင်ရှိန်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ကျင်မေ[၁၂/မဂတ(နိုင်) ၀၃၈၁၂၈]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၂၂၄၀/၁၃)ရသူ ဒေါ်ကျင်ရှိန် [၁၂/ သကတ(နိုင်)၁၁၇၈၃၄]မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ်(၁၀၉၀)၊ အမည်ပေါက် ဒေါ်ကျင်မြင့် ၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခင်ကြည် [၁၂/ကတန (နိုင်)၀၅၃၃၈၅] မှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ် (မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်း များတင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ်(၃၀၇)၊ အမည်ပေါက်(ဦးညွှင်း)ဒေါ်အေးသန်း၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးအေးထွန်း[၁၂/မဂတ(နိုင်)၀၅၆၈ ၉၈]မှ အရောင်းအဝယ်စာချုပ်(မူရင်း)တင်ပြပြီး မြေချပါမစ်(မူရင်း) ပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်(မိတ္တူမှန်)ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်း နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန် သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် (မူရင်း)အား ဖျက်သိမ်းပြီး မြေချပါမစ်(မိတ္တူမှန်) ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ်(၃၀၆)၊ အမည်ပေါက်(ဦးညွှင်း) ဒေါ်အေးသန်း၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးအောင်မြင့် [၁၂/လမတ(နိုင်)၀၁၀၃၄၆]မှ အရောင်းအဝယ်စာချုပ် (မူရင်း)တင်ပြပြီး မြေချပါမစ်(မူရင်း) ပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက မြေချပါမစ်(မူရင်း)အား ဖျက်သိမ်းပြီး မြေချပါမစ်(မိတ္တူမှန်) ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ဌေးရီ(မော်လမြိုင်)**

**အသက်(၅၈)နှစ်**

ဦးခင်မောင်တင့်(ခ)ဦးအန်းကူ(WNN+ D.Zarni)အထည်ချုပ်၏ ဇနီး၊ ဒေါက်တာ ဇာနည်မျိုးဝင်း-မဌေးနန္ဒာတို့၏မိခင် ဒေါ်ခင်ဌေးရီ အသက်(၅၈)နှစ်သည် (၁၈-၉-၂၀၁၄)ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမျိုးဝင်း-ဒေါ်တင်တင်နှင့်**
**(ဝင်းညီနောင်အထည်ချုပ်မှ ဝန်ထမ်းများ)**

## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယကာကြီး**

**ဗိုလ်မှူးတင်ဝမ်း(ငြိမ်း)**

**အသက်(၅၉)နှစ်**

**ကြည်း-၁၄၅၁၆၊ တေဇ(၅)**

၂၄-၉-၂၀၁၄(ဗုဒ္ဓဟူးနေ့)နံနက် ၁၁း၁၅နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားခဲ့သော ဗိုလ်မှူးတင်ဝမ်း(ငြိမ်း) မကွယ်လွန်မီ နာမကျန်းဖြစ်နေစဉ်အတွင်း မိသားစုစိတ်ဓာတ်ဖြင့် အနီးကပ်ကြည့်ရှုစောင့်ရှောက်ပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၏ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်နှင့်မိသားစု၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်(ငြိမ်း) ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ခင်အုန်းမိသားစု၊ တေဇ(၅)မှ သူငယ်ချင်းရောင်းရင်းများ၊ စစ်ဘက်နယ်ဘက်မှ သူငယ်ချင်းရောင်းရင်းများအား ကျေးဇူးဥပကာရတင်ရှိပါကြောင်းနှင့် ကွယ်လွန်သွားပြီးချိန်တွင် နာရေးကိစ္စအဝဝကို မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၏ဇနီးဒေါ်စဝ်နွန်းခွန်ဆမ်မိသားစု၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး၏ ဇနီး ဒေါ်ခင်သန်းဌေး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်(ငြိမ်း) ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)နှင့် ဇနီးဒေါ်ခင်ခင်အုန်းမိသားစု၊ သာသနာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်နှင့် ဇနီးမိသားစုများ၊ မိုးကုတ်ဆွမ်းစားဆောင်မှ သာသနာရေးဦးစီးဌာနဝန်ထမ်းများ၊ တေဇ(၅)မှ သူငယ်ချင်းရောင်းရင်းမိသားစုများ၊ စစ်ဘက်နယ်ဘက်မှ သူငယ်ချင်းရောင်းရင်းများ၊ ရပ်ဝေးရပ်နီး နိုင်ငံခြားတိုင်းပြည်များမှ ဖုန်း၊ အီးမေးလ်တို့ဖြင့် ဆက်သွယ်မေးမြန်းကြသူများ၊ သက်န်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ လွမ်းသူ့ပန်းခွေပန်းခြင်းများ ပေးပို့ခဲ့ကြသူများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ နောက်ဆုံးခရီးအထိ လိုက်ပါပို့ဆောင်ကြသော ဆွေမျိုးညီအစ်ကိုမောင်နှမ မိတ်ဆွေသင်္ဂဟအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သိန်းညွန့်**

**အသက်(၈၂)နှစ်**

ဦးတင်ထွန်းအောင် E.E-ဒေါ်ခင်ခင်ဦး(Director) Auspicious Co.,Ltdတို့၏မိခင်ဒေါ်သိန်းညွန့်၊ အသက်(၈၂)နှစ်သည် ၁-၁၀-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် အထူးဝမ်းနည်းကြေကွဲပါကြောင်း။

**ချစ်သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သိန်းညွန့်**

**အသက်(၈၂)နှစ်**

ဒေါ်ခင်ခင်သာ (Director) Auspicious Co.,Ltdတို့၏မိခင် ဒေါ်သိန်းညွန့် အသက်(၈၂)နှစ်သည် ၁-၁၀-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် အထူးဝမ်းနည်းကြေကွဲပါကြောင်း။

**ချစ်သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သိန်းညွန့်**

**အသက်(၈၂)နှစ်**

ဗိုလ်မှူးကျော်နိုင်ဝင်း-ဒေါက်တာ ခင်အေးအေးစံ လက်ထောက်ကထိက ရုက္ခဗေဒဌာန ရန်ကုန်တက္ကသိုလ်တို့၏မိခင် ဒေါ်သိန်းညွန့် အသက်(၈၂)နှစ်သည် ၁-၁၀-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် အထူးဝမ်းနည်းကြေကွဲပါကြောင်း။

**ချစ်သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဝိမလာရာမ နတ်ညွန်းကျောင်းတိုက် သိမ်ဒါယိကာမကြီး**

**ဒေါ်ကျင်နု**

**အသက်(၈၆)နှစ်**

ဒေါက်တာနေဇင်လတ်(နိုင်ငံတော်သမ္မတအကြံပေး)-ဒေါ်ခင်စန်း (A.M.B.O Co.,Ltd)တို့၏ မွေးသမိခင် ကျေးဇူးရှင် ဒေါ်ကျင်နုသည် ၃၀-၉-၂၀၁၄ရက် (အင်္ဂါနေ့)ည ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ(အာရှတော်ဝင်ဆေးရုံ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ တိုက်(၁)၊ အခန်း(၀၀၆)ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်ပို[၁၂/ ပဇတ(နိုင်)၀၀၈၅၁၈]၊ ဒေါ်ချိုချိုမြင့်[၁၂/ ပဇတ(နိုင်)၀၀၉၅၅၁]ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်အေးအေးမာ[၁၂/ လသန(နိုင်)၀၀၂၁၃၁]က ပိုင်ရှင်အမည်ပြောင်းလဲခွင့်လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ(၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄/တောင်)၊ မြေကွက်အမှတ်-(၅၁၇-ခ)၊ မြေကွက်တည်နေရာအမှတ်-(၅၁၇/ခ)၊ မြို့မ(၅)လမ်း၊ (၄/တောင်)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးချစ်စိန်)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးချစ်စိန်(အဘိုး)နှင့် ဒေါ်ဝက်(အဘွား)ကွယ်လွန်တို့၏ တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ခင်ပု(မိခင်)နှင့် ဦးလှမောင်(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသော မြေးနှင့်သမီးတော်စပ်သူ ဒေါ်အေးအေးမြင့်[၁၂/သကတ(နိုင်)၀၇၆၄၈၉]မှ ဤဌာနရှိ မြေစာရင်းမှတ်ချက်ပါ ၆-၁၀-၂၀၁၁တွင် ဒေါ်စုစုသန်းမှ ကန့်ကွက်စာတင်ပြလာခြင်းနှင့်ပတ်သက်၍ သာကေတမြို့နယ်တရားရုံး၏ ဇာရီမှုအမှတ်(၆/၂၀၁၃)၏ ၁၁-၁၁-၂၀၁၃ရက်စွဲပါ အမိန့်အရဒေါ်စုစုသန်းသို့ ဒီကရီကျတရားစရိတ်အကျေပေးပြီးဖြစ်၍ ဇာရီမှုအတည်ပြုပြီးဖြစ်ကြောင်း အမှုပိတ်သိမ်းသည့် တရားရုံးနေ့စဉ်မှတ်တမ်းအထောက်အထားနှင့် သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာချက်

EPIC Digital Media

## ၂၃-၉-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၇)ပါ အများသိစေရန်ကြေညာချက်နှင့်ပတ်သက်၍ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၄)လမ်း၊ တိုက်အမှတ်(၁၀၀) အခန်း (၃/B) ဒုတိယထပ် (ခြေရင်းခန်းနေ) ဒေါ်နုနုစောမှ ပြန်လည်ရှင်းလင်းကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ၂၃-၉-၂၀၁၄ရက်က ဒေါ်အေးသီတာဝင်း[၁၂/ဥကတ(နိုင်)၀၃၉၃၈၁]က တိုက်ခန်းကို ဝယ်ယူထားကြောင်း၊ ၎င်းမှ တိုက်ခန်းအား လူမှုရေးအရ ညှာတာထောက်ထားသောအားဖြင့် ပြန်လည်ငှားရမ်းထားကြောင်း၊ ၎င်းတိုက်ခန်းအား ဒေါ်အေးသီတာဝင်း မသိရှိဘဲ လွှဲပြောင်းရောင်းချခြင်း မပြုရန်ကြေညာခဲ့ပါသည်။ အမှန်တကယ် အဖြစ်မှန်မှာ ကျွန်မမှ ဒေါ်အေးသီတာဝင်းအား ရောင်းချခြင်း မဟုတ်ဘဲ၊ ပေါင်နှံခဲ့ခြင်းသာ ဖြစ်ပါသည်။ ပေါင်နှံခဲ့ရာတွင် ဒေါ်အေးသီတာဝင်းမှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးမှ လက်ခံမည်ဟု ပြောဆိုသဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ ပေါင်နှံခဲ့ကြောင်း ကျွန်မတွင် သက်သေစာရွက်စာတမ်းအထောက်အထားနှင့် လူသက်သေများလည်း ခိုင်လုံစွာရှိပါသည်။

**ဒေါ်နုနုစော**
**[၁၂/အလန(နိုင်)၁၃၀၂၀၅]**

# အင်းလေးဖောင်တော်ဦးဘုရားအပူဇော်ခံပွဲတွင် အင်းသားရိုးရာလှေပြိုင်ပွဲကျင်းပ



**ညောင်ရွှေ အောက်တိုဘာ ၄**

ဖောင်တော်ဦးဘုရား ဒေသစာရီကြွချီပူဇော်ခံသည့် ကရဝိက်ဖောင်တော်ကို ညောင်ရွှေမြို့နယ်ရှိ ကျေးရွာအသီးသီးမှ ရိုးရာဆွဲလှေ ၂၇ စင်းဖြင့် ညောင်ရွှေမြို့သို့ လှော်ခတ်ပင့်ဆောင်ပူဇော်ခဲ့ကြသည်။ ဆက်လက်၍ ဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်များကို ဖောင်တော်ပြန် ပြာသာဒ်ဆောင်မှ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် တာဝန်ရှိသူများက ဘော်ယာဉ်ပေါ်သို့ ပင့်ဆောင်ပြီး ညောင်ရွှေမြို့တွင်းသို့ လှည့်လည်အပူဇော်ခံသည်။

သီတင်းကျွတ်ဖောင်တော်ဦးဘုရားပွဲတော် အထိမ်းအမှတ်အဖြစ် အင်းသား ရိုးရာလှေပြိုင်ပွဲကို အပူဇော်ခံစဉ်ကာလအတွင်းကျင်းပရာ စုပေါင်းအားဖြင့် လှော်ခတ်သည့် အမျိုးသားရာကျော်လှေပြိုင်ပွဲ၊ အမျိုးသား ၄၆ တက်လှေပြိုင်ပွဲ၊ အမျိုးသမီး ၂၆ တက် လှေပြိုင်ပွဲအပြင် တစ်ဦးချင်းလှော်ခတ်သည့် လှေပြိုင်ပွဲများကို ကျင်းပခဲ့သည်။ **(ယာပုံ)** အမျိုးသားလှေပြိုင်ပွဲတွင် ပထမဆုရ ကေလာ အုန်းပင်အသင်း၊ ဒုတိယဆုရ ရှေ့ဝကြီးအသင်း၊ နှစ်သိမ့်ဆုရ အိုင်ထောင်ကြီးနှင့် မင်းချောင်းရှေ့အသင်း၊ အမျိုးသား ၄၆ တက် လှေပြိုင်ပွဲတွင်ပထမဆုရ ဝမ်းဘဲ အင်းအသင်း၊ ဒုတိယဆုရ ကေလာအသင်း၊ နှစ်သိမ့်ဆုရ ဇရပ်ကြီးအသင်းနှင့် ရေသာကုန်းအသင်း၊ **စာမျက်နှာ ၁၀ ကော်လံ ၃ သို့** ❖

ယနေ့
## မာတိကာ


ယဉ်ကျေးမှု ဂုဏ်ရန့် စာမျက်နှာ - ၂

ပုဂံညောင်ဦးဒေသ ဘုရားပွဲတော်အချို့၌ ရိုးရာခြင်းအလှခတ် ပြိုင်ပွဲများ ထည့်သွင်းကျင်းပ စာမျက်နှာ - ၃

ကျွန်တော့်ဆရာကြီး ဦးမြအောင် စာမျက်နှာ - ၆

လာမည့်နွေရာသီတွင် ဂါရတ်ဘေးလ်အား ခေါ်ယူရန် မန်ယူပြင်ဆင် စာမျက်နှာ - ၁၃


# JICA က လှူဒါန်းသည့်သင်္ဘောများ နိုဝင်ဘာလတွင် ပန်းဆိုးတန်း-ဒလ ကူးတို့လိုင်း၌ ပြေးဆွဲတော့မည်

**ရန်ကုန် အောက်တိုဘာ ၄**

ပန်းဆိုးတန်း-ဒလ ကူးတို့ရေယာဉ် ချယ်ရီ (၁)၊ (၂)၊ (၃)တို့ နိုဝင်ဘာလတွင် ပြေးဆွဲတော့မည်ဖြစ်သည်။ နာဂစ်အလွန်ကာလတွင် ဂျပန်နိုင်ငံ JICA မှ ဒေါ်လာလေးသန်းတန် သင်္ဘောသုံးစင်းကို မြန်မာနိုင်ငံသို့လှူဒါန်းခြင်းဖြစ်သည်ဟု ရေကြောင်းပို့ဆောင်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ချယ်ရီသင်္ဘောများသည် လက်ရှိပြေးဆွဲနေသော ကူးတို့ ရေယာဉ်များကို ပုံစံတူယူ၍ တည်ဆောက်ထားခြင်းဖြစ်သည်။

အတက်အဆင်းတံတားနှစ်စင်း၊ နားနေဆောင်၊ ကွန်ကရစ် ဖော်ယာနှစ်ခု၊ အများသုံးအိမ်သာတို့အတွက် ဒေါ်လာသန်း ၂၀ခန့်ကုန်ကျ သည်ဟု JICA မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"အတက်အဆင်းနှစ်ခုရှိသည့်အတွက် အချိန်ကုန်သက်သာ မယ်။ လူသိပ် များရင် နှစ်စင်းကကမ်းကပ်၊ ရေလယ်တစ်စင်းဆိုရင် ပိုပြီးအဆင်ပြေနိုင်တယ်။ ခရီးသွားပြည်သူတွေအတွက် သွားလာ ရေးလွယ်ကူချောမွေ့မယ်" ဟု ဘဏ်ရုံးဝန်ထမ်းဒေါ်လှဖြူကပြော ကြားသည်။

"အတက်လမ်းဘေးက ဈေးဆိုင်တန်းတွေဖျက်သိမ်းဖို့ဆိုတာက လောလော ဆယ်မရှိသေးပါဘူး။ မြို့နယ်ကတောင်းဆိုလာရင်တော့ တစ်ခုခုစဉ်းစားရမှာ ပေါ့"ဟု ရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူ ရေကြောင်းမှူးချုပ် ဦးဝင်းသိန်း ကပြောကြားသည်။

**သတင်းနှင့်ဓာတ်ပုံ-အောင်မင်း(ဒလ)**



# (၁၄)ကြိမ်မြောက် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ပျော်ပွဲသဘင်ကျင်းပ

**မူဆယ် အောက်တိုဘာ ၄**

၂၀၁၄ ခုနှစ် (၁၄)ကြိမ်မြောက် ဆွေမျိုးပေါက်ဖော် ပျော်ပွဲသဘင်အခမ်းအနားကို အောက်တိုဘာ ၂ ရက်မှ ၄ ရက်အထိ တရုတ်နိုင်ငံ ရွှေလီမြို့၌ စည်ကားစွာ ကျင်းပခဲ့သည်။ ၂၀၀၀-၂၀၀၁ ခုနှစ်မှစတင်၍ နှစ်စဉ် ကျင်းပသော မြန်မာ-တရုတ်ချစ်ကြည်ရင်းနှီးမှု ဆွေမျိုး ပေါက်ဖော်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ယူနန် ပြည်နယ်နှင့် ထယ်ဟုန်ပြည်နယ်ခွဲမှ တာဝန်ရှိသူများ၊ ကူမင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာ ကောင်စစ်ဝန်ချုပ် ဦးအောင်ကျော်ဦး၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်နှင့် အဖွဲ့ဝင် များ၊ ပြည်နယ်ကိုယ်စားလှယ် ဒေါ်နန်းငွေငွေ၊ မူဆယ် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်/မြို့နယ်များမှ တာဝန်ရှိ သူများ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ ရိုးရာယဉ်ကျေးမှု အဖွဲ့များ၊ အားကစားပြိုင်ပွဲဝင်များ၊ နွားလှည်းအလှလှည်း ယာဉ်များနှင့် အလှမယ်များ၊ ရွှေလီမြို့မှ တိုင်းရင်းသား ကိုယ်စားပြု ယဉ်ကျေးမှုအဖွဲ့များ၊ အကအလှအဖွဲ့များ၊ ရိုးရာအတီးအမှုတ်အကအခုန်များဖြင့် စည်ကားစွာ ကျင်းပခဲ့ သည်။

ရှေးဦးစွာ နှစ်နိုင်ငံအလံကို ဂုဏ်ပြုတပ်ဖွဲ့များက လွှင့်ထူ၍ တာဝန်ရှိသူများက ဖွင့်ပွဲအမှာစကားပြောကြား ကြပြီး အကအလှအဖွဲ့များမှ သရုပ်ပြချီတက်ကြသည်။ ယင်းနောက် အားကစားပြိုင်ပွဲများ ကျင်းပခြင်း၊ အောက်တို ဘာ ၃ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံမှ နွားလှည်းအလှ ယာဉ်များနှင့်အတူ အလှမယ်လေးများ ပါဝင်ယှဉ်ပြိုင်သော ဗိဿနိုးသူ၊ လွိုင်ကော်သူ၊ ဉဿာသူ၊ အင်းလေးသူ၊ နေပြည်တော်သူနှင့် ရွှေလီမြို့မှ ဌာနဆိုင်ရာများ၊ ဘဏ်များ၊ ကုမ္ပဏီများ၊ ကိုယ်စားပြုလှည်းယာဉ်များ အပါအဝင် စုစုပေါင်း ၄၈ စီးမှ အလှအပ၊ အပြင်အဆင်၊ အနုပညာ မြောက်စွာ ဆင်ယင်၍ **စာမျက်နှာ ၁၀ ကော်လံ ၄ သို့** ○




ကြေးမုံ Mirror
တနင်္ဂနွေ
SUNDAY SPECIAL
2014 OCTOBER 5, SUNDAY

STI MYANMAR UNIVERSITY
MBA BBA MED BE
www.stiedu.net

ဖွံ့ဖြိုးရေး

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများ (မွန်ပြည်နယ်)

မြင့်စိုး (နတလ)

* မွန်တို့ဌာနီ ရာမည ××× သာစွနေပြည် ××× သာစွနေပြည် ×××
ဝေသီခေါင်မြင့် ××× လွင့်လွင့်မားမား ××× တင့်ကြွားဟန်ချီ
တင့်ကြွားဟန်ချီ××× ထန်းပင်ထန်းလက် ထန်းရွက်ညီညီ
ကျိုက်မရောမြို့က သာယာလှပေသည် ×××
* ကျိုက်မရောတွင် ထင်ရှား ××× ဗုဒ္ဓရုပ်ပွားဘုရားစေတီ ×××
ရှေးဘုရင်များ ××× တည်ထားကိုးကွယ် ×× တန်ခိုးကြွယ်ခဲ့သည်
××× ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တ ပြည့်ဝစုံညီ
* သဒ္ဓါညွတ်ကြိုး ရှိခိုးပူဇော် ×× ဖူးမြော်ကာပ ××
ဘဝဆက်တိုင်းတည် ×× တူညီသစ္စာမေတ္တာလောင်း အကြောင်းမျှ
ပြည့်စုံ ရေစက်ဆုံစေမည် ××× သြော် -- ဆုတောင်းပန်ထွာညီ

အဘဂိုလ်ကလေးတင့်အောင် သီကုံးရေးဖွဲ့ပြီး၊ အဆိုတော်ကြီး ထားသီဆိုခဲ့သော မွန်တို့ဌာနီသီချင်းကို ငယ်စဉ်ကတည်းက ရေဒီယိုမှာ မကြာခဏ နားထောင်ဖူးပါသည်။ သီချင်းနောက်မှာ စီးမျောလိုက်ပါရင်းက လွမ်းတော့ လွမ်းသလိုလိုရှိသည်။ ဘယ်ကိုရော်ရည်မှန်းဆ လွမ်းရမှာပါလိမ့်။ အကြောင်းမှာ မွန်ပြည်နယ်လည်း မရောက်ဖူး၊ ကျိုက်မရောက ဘယ်အနားနေမှန်းမသိ။ သို့သော် ကျွန်တော်အကြိုက်ဆုံး သီချင်းစာပိုဒ်က --- ကျိုက်မရောတွင်ထင်ရှား ××× ဗုဒ္ဓရုပ်ပွား ဘုရားစေတီ ××× ဆိုသည့် အပိုဒ်ဖြစ်လို့နေခဲ့သည်။ မည်သို့ဆိုစေ ထန်းပင်ထန်းလက် ××× ထန်းရွက်ညီညီ ဆိုသည့်အတိုင်း ကျွန်တော်တို့ငယ်ငယ်က ကုန်သွယ်ရေးမှထုတ်ဝေသည့် Writing pad စာအုပ်အဖုံးတွင် ပါဝင်သော ထန်းပင်တန်းလေးကဲ့သို့ လှပသောမြင်ကွင်းများ ကျိုက်မရောမြို့တွင် ရှိနေမည်မှာ သေချာသည်။

ရာမညဆိုသည်မှာ ပါဠိဘာသာအရ ရာမဏိယမှ ဆင်းသက်လာပြီး ပျော်မွေ့ဖွယ်ဟု အဓိပ္ပါယ်ရသော၊ ပျော်စရာကောင်းသောအရပ်ဒေသဟု အဓိပ္ပာယ်ရကြောင်းသိရပါသည်။ သို့ဖြစ်ပေရာ မွန်တို့ဌာနီ မွန်ပြည်နယ်သည်လည်း နေချင်စရာကောင်းသော၊ ပျော်စရာကောင်းသော ပြည်နယ်တစ်ခု ဖြစ်မည်မှာ သေချာပါသည်။ ပို၍သေချာသည်ကတော့ ကျွန်တော့်တွင် ခင်မင်ရသော၊ ရင်းနှီးကျွမ်းဝင်သော မွန်တိုင်းရင်းသားမိတ်ဆွေ အလွန့်အလွန် နည်းပါးခြင်းပင်။ သို့ရာတွင် မွန်နှင့်ပတ်သက်၍ ဗဟုသုတများစွာကို ပြောပြပေးနိုင်သော ပုဂ္ဂိုလ်တစ်ဦးနှင့် ဆုံဆည်းကြုံကြိုက်ခဲ့သည်။ သူကတော့ အဘနိုင်ဘရှင် ဖြစ်၏။ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(သာကေတ)တွင် ခင်မင်ရင်းနှီးခဲ့ခြင်းဖြစ်သည်။ မွန်ရိုးရာအိမ်ကို သူဦးစီးပြီးတည်ဆောက်ခဲ့သည်။ သူသည် ကျောက်စာပညာရှင်တစ်ဦးလည်းဖြစ်သည်။

မွန်ရိုးရာအိမ်ပေါ်မှာ သူနှင့်အတူ ရေနွေးကြမ်းထိုင်သောက်ရင်း အိမ်ခန်းဖွဲ့စည်းပုံတွေအကြောင်း၊ လယ်ယာသုံးပစ္စည်းများအကြောင်း၊ မီးဖိုချောင်သုံးပစ္စည်းများအကြောင်း၊ မွန်ရိုးရာ တူရိယာပစ္စည်းများဖြစ်သော မိကျောင်းတူရိယာ၊ လခြမ်းတူရိယာများအကြောင်း စသည်တို့ကို မေးမြန်းမှတ်သားခွင့်ရခဲ့သည်။ မွန်အိမ်နှင့် ဗမာအိမ်အကြား၌ ဆွမ်းလောင်းဇရပ်လေးတစ်ခု ဆောက်လုပ်ထားသည်။ ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်(ယခု သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ)ကလည်း အိမ်နောက်ဖေးတွင် စိုက်ပျိုးသည့် စားပင်သီးပင်များမှအစ မွန်ပြည်နယ်၏ အငွေ့အသက်များ ပေါ်လွင်စေမည့်အပင်များကိုသာစိုက်ပျိုးရန် ညွှန်ကြားဖူးသည်ကိုလည်း အမှတ်ရမိသည်။ ကျိုက်ထီးရိုးဘုရား ပရိဝုဏ်ဝန်းကျင်တွင် ဆီအုန်းပင်များက



ရေးမြို့နယ် ခေါဇာ-မကျီးလမ်းကြောင်းပေါ်ရှိ မိထောလှကြီးတံတား။

အပြည့်။ မွန်အိမ်သို့ရောက်တိုင်း ယင်းအိမ်တွင် တာဝန်ကျသည့် မွန်တိုင်းရင်းသူများဖြစ်သော မိချမ်ချွမ်၊ မိသန်းသန်းစိုး၊ မိငြိမ်းငြိမ်းဝင့်၊ မိမြတ်ခတ္တာသင်း တို့ထံမှလည်း ဗဟုသုတတစ်မျိုးမျိုး၊ သိမှတ်စရာ တစ်မျိုးမျိုးတိုးခဲ့သည် ချည်းသာ။

ဤသို့ဤနှယ် အဝေးကနေ မွန်ပြည်နယ်နှင့် အလွမ်းသင့်နေခဲ့သော ကျွန်တော်။ လွန်ခဲ့သည့် သုံးလခန့်ကမှ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ စတင်ရောက်ဖူးခဲ့သည်။ မော်လမြိုင်မြေကို ခြေချမိသည်နှင့် အဆိုတော်မျိုးမြင့်လေး၏ "မမတို့ မော်ရွှေမြိုင်" သီချင်းကို ကြားယောင်လာမိသည်။ ဘုံပြတ်ခေါ် မြင်းလှည်းလေးနဲ့ ယဉ်ယဉ်ကျေးကျေးထိုင် ×× မမတို့ မော်ရွှေမြိုင် ×× မမတို့ မော်ရွှေမြိုင် ×× သဘော်သီးခွဲခြမ်းသဏ္ဍာန်လေး ×× အမှန်ပြေးပါတဲ့ ဘတ်စ်ကားပေါ်ကာ လှိုင် ဆိုသည့် အပိုဒ်တွင် ဘုံပြတ်ခေါ် မြင်းလှည်းကတော့ အညာဒေသမှာ နေထိုင်စဉ်ကောင်းစွာ မြင်ဖူး၊ စီးဖူးခဲ့သည်။ သဘော်သီးခွဲခြမ်းသဏ္ဍာန်လေး ×× အမှန်ပြေးပါတဲ့ ဘတ်စ်ကားကတော့ ဘယ်လိုပုံမျိုးဖြစ်မည်လည်း မပြောတတ်တော့ပေ။ ယခုလည်းရှိမည် မဟုတ်တော့ပါ။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဦးအား ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး မော်လမြိုင်ရုံးက ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ကြည်က မွန်ပြည်နယ်အတွင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုလုပ်ငန်းဖြစ်သော ရေးမြို့နယ် ကဗျာဝတံတား အရှည်ပေ ၃၇၅ပေအား အပြီးသတ်ဆောက်လုပ်နေသည့်အခြေအနေ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင် မွန်ပြည်နယ်အတွင်း၌ လမ်းတံတားလုပ်ငန်းများအတွက် ၄၀၄၈ ဒသမ ၀၉ သန်း၊ ပညာရေးလုပ်ငန်းအတွက် ၆၃ ဒသမ ၂၀ သန်း၊ ကျန်းမာရေးလုပ်ငန်းအတွက် ၅၇ ဒသမ ၅၀ သန်း၊ သောက်သုံးရေရရှိရေးလုပ်ငန်းအတွက် သန်း ၅၀၊ စွမ်းအင်လုပ်ငန်းအတွက် ၄၄ဒသမ ၈၇၅ သန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းအတွက် ၅၅၃သန်း၊ သာသနာရေးလုပ်ငန်းအတွက် ၂၄သန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းအတွက် ၃၂၅သန်း စုစုပေါင်း ၅၂၂၀ ဒသမ ၁၆၅သန်း ခွင့်ပြုဆောင်ရွက်ပေးခဲ့သည်။

အလားတူ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင်လည်း နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းတံတားလုပ်ငန်းများအတွက် ၁၈၄၉ ဒသမ ၆၀သန်း၊ ပြည်နယ်သို့လွှဲပြောင်းပေးထားသည့် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းတံတားလုပ်ငန်းများ၊ သောက်သုံးရေရရှိရေးလုပ်ငန်းများ၊ မီးလင်းရေးလုပ်ငန်းများအတွက် ၃၇၅၆ ဒသမ ၆၀ သန်း စုစုပေါင်း ၅၆၀၆ ဒသမ ၂၀ သန်းဖြင့် ခွင့်ပြုဆောင်ရွက်ပေးမည် ဖြစ်သည်။

ဆိုခဲ့သည့်အတိုင်း မွန်ပြည်နယ် မွန်ဒေသသည် ကျွန်တော် အရောက်အပေါက်နည်းသော ပြည်နယ်ဒေသတစ်ခုဖြစ်ပါသည်။ သို့သော် ယင်းဒေသသည်ပင်လျှင် ကျွန်တော်၏ယောက္ခမဖြစ်သူ ဒုတိယဗိုလ်မှူးကြီး ကျော်လွင်(ကျဆုံး)မိသားစု နှစ်ပေါင်းများစွာနေထိုင်လာခဲ့သော ဒေသဖြစ်၍ နေရာဒေသတော်တော်များများ၏အကြောင်းကို ကြားဖူးနားဝရှိပြီးဖြစ်သည်။ နတလလုပ်ငန်းများ တစ်နှစ်ပြီးတစ်နှစ် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ အကြောင်းညီညွတ်ချိန်တွင် တစ်ကြိမ်မဟုတ်တစ်ကြိမ် ထပ်မံရောက်လိမ့်ဦးမည်ဟု ယုံကြည်မိပါသည်။ ရောက်လည်း ရောက်ဖူးချင်ပါသေးသည်။ ။



ရေးမြို့နယ် လိပ္ပတ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ။

နေပြည်တော်ကောင်စီနယ်မြေ

## ဓမ္မစကူး(လ်)နှင့် ဆွမ်းသိမ်းအောင်ပွဲ တရားပွဲများ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၄**

မြန်မာ့ယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုများ ပို့ချသင်ကြားပေးနေသော ဓမ္မစကူးလ်သင်တန်း (၆)လပြည့်နေ့နှင့် ဝါတွင်းဆွမ်းသိမ်းအောင်ပွဲ ဓမ္မသဘင်တရားပွဲများ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် မဟာရတနာသိုက်ချောင်းတပ်ဦးကျောင်း၌ ကျင်းပမည်ဖြစ်သည်။

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သိုက်ချောင်းကျေးရွာနှင့် ပြည်စံအောင်ဈေးသူဈေးသားများ၏ (၈)ကြိမ်မြောက် ဝါတွင်းသုံးလ (အင်္ဂါပတ်)သံဃာတော် ၃၅၅ ပါးတို့အား အရုဏ်ဆွမ်း၊ ဆွမ်းဟင်းဘောဇဉ် လှူဒါန်းခြင်းနှင့် တနင်္ဂနွေနေ့တိုင်း ကျောင်းသား ကျောင်းသူ ၉၅ ဦးတို့အား ဓမ္မစကူး(လ်) သင်တန်းပို့ချခြင်း၊ အာဟာရကျွေးမွေးခြင်း (၆)လပြည့်အထူးတရားပွဲများကို မဟာရတနာ သိုက်ချောင်းတပ်ဦးကျောင်း၌ သီတင်းကျွတ်လဆန်း ၁၁ ရက်မှ ၁၃ ရက်ထိ သုံးညတိုင်တိုင် ညစဉ် ၇ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ဓမ္မသဘင်တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့ အောင်သီတာ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဓမ္မာစရ ဂန္ထဝါစကပဏ္ဍိတ၊ မော်လမြိုင်မြို့ မဟာမြိုင်ကျောင်းတိုက် ဟိတဓရဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ၊ နေပြည်တော်ဇေယျာသီရိမြို့ မဟာသေဋ္ဌနာဒ ထန်းတပင်ကျောင်း ဆရာတော် ဘဒ္ဒန္တသိဒ္ဓိဗလတို့က တရားတော်များ ဟောကြားမည်ဖြစ်ပြီး တရားတော်နာကြွရောက်နိုင်ပါရန်နှင့် ဓမ္မဒါနပြုလိုသူများ ဖုန်း-၀၉-၄၉၂၀၈၃၆၂၊ ၀၉-၄၃၀၃၅၀၀၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(ကိုကိုနေ)**

မန္တလေးတိုင်းဒေသကြီး



## အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အခမ်းအနား မိတ္ထီလာ၌ ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၄**

၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် **"သက်ကြီးရွယ်စုံ မြှင့်တင်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့"** ဆိုသည်နှင့်အညီ အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီခွဲက မိတ္ထီလာမြို့ ဘိုးဘွားရိပ်သာခန်းမ၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားကို ကျင်းပကြောင်း သိရသည်။ **(အပေါ်ပုံ)**

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မိတ္ထီလာဘိုးဘွားရိပ်သာမှ ဘိုးဘွားများအား ဩကာသကန်တော့ချီးဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောဌေး၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ ခရိုင်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် စေတနာရှင်အလှူရှင်များမှ ကန်တော့ကြသည်။ ၎င်းနောက် ဂါရဝပြုကန်တော့လက်ဆောင်ပစ္စည်းများကို ဘိုးဘွား ၄၉ ဦးအား ပေးအပ်ကြသည်။ ထို့နောက် ဘိုးဘွားရိပ်သာငွေပဒေသာပင်အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များနှင့်စေတနာရှင် အလှူရှင်များက လှူဒါန်းငွေစုစုပေါင်း ၂၆၆၃၉၀၀ ကျပ်ကို ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

မန္တလေးတိုင်းဒေသကြီး

## မိုးရာသီလူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲနှင့် သစ်စေ့မြုပ်ပွဲ ကျင်းပ

**တောင်သာ အောက်တိုဘာ ၄**

တောင်သာမြို့နယ်သည် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းမိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်နေသကဲ့သို့ ယနေ့ ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုများ ဖောက်ပြန်နေသော အချိန်အခါတွင် တောင်သာမြို့နယ်အတွင်းရှိ ပြည်သူများအတွက် တစ်ထောင့်တစ်နေရာမှ ကူညီပံ့ပိုးပေးသည့်အနေဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံမှုဖြင့် မိုးရာသီသစ်ပင်စိုက်ပွဲတော်နှင့် ပညာပေးဟောပြောပွဲကို တန်းမြင့်ကျောင်းရပ်ကွက် ရွှေသာလျောင်းဘုရားအနီးတွင် ကျင်းပခဲ့သည်။ သစ်ပင်စိုက်ပွဲတော်၌ ကုက္ကိုပင် ၁၅၀၊ မန်ကျည်းပင် ၁၅၀၊ တမာပင် ၁၅၀၊ မြန်မာရှားပင် ၁၅၀၊ ညောင်ပင် ၆၀ စုစုပေါင်းအပင် ၆၆၀ စိုက်ပျိုးပြီးစီးခဲ့သည်။

ဆက်လက်၍ တောင်သာမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တမံကြီးကျေးရွာမြောက်ဘက်နွားသိုးဂူတောင်အနောက်ဘက်ခြမ်းတွင် မိုးရာသီသစ်စေ့မြုပ်ပွဲတော်ကို နံနက် ၈ နာရီ ၃၅ မိနစ်က ကျင်းပရာ ဘောစကိုင်းသစ်စေ့ သုံးပြည်၊ မြန်မာရှားသစ်စေ့ ခြောက်ပြည်၊ ကန္တာရသစ်စေ့ လေးတင်း၊ မန်ကျည်း သစ်စေ့ နှစ်တင်း စုစုပေါင်း သစ်စေ့ခြောက်တင်းနှင့် ကိုးပြည် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(ပြန်/ဆက်)**

ရေဝတီတိုင်းဒေသကြီး

## မအူပင်ခရိုင် ရဲတပ်ဖွဲ့ ဝတ်ရွတ်ပြိုင်ပွဲ ကျင်းပ

**မအူပင် အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မိသားစု၏ မဟာသမယသုတ် ဝတ်ရွတ်ပြိုင်ပွဲကို စက်တင်ဘာ ၂၈ ရက်က ခရိုင်ရဲရိပ်သာ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ခရိုင်အတွင်းရှိ မအူပင်၊ ညောင်တုန်း၊ ဓနုဖြူ ပန်းတနော်မြို့နယ်များမှ ရဲတပ်ဖွဲ့ဝတ်အသင်းအဖွဲ့များ ပါဝင်ယှဉ်ပြိုင်ကြရာ ပထမဆုကို ပန်းတနော်မြို့နယ်၊ ဒုတိယဆုကို မအူပင်မြို့နယ်၊ တတိယဆုကို ဓနုဖြူမြို့နယ်နှင့် စတုတ္ထဆုကို ညောင်တုန်းမြို့နယ် ရဲတပ်ဖွဲ့တို့က ရရှိကြကာ ဆုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်က ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်ခိုင်(မအူပင်)**

ရန်ကုန်တိုင်းဒေသကြီး

## ဆူးလေဘုရားလမ်းပေါ် ဆိုက်ကားနှင့် နိုင်ငံခြားသားခရီးသွား

**ရန်ကုန် အောက်တိုဘာ ၄**

ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ရန်ကုန်မြို့တွင်း အနေးယာဉ်(ဆိုက်ကားနှင့်စက်ဘီး)မဝင်ရ နယ်မြေအဖြစ် အရှေ့ဘက်တွင် သိမ်ဖြူလမ်း၊ အနောက်ဘက်တွင် လမ်းမတော်လမ်း၊ တောင်ဘက်တွင် ကမ်းနားလမ်းနှင့် မြောက်ဘက်တွင် ဗိုလ်ချုပ်အောင်ဆန်းလမ်းအထိ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သတ်မှတ်ပေးထားကာ ကျူးလွန်ဖောက်ဖျက်သူများကို စစ်ဆေးအရေးယူလျက်ရှိသည်။ ယခုအခါ ယာဉ်အသွားအလာထူထပ်များပြားပြီး ယာဉ်ကျောကျပ်တည်းနေချိန်တွင်ပင် အနေးယာဉ်ဆိုက်ကားများသည် အန္တရာယ်ကိုမမှုဘဲ သတ်မှတ် စည်းကမ်းဖောက်ဖျက်ကာ ခရီးသည်များတင်ဆောင်သွားလာနေသည်ကို နေ့စဉ် တွေ့နေရသည်။ ကျောက်တံတားမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ လသာမြို့နယ်တို့၏ အဓိကလမ်းမကြီးများတွင် နေရာယူဂိတ်ထိုးကာ ခရီးသည်များအား ပို့ဆောင်ပေးလျက်ရှိနေသည်ကိုလည်း တွေ့နေရသည်။

အောက်တိုဘာ ၂ ရက် နံနက် ၁၁ နာရီ ၅၇ မိနစ်က ရန်ကုန်မြို့လယ်ကောင် ယာဉ်အသွားအလာ ထူထပ်များပြားသော ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းဆုံတွင် နိုင်ငံခြားသားခရီးသည်နှစ်ဦးကို တင်ဆောင်စီးနင်းလာသော အနေးယာဉ်ဆိုက်ကားတစ်စီးကို တွေ့ခဲ့သည်။ **(မောင်ကျောက်တံတား)**



စစ်ကိုင်းတိုင်းဒေသကြီး

## ပုလဲမြို့နယ်တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**ပုလဲ အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် သစ်တောဦးစီးဌာနသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ တရားမဝင်သစ်များထုတ်လုပ်မှုလျော့နည်းပပျောက်ရေးအတွက် လျှပ်တစ်ပြက်ဖမ်းဆီးမှုလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ကံပေါက်ကျေးရွာ၏ အရှေ့ဘက် နှစ်မိုင်ခန့်အကွာ ကံပေါက်-ဖိုကုန်းဖွံ့ဖြိုးရေးလမ်းပေါ်တွင် စက်တင်ဘာ ၂၆ ရက် နံနက်က တရားမဝင်ကျွန်း ဓားရွေငါးတုံး၊ ပျဉ်းကတိုးဓားရွေနှစ်တုံး၊ ချဉ်ယုတ်သစ်ဓားရွေ ရှစ်တုံး စုစုပေါင်း ၁ ဒသမ ၄၄၄၆ တန်တင်ဆောင်လာသည့် အနီရောင်ဖောကားတစ်စီးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တရားမဝင်သစ်များ သယ်ဆောင်မောင်းနှင်လာသည့် ယာဉ်မောင်း ဌေးလွင်၊ အသက်(၃၅)နှစ် ရွာသာကျေးရွာ မြိုင်မြို့နယ်နေသူအား ပုလဲမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်မော်(ပုလဲ)**

ရန်ကုန်တိုင်းဒေသကြီး

## အရက်ကြောင့် စိတ်ရောဂါများ ဖြစ်စေနိုင်

**ရန်ကုန် အောက်တိုဘာ ၄**

အရက်ကြောင့် စိတ်ရောဂါများဖြစ်စေနိုင်သလို ဆိုးကျိုးများစွာလည်း ရှိခြင်းကြောင့် ဆင်ခြင်ဂရုပြုရန်လိုအပ်ကြောင်း ဆေးတက္ကသိုလ်(၁) ရန်ကုန် စိတ်ကျန်းမာပညာဌာနမှ လက်ထောက်ကထိက ဒေါက်တာသီဟဆွေက ပြောသည်။

"အသက်ကြီးမှဖြစ်တဲ့ လူကြီးတွေသူငယ်ပြန်သလို အသက်(၃၀)၊ (၄၀) လောက်အရွယ် အသက်ငယ်ငယ်ရွယ်ရွယ်မှာ ဖြစ်တတ်တဲ့အပြင် အရက်ကြောင့်ပဲ စိတ်ရောဂါမှန်သမျှဖြစ်နိုင်ပါတယ်"ဟု ၎င်းကဆိုသည်။ အရက်ကြောင့်ဖြစ်သော စိတ်ပိုင်းဆိုင်ရာရောဂါများတွင် အရက်အမူးလွန်ခြင်း၊ အရက်စွဲခြင်း၊ အရက်ပြတ်သည့်လက္ခဏာများပေါ်လာခြင်း၊ အရက်ငမ်းဖမ်းခြင်း၊ စိုးရိမ်စိတ်လွန်ကဲခြင်း၊ စိတ်ကြွစိတ်ကျရောဂါဖြစ်ခြင်း၊ စိတ်ဖောက်ပြန်ခြင်း၊ လှုံ့ဆော်မှဲ့ အာရုံများခံစားရခြင်း၊ သံသယစိတ်များလွန်ကဲခြင်း၊ အိမ်ထောင်ဘက်အပေါ် သံသယစိတ်လွန်ကဲခြင်း၊ စိတ်ကစဉ့်ကလျားရောဂါကဲ့သို့ စိတ်ဖောက်ပြန်ခြင်း၊ မှတ်ဉာဏ်ထိခိုက်ပျက်စီးခြင်း၊ ကိုယ့်ကိုယ်ကို အနာတရဖြစ်အောင်ပြုလုပ်တတ်ခြင်း၊ ကိုယ့်ကိုယ်ကို သေကြောင်း ကြံစည်ခြင်း စသည်ဖြင့် စိတ်ပိုင်းဆိုင်ရာနှင့်ပတ်သက်သော ရောဂါများဖြစ်စေနိုင်ကြောင်း သိရသည်။

"ဘေးနားကနေ တစ်စုံတစ်ယောက်ကပြောနေသလိုမျိုး ကယောင်ကတမ်းနဲ့ ဖြစ်နေတတ်တယ်" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ စိတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်)တွင် အရက်စွဲရောဂါခံစားရခြင်းကြောင့် တက်ရောက်ကုသသူမှာ ၂၀၁၃ ခုနှစ် တစ်နှစ်တာအတွင်းတွင် ဆေးရုံတက်ရောက်ကုသသူဦးရေ ၁၁၂၉၅ ဦးအနက် ၄၃၁၉ ဦးရှိသလို ရာခိုင်နှုန်းအားဖြင့် ၃၈ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

"ကျန်တဲ့ ၆၂ ရာခိုင်နှုန်းထဲမှာဆိုရင် အရက်ကြောင့် နောက်ဆက်တွဲဖြစ်တဲ့ ရောဂါတွေနဲ့ တက်ရောက်ကုသသူတွေလည်းရှိပါတယ်"ဟု ၎င်းက ရှင်းပြသည်။ အရက်သောက်ထားချိန်တွင် ဦးနှောက်ကိုဖိနှိပ်ထားကာ ရုတ်တရက်ဖြတ်လိုက်ချိန်တွင် ဂနာမငြိမ်ဖြစ်ပြီး ကယောင်ကတမ်းဖြစ်ကာ အခြေအနေပိုဆိုးတတ်သလို မိမိကိုယ်ကို ရန်ရှာကာ သေကြောင်းကြံစည်မှုများပင် ဖြစ်စေတတ်သည်။

ထို့ကြောင့် အရက်ဖြတ်ပါက နီးစပ်ရာဆေးခန်းများ၊ ကျန်းမာရေးဌာနများသို့သွားကာ ဆရာဝန်များနှင့် တိုင်ပင်လုပ်ဆောင်သင့်ကြောင်း ၎င်းက အကြံပြုပြောကြားခဲ့သည်။

**ထက်ခိုင်(စမ်းချောင်း)**

# အမျိုးသမီးများနှင့် ဆီးမထိန်းနိုင်ခြင်း

ဒေါက်တာမော်

ဆီးမထိန်းနိုင်ခြင်း (Urinary Incontinence) သည် ကမ္ဘာတစ်ဝန်းတွင် အထူးသဖြင့် အမျိုးသမီးများတွင် အဖြစ်များသော်လည်း မကုသဘဲလျစ်လျူရှုထားကြပေသည်။ အသက်ကြီးသော အမျိုးသမီးနှစ်ယောက်တွင် တစ်ယောက်၊ အသက်အလယ်အလတ်အရွယ် အမျိုးသမီး သုံးယောက်တွင် တစ်ယောက်အထိ ဆီးမထိန်းနိုင်သော အခက်အခဲကို ကြုံတွေ့နေကြပေသည်။ သို့သော် အမျိုးသမီးများအနေဖြင့် မိမိဆီးမထိန်းနိုင်ခြင်းကို ဖွင့်ဟတိုင်ပင်ရန် မဝံ့ရဲ၍ သော်လည်းကောင်း၊ အသက်ကြီး၍ဖြစ်သော သဘာဝတရားဟု လက်ခံထား၍သော်လည်းကောင်း ကာကွယ်မှု၊ ကုသမှုမပြုကြပါ။

အမှန်တကယ်တွင် အချို့သော ဆီးမထိန်းနိုင်မှုများကို ကာကွယ်နိုင်ပါသည်။ ကုသနိုင်ပါသည်။ ဆီးမထိန်းနိုင်ရခြင်းအကြောင်းရင်းများအနက် အချို့မှာ ခေတ္တခဏဖြစ်သောအကြောင်းများ ဥပမာ-မိမိရောဂါအတွက် သောက်သုံးရသော ဆေးဝါးများကြောင့်လည်းကောင်း၊ အချို့မှာ နှလုံးအားနည်းခြင်း၊ ဝမ်းခေါင်းတွင် အလုံးအကျိတ်ရှိခြင်း၊ ဆီးချို စသည်ဖြင့် မိမိမှာရှိသော အခံရောဂါများကြောင့်လည်းကောင်း၊ အချို့မှာ ဆီးအိမ်နှင့်ဆီးလမ်းကြောင်း ရောဂါများကြောင့်ဖြစ်ပေသည်။ ဤနေရာမှာ ဆီးအိမ်နှင့် ဆီးလမ်းကြောင်းအခြေအနေများကြောင့် ဆီးမထိန်းနိုင်ခြင်းအချို့ကို ဆွေးနွေးလိုပါသည်။

အမျိုးသမီးများတွင် ဆီးအိမ်နှင့် ဆီးလမ်းကြောင်း အခြေအနေများကြောင့် ဆီးမထိန်းနိုင်ခြင်း အဓိကသုံးမျိုး ရှိပါသည်။

(၁) ချောင်းဆိုးလျှင်၊ နှာချေလျှင်၊ အားပါးတရ ရယ်မောလျှင် ဆီးထွက်ခြင်း (Stress Incontinence)

(၂) ဆီးသွားချင်ပြီဆိုလျှင် အိမ်သာရောက်အောင် တောင် မစောင့်နိုင်ဘဲ ထွက်ကျခြင်း (Urgency Incontinence)

(၃) အထက်ပါ နှစ်ခုစလုံးဖြစ်ခြင်းတို့ဖြစ်သည်။

> **မိမိရောဂါအတွက် သောက်သုံးရသော ဆေးဝါးများကြောင့်လည်းကောင်း၊ အချို့မှာ နှလုံးအားနည်းခြင်း၊ ဝမ်းခေါင်းမှာ အလုံးအကျိတ်ရှိခြင်း၊ ဆီးချို စသည်ဖြင့် မိမိမှာရှိသော အခံရောဂါများကြောင့်လည်းကောင်း၊ အချို့မှာတော့ ဆီးအိမ်နှင့် ဆီးလမ်းကြောင်းရောဂါများကြောင့် ဖြစ်ပေသည်။**

မည်သည့်အမျိုးအစားဖြစ်စေ အဓိကအချက်မှာ မရည်ရွယ်ဘဲ ဆီးထွက်ကျခြင်းဖြစ်သည်။ မရည်ရွယ်ဘဲ ဆီးထွက်ကျပါက လူကြားထဲမသွားနိုင်ခြင်း၊ အလုပ်အကိုင်ပျက်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ အစိုးရိမ်လွန်ကဲရခြင်း၊ အထီးကျန်ခြင်း စသည်ဖြင့် လူမှုရေး၊ စီးပွားရေးရာများမှာ ဆိုးရွားစွာ ထိခိုက်နိုင်ပါသည်။

ဤမျှလောက်ထိခိုက်စေသော ဆီးမထိန်းနိုင်ခြင်းကို "သဘာဝအတိုင်းအသက်ကြီးလို့ဖြစ်တာပဲ"ဟု ဖြေသိမ့်ခံစားမနေဘဲ ကျွမ်းကျင်သော ဆရာဝန်များနှင့် တိုင်ပင်ကုသသင့်ပါသည်။ ဤနေရာမှာ လိုက်နာရန် မခက်ခဲသော ဆီးမထိန်းနိုင်ခြင်းကို လျော့ပါးစေသော၊ ကာကွယ်နိုင်သော၊ ပျောက်ကင်းစေနိုင်သော နည်းလမ်းလေးများကို အသိပေးပါရစေ။

**(၁) ချောင်းဆိုးလျှင်၊ နှာချေလျှင်၊ အားပါးတရရယ်မောလျှင် ဆီးထွက်ကျခြင်းအတွက် ဆီးလမ်းကြောင်းပတ်ဝန်းကျင်က ကြွက်သားလေးများသန်မာလာအောင် လေ့ကျင့်ပေးနိုင်ပါသည်။ (Pelvic Floor Exercise)**

ဆီးလမ်းကြောင်းပတ်ဝန်းကျင်က ကြွက်သားလေးများသည် အမျိုးသမီးများ၌ သဘာဝအတိုင်းကလေးမွေးပြီးလျှင် လည်းကောင်း၊ ယင်းနေရာကို ခွဲစိတ်ကုသခဲ့ရ၍လည်းကောင်း၊ အသက်အရွယ်ကြီးလာလျှင် လည်းကောင်း လျော့ရဲလာတတ်ပါသည်။ ထိုကြွက်သားလေးများ ပြန်လည်သန်မာလာစေရန် အောက်ပါအတိုင်း လေ့ကျင့်ပေးရပါမည်။

အိမ်သာတွင် မိမိဆီးသွားသောအခါ ဆီးသွား၍ မပြီးခင်တစ်ဝက်မှာ ခေတ္တရပ်ကြည့်ပါ။ ဤသို့ ရပ်ရန် ဆီးလမ်းကြောင်းပတ်ဝန်းကျင်က ကြွက်သားလေးများဖြင့် ညှစ်ရသည်ကို ကိုယ်တိုင်လက်တွေ့ခံစားရပါလိမ့်မည်။ (ထို့နောက် ဆီးကို ကုန်စင်အောင် ပုံမှန်အတိုင်းဆက်သွားနိုင်ပါသည်။)ဤအပြုအမူကိုမှတ်ထားပြီး ကုလားထိုင်မှာ ထိုင်လျက်ဖြစ်စေ၊ အိပ်ရာတွင် ပက်လက်လှဲ၍ဖြစ်စေ ထိုကြွက်သားများညစ်ခြင်းကို ၁၀ ကြိမ်ခန့် ပြုလုပ်ရပါမည်။ တစ်ကြိမ်လျှင် ၁၀ စက္ကန့်ခန့်ညှစ်ထားပြီး တစ်ကြိမ်နှင့် တစ်ကြိမ်ကြားမှာ ကြွက်သားလေးများကို လုံးဝလျှော့ချထားရပါမည်။ ဤလေ့ကျင့်ခန်းကို မနက် ၁၀ ကြိမ်၊ နေ့လယ် ၁၀ ကြိမ်၊ ည ၁၀ ကြိမ် နေ့စဉ်ပြုလုပ်ရပါမည်။ နေ့စဉ် မှန်မှန်ပြုလုပ်ပါက ရက်သတ္တနှစ်ပတ်၊ သုံးပတ်ကြာသော အခါ ၁၀ စက္ကန့်ထက်ပို၍ ကြာကြာနှင့် သန်သန်မာမာ ညှစ်လာနိုင်သည်ကိုတွေ့ရပါမည်။ ဇွဲသန်သန်နှင့် မှန်မှန်ကန်ကန် လေ့ကျင့်ပါက ငါးလ၊ ခြောက်လအကြာတွင် ထိုကြွက်သားလေးများပြန်လည်သန်မာလာပြီး ဆီးထွက်ကျခြင်းကိုကာကွယ်နိုင်ပါသည်။ ဆီးထွက်ကျခြင်း မရှိသေးသော အမျိုးသမီးငယ်များသည်လည်း ကာကွယ်သည့် အနေဖြင့် ဤကဲ့သို့ ထိုကြွက်သားများကို သန်မာအောင် လေ့ကျင့်ထားသင့်ပါသည်။

**(၂) ဆီးသွားချင်ပြီဆိုလျှင် အိမ်သာရောက်အောင်တောင်မစောင့်နိုင်ဘဲထွက်ကျခြင်းအတွက် မိမိ၏ ဆီးအိမ်ကိုအချိန်မှန်မှန်ဆီးသွားစေရန်လေ့ကျင့်ပေးရပါမည်။**

ဆီးသွားချင်သည်ဖြစ်စေ၊ မသွားချင်သည်ဖြစ်စေ၊ နှစ်နာရီခြားတစ်ခါ အချိန်မှန်ဆီးသွားပေးရပါမည်။ နှစ်နာရီမပြည့်မချင်း ဆီးမသွားအောင်ထိန်းရပါမည်။ နှစ်နာရီပြည့်ခါနီးမှာ ဆီးယိုထွက်လျှင်ပင် နှစ်နာရီပြည့်သောအခါ အချိန်ဇယားအတိုင်း အိမ်သာတွင် ဆီးသွားရပါမည်။ အစပိုင်းမှာ နှစ်နာရီကြာအောင် မထိန်းနိုင်သေးလျှင် တစ်နာရီခြားတစ်ခါ ဆီးသွားခြင်းဖြင့် စသင့်ပါသည်။ တစ်နာရီမပြည့်မချင်း ခိုင်မာသောစိတ်ဓာတ်ဖြင့် ဆီးမသွားအောင်ထိန်းရပါမည်။ ယခုဆီးသွားချင်သောစိတ်သည် မတည်မြဲ၊ ခဏနေလျှင် လျော့သွားနိုင်သည်ဟု နှလုံးသွင်းရင်း တစ်နာရီပြည့်သည်အထိစောင့်ပါ။ ဤသို့လေ့ကျင့်ခြင်းဖြင့် ကြားအချိန်မှာ ဆီးယိုထွက်မှုမရှိတော့ဘဲ နှစ်ရက်ခန့် ပုံမှန်ဖြစ်ပြီးလျှင် နောက်တစ်ဆင့်အချိန်တိုး၍ ခြားပေးနိုင်ပါသည်။ ဤသို့တိုး၍ တိုး၍ ခြားရင်း နောက်ဆုံးတွင် သာမန်လူတစ်ယောက်အတွက် ပုံမှန်ခြားချိန်ဖြစ်သော သုံးနာရီ၊ လေးနာရီအထိခြားနိုင်ရန် စိတ်ရှည်ဇွဲသန်လေ့ကျင့်ရန်လိုပါသည်။ နှစ်လခန့်လေ့ကျင့်လျှင် အောင်မြင်မှုရရှိနိုင်ပါသည်။

ကော်ဖီ၊ ဆိုဒါ၊ အရက်၊ အစပ်၊ဆေးသကြားကဲ့သို့သော ဆီးအိမ်ကို လှုံ့ဆော်သော အစားအသောက်များကို ရှောင်ကြဉ်သင့်ပါသည်။ အချို့သောသူများသည် ဆေးဝါး အကူအညီလိုအပ်နိုင်ပါသဖြင့် သက်ဆိုင်ရာဆရာဝန်နှင့် တိုင်ပင်သင့်ပါသည်။

**(၃) အထက်ပါ ဆီးမထိန်းနိုင်ခြင်းနှစ်မျိုးစလုံးအတွက် ရေနှင့်အရည်များကို တစ်ကြိမ်တည်းအများကြီးမသောက်မိစေရန် သတိပေးလိုပါသည်။**

တစ်နေ့တာတွင် သာမန်လူတစ်ယောက်အတွက် စုစုပေါင်းလိုအပ်သော တစ်လီတာ၊ နှစ်လီတာခန့်ရှိသော ရေနှင့် အရည်တို့ကို နည်းနည်းချင်းအချိန်ခြား၍ မကြာခဏသောက်သုံးသင့်ပါသည်။ ရေအသောက်နည်းလျှင်လည်း ဆီးအရောင်ရင့်တတ်သဖြင့် ဆီးအရောင်ကို ကြည့်ပြီး တစ်နေ့တာလိုအပ်သောရေကို ချိန်ဆ၍ သောက်နိုင်ပါသည်။ လှုပ်ရှားမှုများ၍ ချွေးထွက်သည့်နေ့များတွင် ရေပိုသောက်ရန်လိုအပ်ပါသည်။ သို့သော် အချိန်ခြား၍ သောက်ပေးပါ။ ညဘက်မှာဆီးထသွားရလျှင်ဖြစ်စေ၊ ဆီးယိုထွက်လျှင်ဖြစ်စေ အိပ်ရာမဝင်မီ သုံး၊ လေးနာရီ အတွင်း ရေမသောက်သင့်ပါ။ ညစာစားပြီးနောက်ပိုင်းမှာ ကော်ဖီနှင့် အရက်ကို ရှောင်သင့်ပါသည်။

အထက်ဖော်ပြပါနည်းများကိုကျင့်သုံးခြင်းဖြင့် ဆီးယိုထွက်မှုကို ကာကွယ်နိုင်၊ သက်သာစေနိုင်ပါသည်။ ဆီးမထိန်းနိုင်ခြင်း၏ နောက်ကွယ်မှာ ရောဂါကြီးကြီးကျယ်ကျယ်များရှိနိုင်ခြင်း၊ ဆီးယိုထွက်စေသော ခေတ္တခဏဖြစ်သည့် အကြောင်းရင်းများနှင့် ရှောင်ရှားနိုင်သော အကြောင်းရင်းများလည်း ရှိနိုင်ခြင်းတို့ကြောင့် တတ်ကျွမ်းသော ဆရာဝန်များနှင့် တိုင်ပင်ကုသသင့်ပါသည်ဟု တင်ပြအပ်ပါသည်။ ။



မန္တလေးတိုင်းဒေသကြီး

# သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး ရေတွင်းများတူးဖော်

**တောင်သာ အောက်တိုဘာ ၄**

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသများတွင် သောက်သုံးရေနှင့်စိုက်ပျိုးရေ ဖူလုံစွာရရှိရေးအတွက် နိုင်ငံတော်အစိုးရက မြေအောက်ရေတွင်းများ တူးဖော်ပေးလျက်ရှိရာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေမှ တင်ဒါအောင်မြင်ခဲ့သော ရတနာရွှေလက်ကုမ္ပဏီမှ ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တွင်းတိမ်သုံးတွင်း၊ တွင်းနက်ကိုးတွင်း၊ မြေသားကန်ခုနစ်ကန် တူးမည်ဖြစ်သည်။

ကန်သာယာကျေးရွာအုပ်စု ကန်သာယာ(တောင်) ကျေးရွာတွင် တွင်းတိမ်တူးဖော်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေနှင့် ဇဂျမ်းကျေးရွာအုပ်စု အုတ်ရှစ်ပင်(အင်ကြင်းသာ) ကျေးရွာတွင် တွင်းအနက်ပေ ၉၀၀ တူးဖော်ခြင်းလုပ်ငန်းများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ကြည်မြင့်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဥက္ကဋ္ဌ ဦးအောင်သန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များက ရေတွင်းတူးဖော်ပြီးစီးမှုများကို ကြည့်ရှုပြီး ကျေးရွာသူ ကျေးရွာသားများနှင့် သွားရောက်တွေ့ဆုံခဲ့သည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်က မိမိတို့ဒေသသည် မိုးနည်းရေရှားဒေသဖြစ်သဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက် မြေအောက်ရေတွင်းများကို နိုင်ငံတော်အစိုးရကတူးဖော်ပေးခြင်းဖြစ်ကြောင်း၊ ယခုတူးဖော်ပြီးစီးခဲ့သော ရေတွင်းများကိုစနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ပြီး အကျိုးရှိရှိအသုံးချစေလိုကြောင်း ဆွေးနွေးပြီး ကျေးရွာများရှိ ပြည်သူများ၏လိုအပ်ချက်များကို ထပ်မံတင်ပြရန်မှာကြားခဲ့ကြောင်း သိရသည်။

**တောင်သာ (မြန်/ဆက်)**



ချင်းပြည်နယ်

# ချင်းတောင်မြေက ရိုးရာအစဉ်အလာမပျက်ဆင်နွှဲသည့် ခွာဒိုပွဲတော်

**တီးတိန် အောက်တိုဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လူမျိုးပေါင်း ၁၀၀ကျော်ရှိပြီး ယင်းအနက် ၅၃ မျိုးမှာ ချင်းလူမျိုးများ ဖြစ်ပါသည်။ ချင်းလူမျိုးများ၏ တစ်နှစ်တာကာလအတွင်း ကျင်းပသည့် ပွဲတော် ၁၈ မျိုးအနက် အရေးကြီးဆုံးအခမ်းအနားပွဲတော်မှာ ခွာဒိုပွဲတော် (Khuado Pawipi) ပင်ဖြစ်ပါသည်။

ခွာဒိုပွဲတော်ကို မည်သည့်အချိန်ကစ၍ စတင်ကျင်းပသည်ကို အတိအကျဖော်ပြ၍ မရနိုင်သော်လည်း ချင်းလူမျိုးများတောင်ပေါ်ဒေသများသို့ ပြောင်းရွှေ့နေထိုင်ပြီး ကျိမ်နွဲဒေသတွင် စတင်အခြေချနေထိုင်ခဲ့သည့် အေဒီ ၁၄ ရာစုခန့်မှစ၍ ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရှိရသည်။ သို့ပါ၍ ခွာဒိုပွဲတော်ကျင်းပခဲ့သော သက်တမ်းသည် အနည်းဆုံးနှစ်ပေါင်း ၆၀၀ ကျော်ကြာမြင့်ပြီဟု ဆိုနိုင်သည်။

ခွာဒိုပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အထူးသဖြင့် တစ်နှစ်တာတောင်ယာလုပ်ငန်းပြီးဆုံး၍ အောင်မြင်မှုအတွက် အောင်ပွဲခံသည့် ပွဲတော်ဖြစ်သည်။ ရွာသူရွာသားများ ကျန်းမာပျော်ရွှင်ရေး၊ အနာရောဂါကင်းဝေးစေရေး၊ လာမည့်နှစ်သစ်၌ ရာသီဥတုကောင်းမွန်ပြီး သီးနှံများဖြစ်ထွန်းအောင်မြင်စေရေး၊ တိုင်းပြည်အေးချမ်းသာယာ၍ ချစ်ခင်ရင်းနှီးမှုရှိစေရေး၊ ကောင်းကျိုးမပေးသောနတ်ဆိုးများကိုနှင်ထုတ်ပြီး ကောင်းကျိုးချမ်းသာပေးတတ်သော နတ်ကောင်းနတ်မြတ်များအား ပူဇော်ပသခြင်းနှင့် ဆုတောင်းပွဲပြုလုပ်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ခွာဒိုပွဲတော်ကို ကျင်းပရခြင်းဖြစ်သည်။

ခွာဒိုပွဲတော်ကို တောင်ယာတွင် စိုက်ပျိုးသော သီးနှံများရိတ်သိမ်းချိန်တွင် ကျင်းပလေ့ရှိပြီး စိုက်ပျိုးသော သီးနှံအမျိုးအစား၊ ရေမြေသဘာဝပထဝီအနေအထား၊ ရာသီဥတုအလိုက် ဒေသတစ်ခုနှင့်တစ်ခု ကျင်းပချိန်မတူသော်လည်း အများအားဖြင့် နှစ်စဉ်စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ကျင်းပလေ့ရှိပြီး ပွဲတော်ကျင်းပသည့်ရက်မှာလည်း နှစ်ရက်မှ ရက်သတ္တတစ်ပတ်အထိ ကြာမြင့်တတ်ပါသည်။ ပွဲတော်ကျင်းပရမည့်နေ့ရက် သတ်မှတ်နိုင်ရန် ရွာသူကြီး(သို့မဟုတ်) နတ်ဆရာနေအိမ်၌ အစည်းအဝေးကျင်းပ၍ သတ်မှတ်လေ့ရှိပြီး အချို့သောဒေသများတွင် တူလ်ပီး(Tulpi)ဟု ခေါ်သည့် နတ်ဆရာက ကျင်းပမည့်နေ့ရက်ကို ရွေးချယ်သတ်မှတ်လေ့ရှိသည်။

ခွာဒိုပွဲတော်သည် မြန်မာတိုင်းရင်းသား ချင်းလူမျိုးများအားလုံး၏ ပွဲတော်ဖြစ်သည်။ နေရာဒေသအလိုက် အမျိုးမျိုး ခေါ်ဝေါ်သုံးစွဲကြသော်လည်း ခွာဒိုပွဲ၏ အနှစ်သာရမှာ ကောက်သစ်စားပွဲ၊ နှစ်သစ်ကူးပွဲ၊ ကျေးဇူးတော်ချီးမွမ်းပွဲနှင့် ပူဇော်ပသပွဲများပင်ဖြစ်သည်။

ဤကဲ့သို့ ဒေသတစ်ခုနှင့်တစ်ခု ခွာဒိုပွဲတော်ကျင်းပသည့်နေ့ရက် မတူညီမှုကြောင့် တော်လှန်ရေးကောင်စီ လက်ထက်တွင် ချင်းရေးရာဦးစီးအဖွဲ့မှ ခွာဒိုပွဲတော်ကိုအခါကြီးရက်ကြီးအဖြစ် သတ်မှတ်ပေးပြီး သီတင်းကျွတ်လဆန်း ၁၄ ရက် အဖိတ်နေ့၊ လပြည့်နေ့နှင့် လဆုတ် ၁ ရက်နေ့များတွင် ကျင်းပရန်သတ်မှတ်ပေးခဲ့ရာမှ ယနေ့တိုင်အောင် အစဉ်အလာမပျက် ကျင်းပခြင်းဖြစ်သည်။

ခွာဒိုပွဲတော်၌ ပျားအုံဖွပ်ခြင်း၊ ပျားအုံနိမိတ်ဖတ်ခြင်းနှင့် ထင်းရှူးဆီများကိုင်ဆောင်၍ မီးထွန်းခြင်းသည် ခွာဒိုပွဲ၏ အဓိကလက္ခဏာတစ်ခုအဖြစ်ပါဝင်သည်။ လူငယ်လူရွယ်များက တောထဲတွင်ရှာဖွေတွေ့ရှိသော ပျားအုံကိုသယ်ဆောင်လာစဉ် ရွာအဝင်ရှိ မွာလ်(Mual) ခေါ်နားနေစခန်းမှ လုံမပျိုလေးများက ထိုခေါင်ရည်ဖြင့် ကြိုဆိုတိုက်ကျွေးကြသည်။ ရှာမ်းပီး (Siampi)ခေါ် နတ်ဆရာသည် ပျားအုံကိုဖွင့်၍ နိမိတ်ဖတ်ပြီး ပျားသလောက်ပြည့်နေပါက လာမည့်နှစ်တွင် ရပ်ရွာအေးချမ်းသာယာပြီး ရောဂါဘယကင်းဝေးမည်၊ ကောက်ပဲသီးနှံအထွက်တိုးပြီး ဝမ်းစာဖူလုံမည်၊ ပျားအုံမကောင်းပါက နှစ်သစ်တွင် သီးနှံအထွက်မကောင်းသည့်အပြင် အနာရောဂါထူပြော၍ အသေအပျောက်များမည်ဟု ယုံကြည်ကြသည်။

ခွာဒိုပွဲအပြီး နောက်တစ်ရက်ကို နှစ်သစ်ကူးနေ့(သို့မဟုတ်)နှစ်ဆန်း ၁ ရက်နေ့ဟု သတ်မှတ်ရာ အိမ်တွင်အနားယူလေ့ရှိကြပြီး တောင်ယာသွားခြင်း၊ ခရီးထွက်ခြင်းများမပြုလုပ်ရပါ။ အကယ်၍ ထိုကဲ့သို့ပြုလုပ်မိပါက ကျိန်စာသင့်တတ်သည်ဟု ယူဆကြသည်။ ခွာဒိုပွဲတော်ကို တောင်ယာသီးနှံများရိတ်သိမ်းပြီးချိန်၌ ကျင်းပခြင်းကြောင့်လည်းကောင်း၊ ခွာဒိုပွဲတော်အပြီး နောက်တစ်ရက်ကို နှစ်ဆန်း ၁ ရက်နေ့အဖြစ် သတ်မှတ်ခြင်းကြောင့်လည်းကောင်း ခွာဒိုပွဲတော်ကို နှစ်သစ်ကူးပွဲတော် (Kumkhen Pawi)ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသည်။

ရှေးအခါက ခွာဒိုပွဲတော်ကျင်းပခြင်းသည် နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးကာလတွင် ကောက်သစ်စားပွဲကျင်းပခြင်း၊ ဘိုးဘေးတို့၏ ဝိညာဉ်များကို ပူဇော်ကန်တော့ခြင်း စသည့် လူမှုရေး၊ ဘာသာရေးဆောင်သောပွဲတော်အဖြစ်မှ ယခုအခါ ထိုထက်မကပိုမိုလေးနက်အဓိပ္ပာယ်ရှိသော ရိုးရာယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တစ်ဦးနှင့်တစ်ဦးခွဲခြားမှုမရှိဘဲ စည်းလုံးညီညွတ်မှုကို ပြသသည့် မွန်မြတ်သောပွဲတော်အဖြစ် ယနေ့တိုင်အောင် ပြည်တွင်းပြည်ပရှိ ချင်းတိုင်းရင်းသားများက နှစ်စဉ်အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ဆင်ယင် ကျင်းပခြင်းဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **[ဇိုဟောဇာ]**




ရှမ်းပြည်နယ်

# အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၄**

တောင်ကြီးမြို့တွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီက အတုလမာရဇိန်မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် အဘိုးအဘွားများအား ဂါရဝပြုလက်ဆောင်များ ပေးအပ်ကြကာ ရှမ်းပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့က အဘိုးအဘွားများအား အာဟာရပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အဘိုးအဘွားများကိုယ်စား အဘိုးဦးသိန်းညွန့်က ဆုတောင်းမေတ္တာပို့သပေးသည်။ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားတွင် တောင်ကြီးမြို့ပေါ် ၂၂ ရပ်ကွက်ရှိ အသက်(၈၅)နှစ်အထက် အဘိုး ၈၁ ဦး၊ အဘွား ၁၄၄ ဦး စုစုပေါင်း ၂၂၅ ဦးတို့အနက် အဘိုး ၂၆ ဦး၊ အဘွား ၃၂ ဦး စုစုပေါင်း ၅၈ ဦး တက်ရောက်ပြီး အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ပေးအပ်လှူဒါန်းပြီး မတက်ရောက်နိုင်သည့် အဘိုးအဘွားများကို အိမ်တိုင်ရာရောက်တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် လိုက်လံပေးအပ်လှူဒါန်းကာ ဌာနဆိုင်ရာနှင့်ရပ်ကွက်များမှ လှူဒါန်းသော အလှူငွေစုစုပေါင်း ၄၃ သိန်း ရှစ်သောင်းဖြစ်ပြီး အဘိုးအဘွားများအား ရှမ်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့်အမျိုးသမီးရေးရာအဖွဲ့တို့က ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

ပဲခူးတိုင်းဒေသကြီး

# ရွှေတောင်မြို့နယ်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အကာအကွယ်ကြိုးများတပ်ဆင်

**ရွှေတောင် အောက်တိုဘာ ၄**

ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် ပြည်သူများ လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရန်အတွက် (၄၀၀) ဗို့ခာတ်အားလိုင်းများတွင် အကာအကွယ်ကြိုး (Short Link) တပ်ဆင်ဆောင်ရွက်ခြင်းကို ရွှေတောင်မြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့ လူစည်ကားရာ နေရာများနှင့် လမ်းကျော်နေရာများ၌ ဆောင်ရွက်လျက်ရှိရာ ရွှေတောင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးဝေကိုက အနီးကပ်ကြီးကြပ်၍ လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**(၁၄၃)**

မကွေးတိုင်းဒေသကြီး

# ကြီးဘွင့်ချောင်းပေါ်ရှိ ရေထိန်းရေမြှင့်အဆောက်အအုံသစ်အား ဒေသခံတောင်သူများထံ လွှဲပြောင်းပေးအပ်



**တောင်တွင်းကြီး အောက်တိုဘာ ၄**

တောင်တွင်းကြီးမြို့နယ် ဝါးခြမ်းကာကျေးရွာအနီးရှိ ကြီးဘွင့်ချောင်းပေါ်၌ ရေထိန်းရေမြှင့်အဆောက်အအုံ ရေထိန်းတံခါး ငါးပေ ခြောက်လက်မ သုံးပေါက်ကို မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ပေးခဲ့ပြီး ဒေသခံတောင်သူများအား လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးသိန်းအောင်က ဆည်ရေကို အလေအလွင့်မရှိ စနစ်တကျထုတ်ယူသုံးစွဲရေးကို လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းမြင့်က သက်တမ်းတို၍ အထွက်နှုန်းကောင်းသည့် စပါးမျိုးများကိုသာ ရွေးချယ်စိုက်ပျိုးသွားကြရန် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ရေထိန်းရေမြှင့် အဆောက်အအုံသစ်အား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဆည်ကော်မတီများကို အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ ဆည်ရေဖွင့်ပိတ်သည့် ကိရိယာပစ္စည်းများကို အသီးသီးလွှဲပြောင်းပေးအပ်ခဲ့ကြသည်။

ယခုတော့ ရေထိန်းတံခါးတည်ဆောက်ပြီးစီးပြီဖြစ်၍ ဝါးခြမ်းကာအုပ်စုမှ ဒေသခံတောင်သူများ၏ လယ်မြေဧက ၅၀ ကျော်ရှိ မိုးစပါးစိုက်ခင်းများ အောင်အောင်မြင်မြင် စိုက်ပျိုးနိုင်တော့မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများမွေးမြူထားသည့် ကျွဲ၊ နွား တိရစ္ဆာန်များ သောက်သုံးရေဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်းနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို များစွာအထောက်အကူပြုပါကြောင်း ဝါးခြမ်းကာကျေးရွာမှ တောင်သူဦးဝင်းရွှေက ပြောသည်။

**(၅၈၀)**

မန္တလေးတိုင်းဒေသကြီး



# အမရပူရရွှေဂူသာလှိုင်ဘုရားအတွင်း နံရံဆေးရေးပန်းချီများကိုလေ့လာနိုင်

**အမရပူရ အောက်တိုဘာ ၄**

အမရပူရကြီးလေးကြီးဘုရားတွင် ရွှေဂူကြီးဘုရားသည်ထင်ရှားပြီး နှစ်ပေါင်း ၈၃၀ ကျော် သက်တမ်းရှိကြောင်းသိရသည်။ ရွှေဂူကြီးဘုရားကို မြန်မာသက္ကရာဇ် ၅၃၆ ခုနှစ်တွင် နရပတိစည်သူမင်းက တည်ထားကိုးကွယ်ခဲ့ကာ ဂေါပကအဆက်ဆက်၏ ပြုပြင်မှုများကြောင့် သပ္ပာယ်လျက်ရှိသည်။

ရွှေဂူကြီးဘုရားသည် အမရပူရဈေးချိုရပ်ကွက်နှင့် မှန်တန်းရပ်ကွက်ကြားတွင် ရှေးဟောင်းအဆောက်အအုံလက်ရာများနှင့် လျှောင်းတော်မူရုပ်ပွားမှအစ လေ့လာကြည်ညို ဖွယ်ဘုရားဖြစ်သည်။ ဗဒိုမင်းလက်ထက်မူလထိုး ကျောက်စာရှိသည်။ ကျောက်စာပါ မူလ ကောင်းမှုရှင်သည် နရပတိစည်သူမင်းဖြစ်၍ ထပ်မံပြုပြင်သူမှာ ဗဒိုမင်း၏အိမ်ရှေ့ဥပရာဇာနှင့် မိဖုရားတို့ဖြစ်သည်။ ရွှေဂူကြီးဘုရားဝင်း အတွင်းတွင် အမရပူရခေတ်လက်ရာပန်းတော့၊ ပန်းတမော့လက်ရာများ လေ့လာနိုင်မည့် စေတီပုထိုးများစွာရှိသည်။ ထိုစေတီများထဲတွင် ရွှေဂူကြီးဘုရားတောင်ဘက်ရှိ ရွှေဂူသာလှိုင်ဘုရားမှာထူးခြားလှသည်။

အမရပူရခေတ်လက်ရာများကို လေ့လာနိုင်ပြီး လိုဏ်အတွင်းတွင် အမရပူရခေတ်နံရံဆေးရေးပန်းချီများကိုလေ့လာနိုင်သည်။ နံရံဆေးရေးပန်းချီများတွင် မြတ်စွာဘုရားရှင်တရားဟောတော်မူပုံ၊ နတ်သားများကရှိခိုးနေဟန်မှအစ ပုံသဏ္ဌာန်အမျိုးမျိုးကို လက်ရာမြောက်စွာတွေ့မြင်နိုင်သည်။ ထိုရှေးဟောင်းနံရံဆေးရေးပန်းချီများကို မပျက်စီးစေရန် ရှေးဟောင်းသုတေသဌာနမှ ထိန်းသိမ်းစောင့်ရှောက်ထားသည်။ ယခုအခါ အမရပူရခေတ်ရှားပါးနံရံဆေးရေးပန်းချီများကို ရွှေဂူကြီးဘုရားဝင်းအတွင်းရှိ ရွှေဂူသာလှိုင်ဘုရားတွင်သွားရောက်လေ့လာနိုင်ကြောင်း သိရသည်။ **(တိမ်တမန်)**

စစ်ကိုင်းတိုင်းဒေသကြီး

# USAID ရန်ပုံငွေဖြင့် စက်ရေတွင်းတူးဖော် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေလှောင်ကန်တည်ဆောက်

**ပုလဲ အောက်တိုဘာ ၄**

ပုလဲမြို့နယ် ရွှေလောင်းကျေးရွာတွင် စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီခွဲက USAID (အမေရိကန် ပြည်သူပြည်သားများ၏ ထောက်ပံ့သောရန်ပုံငွေ)၏ ခွင့်ပြုငွေကျပ် ၁၃၀၁၃၀၀၀ ဖြင့် ရှေ့သို့ စီမံကိန်း(သောက်သုံးရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး စီမံချက်)အဖြစ် UN HABITAT (ကုလသမဂ္ဂ မြို့ရွာနှင့်အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ်)နှင့် ရပ်ရွာလူထုပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သည့် အင်ဂျင်ပါဝါသုံး လေးလက်မ စက်ရေတွင်း တူးဖော်ခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးအောင်မြင်မှုအထိမ်းအမှတ်နှင့် ဖွင့်ပွဲအခမ်းအနားကို ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာညိုနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုတို့ တက်ရောက်ကာ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ပုလဲမြို့နယ် ရွှေလောင်းကျေးရွာမှ ဦးကြည်ဝင်းက "ရှေးနှစ်ပေါင်းများစွာက ယမားချောင်းကိုဖြတ်ပြီး တစ်ဖက်ကမ်းမှာရှိတဲ့ ရေတွင်းမှရေကို ခက်ခက်ခဲခဲ သွားရောက်ခပ်ယူသောက်ခဲ့ကြရပါတယ်။ မိုးကာလ ယမားချောင်း ရေလာတဲ့အခါ ရေခပ်ရတာမလွယ်ကူပါဘူး။ ရေခပ်သွားပြီး စိတ်ဆင်းရဲခြင်းများလည်း ခံစားခဲ့ကြပါရတယ်။ ရေတစ်ခွက်အတွက် အသက်ပေးခဲ့ရတာမျိုးလည်းရှိခဲ့ပါတယ်။ အခုလို UN HABITAT နဲ့ ရပ်ရွာလူထုပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်တဲ့ အင်ဂျင်ပါဝါသုံး လေးလက်မ စက်ရေတွင်း တူးဖော်ခြင်းနဲ့ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့တဲ့အတွက် အိမ်ခြေ ၂၄၀ ရှိ လူဦးရေ ၁၀၈၇ ဟာ အရင်ကလို ယမားချောင်းကိုသွားပြီး ရေခပ်စရာမလိုဘဲ သန့်ရှင်းတဲ့ သောက်သုံးရေ ရေချိုးရေသန့်ကို အလွယ်တကူ ရရှိနေပြီဖြစ်လို့ စီစဉ်ဆောင်ရွက်ပေးတဲ့ UN HABITAT အဖွဲ့အစည်းနဲ့ တာဝန်ရှိဌာနဆိုင်ရာများကို ရွာသူရွာသားများကိုယ်စား ကျေးဇူးတင်ရှိပါတယ်"ဟု ပြောကြားသည်။

**(မြင့်သိန်းစိုး)**

■

မွန်ပြည်နယ်



**အောက်တိုဘာ ၁ ရက်က ကျင်းပသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ မှုခင်းဖော်ထုတ်နိုင်မှုဆုရ ရဲတပ်ဖွဲ့ဝင်တစ်ဦးအား မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့် ဆုချီးမြှင့်စဉ်။**

သိန်းလှိုင်(မော်လမြိုင်)

# မိကျောင်းမျိုးများ၏ အလေ့အထနှင့် အန္တရာယ်ကာကွယ်ရေး

စံလွင်(ငါးဦးစီး)



မိန်းမလှကျွန်းဘေးမဲ့တောတွင် တွေ့ရှိရသည့် သဘာဝမိကျောင်းအသိုက်။

စက်တင်ဘာ ၁၁ ရက်ထုတ် ကြေးမုံသတင်းစာ၌ ဘိုကလေးမြို့နယ် လဝိုင်းကျွန်းကျေးရွာ ချောင်းစပ်၌ ငေါ်ထိုးနေသူ ရွာသားတစ်ဦးကို မိကျောင်းအဝါကျား တစ်ကောင်က ဆွဲယူသွားသည့်သတင်းကို ဖတ်လိုက်ရသည်။ မကြာသေးသည့် ဇွန်လအတွင်းကလည်း ဘိုကလေးမြို့နယ်အနီးရှိ မော်လမြိုင်ကျွန်းမြို့နယ် ဆင်မဝဲချောင်းကျေးရွာ ဥယျာဉ်ခြံအတွင်း မိကျောင်းမတစ်ကောင် အသိုက်ပြုလုပ်ပြီး ဥများဥထားကြောင်းသတင်းကို ဖတ်ခဲ့ရသေးသည်။

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေး၊ မော်လမြိုင်ကျွန်းနှင့် လပွတ္တာနယ်များတစ်ဝိုက်၌ ရေငန်မိကျောင်း (Saltwater Crocodile) Crocodylus porosus မျိုးကို အတွေ့များသည်။ စင်စစ် အသားစားသောအလေ့အထရှိသည့် မိကျောင်းများသည် လူသူကင်းဝေးပြီး အစာရေစာဖြစ်သည့် သားငါး၊ ပုစွန်များရှိသော ရေချို၊ ရေငန်စပ်သစ်တောများ၊ ဒီရေတောများ၊ ချောင်းများအတွင်းသာ နေထိုင်လေ့ရှိပါသည်။ မိကျောင်းမျိုးများသည် သဘာဝအလျောက် အစာကိုရှာဖွေစားသောက်ရာတွင် နေ့အချိန်ထက် ညအချိန်၌ ပိုမိုလှုပ်ရှားရှာဖွေစားသောက်တတ်ကြသည်။ မိကျောင်းထီးများတွင် ပိုင်နက်နယ်မြေအတွက် အချင်းချင်းရင်ဆိုင်တိုက်ခိုက်ပြီး ပိုင်နက်ပိုင်းခြားကာ ကျက်စားသွားလာလှုပ်ရှားသည့် အလေ့အထရှိသည်။

မိကျောင်းမျိုးစိတ်များ၌ Crocodile နှင့် Alligator ကို အသိများကြပြီး ဦးခေါင်းပိုင်း၏ တည်ဆောက်ထားပုံအရ ခေါင်းရှည်နှင့် ခေါင်းတိုမျိုးဟူ၍ အရပ်ဘက်ကခေါ်ဝေါ်သုံးစွဲကြသည်။ Crocodile နှင့် Alligator မျိုးစိတ်တို့၏ ကွာခြားချက်မှာ ပါးစပ်ပိတ်ထားစဉ် Crocodile မျိုးစိတ်တွင် အောက်မေးရိုးရှိသွားနှင့် သွားစွယ်ကြီးကို ထင်ရှားစွာ တွေ့မြင်ရပြီး Alligator မျိုး၌မူ မမြင်နိုင်ပါ။

မိကျောင်းများသည် သဘာဝအားဖြင့် လူသူကင်းဝေးသည့် သစ်တောများ၊ ချောင်းများ၊ ဒီရေအတက်အကျလတာပြင် သောင်စပ်များ၌ နေထိုင်ကျက်စားလေ့ရှိသော်လည်း လူဦးရေတိုးပွားကာ လူနေအိမ်ခြေများ များပြားလာသည်နှင့်အမျှ ကျေးရွာများအသစ်ထူထောင်ခြင်း၊ မြို့ကြီးများချဲ့ထွင်ခြင်း၊ သစ်တောများ၊ မြေရိုင်းများ ခုတ်ထွင်ရှင်းလင်းစိုက်ပျိုးခြင်း၊ ထင်း၊ မီးသွေးနှင့် သစ်များထုတ်လုပ်ခြင်း စသည့် များစွာသော အကြောင်းရင်းများကြောင့် တောများပြုန်းတီးလာကာ ရေချို၊ ရေငန်စပ်ဒီရေတောများအတွင်းရှိ ချောင်းငယ်၊ မြောင်းငယ်များအား မှီတင်းနေထိုင်သော မိကျောင်းများသည် နေထိုင်သွားလာမှု စားကျက်များ ကျဉ်းမြောင်းလာသည်။ သို့ဖြစ်၍ အစာရေစာ ရှာဖွေရသည့်နေရာ၊ အသိုက်များပြုလုပ်ရသည့်နေရာ စသည့်အခက်အခဲများကြောင့် သဘာဝတရားကို လွန်ဆန်၍ လူနေအိမ်ခြေအနီး ဝင်ရောက်ကာ ရှာဖွေစားသောက်နေကြခြင်းဖြစ်သည်။ ထိုနည်းတူ တောဆင်ရိုင်းများသည်လည်း အလားတူ အကြောင်းခြင်းရာများကြောင့် သီးနှံစိုက်ခင်းများ၊ မြို့ရွာများအတွင်း အတင်းဝင်ရောက်ဖျက်ဆီးသတ်ဖြတ်မှုများ ရှိနေကြောင်းကို ကြားသိနေရ၏။

မိကျောင်းသည် တွားသွားတိရစ္ဆာန်(Reptile)မျိုးတွင် ပါဝင်ပြီး ကမ္ဘာပေါ်တွင် မျိုးစိတ်ပေါင်း ၂၃ မျိုးရှိကာ မြန်မာနိုင်ငံ၌ ဂဂ္ဂါမိကျောင်း(Gharial)၊ ထိုင်းမိကျောင်း (Siamese Crocodile)၊ အင်းမိကျောင်း (Marsh Crocodile)နှင့် ရေငန်မိကျောင်း (Saltwater Crocodile) ဟူ၍ မျိုးစိတ်လေးမျိုးတွေ့ရှိရသည်။ ယခုအခါတွင် အခြားမိကျောင်းသုံးမျိုးကို မတွေ့ရသလောက်ဖြစ်ကာ ရေငန်မိကျောင်းတစ်မျိုးကိုသာ မြစ်ဝကျွန်းပေါ်ဒေသများ၌ တွေ့ရှိရပြီး ဘိုကလေးမြို့နယ် မိန်းမလှကျွန်း သားရဲတိရစ္ဆာန်ဘေးမဲ့တော၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကာကွယ်ထိန်းသိမ်းထားကြောင်း သိရသည်။

မိကျောင်းမျိုးများသည် ကမ္ဘာတွင်မျိုးသုဉ်းပျောက်ကွယ်လုတိရစ္ဆာန်များစာရင်း၌ ပါဝင်နေပြီး CITES (Convention on International Trade in Endangered Species of Wild Fauna and Flora)အဖွဲ့ကြီးက ရောင်းဝယ်ဖောက်ကားမှု တားမြစ်ထားသည့်စာရင်း၌ ထည့်သွင်းထားသည်။ မြန်မာနိုင်ငံတွင် မျိုးသုဉ်းမည့် အန္တရာယ်မှ ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များစာရင်း၌ ဂင်္ဂါမိကျောင်းကို လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များစာရင်းဇယား ၁(က)တွင်ထည့်သွင်းထားပြီး အခြားမိကျောင်းမျိုးများကို သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များစာရင်းဇယား ၂(က)၌ ထည့်သွင်းထားကြောင်း တွေ့ရှိရပါသည်။

မိကျောင်းများ၏ စားသောက်ပုံအလေ့အထမှာ ဥပေါက်စမှ နှစ်ပေခန့်အထိ ငါး၊ ပုစွန်၊ ကဏန်းငယ်များကို ဖမ်းဆီးစားသောက်ပြီး နှစ်ပေခွဲမှ အထက်တွင်ကားတစ်နိုင်ဖမ်းဆီးနိုင်သော ဘဲ၊ ခွေး၊ တောဝက်၊ ချေ အစရှိသည်များကို ဖမ်းယူစားသောက်သည်။ မိကျောင်းသည် အသားစားသတ္တဝါမျိုးဖြစ်၍ မည်သည့်အသားမဆို စားပါသည်။ သားကောင်ဖမ်းဆီးရာ၌ အနီးကပ် ချုံခို၍ ရုတ်တရက် ဖမ်းဆီးတတ်သည့် ကျွမ်းကျင်မှုကြောင့် မုဆိုးတို့၏ ဘုရင်ဟူ၍ တင်စားကြသည်။ အာရှတောင်ပိုင်းနှင့် အာဖရိကနိုင်ငံများ၌ လူအများအား နှစ်စဉ် မိကျောင်းများက အန္တရာယ်ပြု တိုက်ခိုက်လေ့ရှိကြကြောင်း ဖတ်ရှုရသည်။

မြန်မာနိုင်ငံတွင်လည်း မူလသဘာဝကို ဆန့်ကျင်ကာ လူနေအိမ် ခြံ၊ မြို့၊ ရွာများအနီး ချဉ်းကပ်ကာ အန္တရာယ်ပြုလာသော မိကျောင်းများ၊ တောဆင်ရိုင်းများကဲ့သို့ တောကောင်သားရိုင်းများအန္တရာယ်အတွက် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ပေးသင့်နေပြီဖြစ်သည်။ သားကောင်များ၏ အလေ့အထ၊ လှုပ်ရှားသွားလာမှု သဘာဝ၊ ဥချ သားပေါက်ချိန်၊ အစာရှာချိန်၊ အန္တရာယ်ပြုတတ်သည့် အလေ့အထ စသည်များကို ပညာပေးအစီအစဉ်များ၊ အရေးပေါ်အစီအစဉ်များဖြင့် အသိပေးခြင်း၊ သတိပေးခြင်းတို့ဖြင့် ကြိုတင်ကာကွယ်ရေးအစီအစဉ်များ ပြုလုပ်နိုင်ပါသည်။ ယခုအခါတွင် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ၊ သယံဇာတထိန်းသိမ်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိသည်ဖြစ်ရာ ယင်းအဖွဲ့များအကူအညီဖြင့် စတင်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ပါကြောင်း အကြံပြုရေးသားတင်ပြအပ်ပါသည်။ ။

စစ်ကိုင်းတိုင်းဒေသကြီး

## ကလေးမြို့ ကံသာယာကျေးရွာတွင် စိမ့်စမ်းရေ သွယ်တန်းခြင်းများ ဆောင်ရွက်မည်

**ကလေး အောက်တိုဘာ ၄**

ကလေးမြို့နယ် ကံသာယာကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ စိမ့်စမ်းရေသွယ်တန်းပေးမည်ဖြစ်ကာ နွေ၊ မိုး၊ ဆောင်း ရေရရှိရေးအတွက် ရေအရင်းအမြစ် ကောင်းမွန်သည့်နေရာရှာဖွေခြင်းလုပ်ငန်းများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏လမ်းညွှန်မှုဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုး၊ မြို့နယ်စည်ပင်သာယာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးအောင်ကျော်မျိုးနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်တို့သည် အောက်တိုဘာ ၁ ရက်တွင် မြသိန်းတန်ကြိုးပြင် ဘေးမဲ့ကာကွယ်တောအတွင်းသို့ ဝင်ရောက်ကာ နေရာရှာဖွေခဲ့ကြကြောင်း သိရသည်။

"ကံသာယာကျေးရွာမှာ သဘာဝစိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ရန်ပုံငွေမှ ငွေကျပ်သိန်း ၁၂၀ ဖြင့် မြို့နယ်စည်ပင်သာယာက ဆောင်ရွက်သွားမှာပါ။ စိမ့်စမ်းရေကောင်းတဲ့နေရာကို ရှာဖွေပြီးဖြစ်ပါတယ်။ ရေကန်ကိုလည်း အပြီးတည်ဆောက်ပေးသွားမှာပါ"ဟု ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်မျိုးက ပြောသည်။

ကံသာယာကျေးရွာသည် အိမ်ခြေ ၁၂၀ ရှိပြီး ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိကာ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများ ပြီးစီးပါက လူဦးရေ ၇၀၀ ကျော်ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**(လင်းလက်ကြယ်စင်)**

မကွေးတိုင်းဒေသကြီး

## သရက်အကျဉ်းထောင်နှင့် မြို့မရဲစခန်း၊ အချုပ်ခန်းတို့အား စစ်ဆေး

**သရက် အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးမြင့်သိန်းနှင့် သရက်ခရိုင် တရားသူကြီး ဒေါ်အေးအေးသန်း၊ ဒုတိယခရိုင်တရားသူကြီး ဦးဇော်ညွန့်ဦး၊ မြို့နယ်တရားသူကြီး ဒေါ်ရီရီခင်တို့သည် စက်တင်ဘာလအတွင်းက သရက်အကျဉ်းထောင်နှင့် မြို့မရဲစခန်း၊ အချုပ်ခန်းတို့အား စစ်ဆေးဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ထောင်မှူး ဦးသန်းဌေးနှင့် အကျဉ်းထောင်အရာရှိရုံးခန်းအတွင်းတွေ့ဆုံရာ ထောင်မှူးဦးသန်းဌေးက အကျဉ်းထောင်အတွင်းပြစ်ဒဏ်ကျခံနေသူများ၊ အချုပ်ကျနေသူများ၏ နေထိုင်ရေး၊ ကျန်းမာရေး၊ စားသောက်ရေးတို့အတွက် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးနှင့်အဖွဲ့သည် သရက်အကျဉ်းထောင်ရှိ ပြစ်ဒဏ်ကျခံနေရသူများနှင့် အချုပ်တရားခံများ၏ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများကို ခံစားရရှိမှု ရှိ၊ မရှိ၊ ဥပဒေနှင့်မညီဘဲ မတရား ဆောင်ရွက်နေမှုများ ရှိ၊ မရှိ၊ အမှု စစ်ဆေးရာတွင် ကြန့်ကြာမှု ရှိ၊ မရှိ စသည်တို့ကို ပြစ်ဒဏ်ကျတရားခံများ အချုပ်တရားခံများနှင့် တွေ့ဆုံမေးမြန်းပြီး အဆောင်များကိုလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးမြင့်သိန်းသည် သရက်ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးနှင့်အောင်လံမြို့နယ် တရားရုံးတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**




မွန်ပြည်နယ်

## ပထမအကြိမ် မြို့နယ် အား/ကာကော်မတီဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**ချောင်းဆုံ အောက်တိုဘာ ၄**

မွန်ပြည်နယ် ချောင်းဆုံမြို့ မြို့နယ်အားကစားကွင်း၌ အောက်တိုဘာ ၁ ရက် ညနေ ၃ နာရီက ပထမအကြိမ် အသက်(၂၃)နှစ်အောက် မြို့နယ်အား/ကာကော်မတီ ရပ်ကွက်/ကျေးရွာဘောလုံးပြိုင်ပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းသိန်းက အမှာစကားပြောကြားသည်။ ပြိုင်ပွဲတွင် အသင်းကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အုပ်စု(၁)တွင် ပါဝင်သည့် ချောင်းဆုံအရှေ့အသင်းနှင့်ရွာလွတ်အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြရာ သုံးဂိုးစီ သရေကျခဲ့ကြောင်း သိရသည်။

**ချောင်းဆုံ(မြန်/ဆက်)**

နေပြည်တော်ကောင်စီနယ်မြေ

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မိုးစပါးစိုက်ခင်းများ ပိုးမွှားကျရောက်မှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၄**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကြာပင်အုပ်စု ထန်းတပင်ကျေးရွာ ကွင်းအမှတ် (၁၈၁၄) တောင်သူဦးထွန်းရင်၏ မိုးစပါးစိုက်ဧက (မနောသုခမျိုး) ၁၇ ဧက အနက် ၂ ဒသမ ၅ ဧကတွင် ဖြုတ်ပိုးကျရောက်နေသည့် သတင်းပေးမှုကြောင့် စိုက်ပျိုးရေးဦးစီးဌာန နေပြည်တော်တိုင်းဦးစီးမှူး ဦးတင်ဦးကြိုင် ဦးဆောင်သော သီးနှံကာကွယ်ရေးအဖွဲ့မှ အောက်တိုဘာ ၂ ရက် နံနက် ၁၁ နာရီက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော်တိုင်းဦးစီးမှူးနှင့် သီးနှံကာကွယ်ရေးဝန်ထမ်းများ ဒက္ခိဏသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ပါဝင်ပြီး ယခုနှစ် မိုးစပါးစိုက်တောင်သူများအား စနစ်တကျ ပိုးမွှားကာကွယ်နှိမ်နင်းနည်းများကို လက်တွေ့ ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ်တွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးစပါးစိုက်ဧက ၇၀၀၀ ကျော်အား အလားတူပိုးမွှားကျရောက်မှုမရှိစေရေး၊ ပိုးမွှားကျရောက်မှု လျော့နည်းစေရန် ကြခင်းစိုက်စနစ်အစား GPSသိပ်ပွဲနည်းကျစိုက်ပျိုးနည်းစနစ်ကို ယင်းဦးစီးဌာနမှ ၎င်းကျေးရွာအုပ်စုရှိ တောင်သူများအား ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုပေါက်(ဥတ္တာမြေ)**



မန္တလေးတိုင်းဒေသကြီး



# ရှေးဟောင်းအမွေအနှစ်စာရင်းဝင် မန္တလေးမြို့၏ အကြီးဆုံးမဟာမင်းထင်သစ်သားကျောင်းတော်ကြီး

**မန္တလေး အောက်တိုဘာ ၄**

မဟာအောင်မြေမြို့နယ် ချမ်းမြသာစည်မြောက်အရပ် သီတာအေးရပ်ကွက်ရှိ မဟာမင်းထင်ကျောင်းတိုက်အတွင်းရှိ မဟာမင်းတိုက်အလယ်ကျောင်းကြီးဖြစ်သော သစ်သားကျောင်းတော်ကြီးမှာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းအဆောက်အအုံစာရင်းဝင်တစ်ခုဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ကျောင်းတော်ကြီးသည် အင်းဝ၊ အမရပူရ၊ ရတနာပုံအဆင့်ဆင့် ရွှေ့ပြောင်းတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြန်မာရှင်ဘုရင်များ နန်းစိုက်တည်ရှိရာနေရာလည်း ဖြစ်ခဲ့သည်။ ကျောင်းတော်ကြီး၏မူလဒါယကာမှာ ဇနက်ပလာ ဆင်ဝန်မင်းလှမင်းကျော် ဦးမင်းထင်ဖြစ်ကာ မူလအင်းဝမှ အမရပူရသို့ ရွှေ့ပြောင်းခဲ့သည်။ ထို့နောက် သက္ကရာဇ် ၁၂၃၈ ခုနှစ် မင်းတုန်းမင်းတရားကြီး လက်ထက်တွင် အမရပူရမှ ဘုန်းတော်ကြီးကျောင်းများ မန္တလေးမင်းနေပြည်တော်သို့ ရွှေ့ပြောင်းတည်ဆောက်ရာတွင် ပါဝင်ခဲ့ပြီး မူရင်းကျောင်းဒါယကာ၏သားဖြစ်သူ ဇနက်ပလာဆင်ဝန်မဟာမင်းလှမင်းကျော် ပြာရှပ်ဦးမင်းထင်က ရွှေ့ပြောင်းတည်ဆောက်ခဲ့ကာ မန္တလေးမြို့သစ်သားကျောင်းတော်ကြီးများအနက် အကြီးဆုံးကျောင်းဖြစ်သည်။

ကျောင်းတော်ကြီးအား ပြန်လည်တည်ဆောက်ရာတွင် ၂၈ ပေအရှည်ရှိ သစ်သားတိုင်လုံးပေါင်း ၄၆၂ တိုင်ဖြင့် တည်ဆောက်ခဲ့ပြီး အမိုးငါးထပ်၊ လည်ပေါ်သုံးဆင့်တွင် စံပယ်ထပ်စမြင်ခံပါဝင်ကာ တောင်ဘက်တွင် ဝရန်တာနှင့် သရက်ကင်းအုတ်လှေကားတစ်စင်း၊ မြောက်ဘက်တွင် အုတ်လှေကားနှစ်စင်း တည်ရှိသည်။ ကျောင်းတော်ကြီးတွင် ဘုရားဆောင်၊ ပြာသာဒ်ဆောင်၊ ဇေတဝန်ဆောင်နှင့် ဘောဂဆောင်တို့ပါရှိသည်။ ဘုရားဆောင်တွင် ရှေးဟောင်းရုပ်ပွားတော်များ၊ ပေစာထုပ်များ၊ စာတိုက်ဗီရိုကြီးများပါရှိသည်။ ထို့အပြင် ကျောင်းတော်ကြီးအင်္ဂါရပ်အတိုင်း ဝရန်တာများ၊ ကျွန်းပြားခင်းများ၊ စံရွေးစွပ်သစ်သားကဲလားကြီးများ ပါရှိကာ ရတနာပုံခေတ်အနုပညာလက်ရာ များစွာ ပါဝင်လျက်ရှိပြီး ပြန်လည်တည်ဆောက်မှုမှာ မင်းတုန်းမင်းလက်ထက်တွင် မပြီးစီးဘဲ သီပေါမင်း လက်ထက်မှ ပြီးစီးခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ရှေးဟောင်းမြန်မာ့အမွေအနှစ်လက်ရာများအဖြစ် တည်ရှိနေသည့် မဟာမင်းထင်ကျောင်းတော်ကြီးသို့ နှစ်စဉ်နိုင်ငံခြားသားများ လာရောက် လေ့လာကြည့်ရှုကြသဖြင့် ဂုဏ်ယူစရာမြန်မာတို့၏ရှေးဟောင်းအနုပညာလက်ရာများ တည်ရှိနေသည့် အဆိုပါ ကျောင်းတော်ကြီးအား ပျက်စီးယိုယွင်းပျောက်ကွယ် သွားခြင်းမရှိစေရေးအတွက် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်သွားကြစေလိုကြောင်း ကျောင်းတော်ကြီးတွင် သီတင်းသုံးလျက်ရှိသော ဆရာတော်ဦးဣန္ဒြေဘာသကမိန့်ကြားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ပဲခူးတိုင်းဒေသကြီး

# အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနား ကျင်းပ

**တောင်ငူ အောက်တိုဘာ ၄**

တောင်ငူမြို့ ကေတုမတီ ဘိုးဘွားရိပ်သာ၌ ၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁ ရက်နေ့ နံနက် ၈ နာရီက ကျင်းပသည်။

ဦးစွာပထမ သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြ၍ တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးဌာနဝန်ကြီး ဦးတင်စိုးနှင့် ဇနီး ဒေါ်ခင်ဌေးနွယ် မိသားစု၊ တိုင်းဒေသကြီး ပျားလုပ်ငန်းဌာန တိုင်းဦးစီးဌာနမှူး ဦးထွန်းဦးနှင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့ဝင်များက အဘိုးအဘွားများအား ဦးသုံးကြိမ်ချကန်တော့ကြကာ အခမ်းအနားကို ဖွင့်လှစ်ကြပြီး အဘိုးအဘွား တစ်ဦးလျှင် ငွေကျပ် ၂၄၅၀၀နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၇၅၉၅၀၀ ကို လည်းကောင်း၊ ပျားရည်နှင့် ပျားထွက်ပစ္စည်းများ၊ မျက်နှာသုတ်ပဝါများနှင့်လှူဖွယ်ပစ္စည်းများကို စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(၄၇၂)**

ပဲခူးတိုင်းဒေသကြီး

# ရွှေတောင်မြို့နယ်အတွင်း အရန်သားဖွားသင်တန်းဖွင့်

**ရွှေတောင် အောက်တိုဘာ ၄**

ရွှေတောင်မြို့နယ်တွင် အရန်သားဖွားသင်တန်း (၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ သင်တန်းခန်းမ၌ ကျင်းပရာ သင်တန်းဖွင့်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စန်းယုကိုက မြို့နယ်အတွင်း အခြေခံကျန်းမာရေးဝန်ထမ်းများ လက်လှမ်းမမီသော ကျေးရွာများရှိပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ပေးရန်နှင့် မိခင်နှင့်ကလေး သေဆုံးမှုနှုန်းလျော့ချနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းနှင့် သင်တန်းတွင်သင်ကြားသည့် နည်းစနစ်ပညာများကို ရနိုင်သမျှရအောင်ကြိုးစား၍ လက်တွေ့သင်ခန်းစာများကိုလည်း ကြိုးစားလေ့လာပြီး မိမိတို့ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်အောင် ကြိုးစားသွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ စာတွေ့သုံးလနှင့် လက်တွေ့ကွင်းဆင်းမှု သုံးလ၊ သင်တန်းကာလနှစ်ရပ်ပေါင်း ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

ဧရာဝတီတိုင်းဒေသကြီး

# တောင်သူလယ်သမားများ အရည်အသွေးကောင်းစပါးမျိုးစေ့ ထုတ်လုပ်မှုသင်တန်း လက်တွေ့ကွင်းဆင်းဆောင်ရွက်

**မြောင်းမြ အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာဆန်စပါး သုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေသော NGO အဖွဲ့များ ပူးပေါင်း၍ တောင်သူလယ်သမားများ စားနပ်ရိက္ခာ ပိုမိုဖူလုံစေရေး အသက်မွေးဝမ်းကျောင်း ဘဝ မြင့်မားတိုးတက်လာစေရေးအတွက် အရည်အသွေးကောင်း မျိုးစေ့ထုတ်လုပ်မှုနည်းပညာများ သိရှိနားလည်စေရန် လက်တွေ့နည်းပညာသင်တန်းကို မြောင်းမြမြို့ ဗဟိုစိုက်ပျိုးရေးသုတေသနခြံတွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် အရည်အသွေးကောင်းမျိုးစေ့ စံနှုန်းများ၊ စပါးပင်၏ရုပ်သွင်လက္ခဏာနှင့် အပင်ကြီးထွားမှု အဆင့်ဆင့်၊ မြေပြုပြင်ခြင်း၊ ပျိုးခင်းပျိုးထောင်ခြင်းနည်းစနစ်များ၊ အာဟာရဓာတ် စနစ်တကျ စီမံခန့်ခွဲမှု ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းခြင်း၊ မြေသြဇာနှုန်းထားတွက်ချက်မှု၊ သီးနှံအစိုဓာတ်နှင့် ရိတ်သိမ်းချိန်လွန်လုပ်ငန်းများအရေးပါမှုအကြောင်းတို့ကို တာဝန်ရှိသူများက စာတွေ့၊ လက်တွေ့ သင်ကြားခြင်း၊ Projector ဖြင့် Video Slide Show များ ပြသခြင်းအပြင် သင်တန်းသားများက ပြန်လည်ဆွေးနွေးခြင်းအစီအစဉ်များဖြင့် လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေးမြို့နယ်များမှ တောင်သူလယ်သမားများ၊ GRET,WHH,Mercy Crops, Proximity Design, အာရုဏ်ဦးအဖွဲ့အစည်းများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်း ၅၀ တက်ရောက်ပြီး ဝန်ထမ်းများအရည် အသွေးမြှင့်တင်ရန်နှင့် ဒေသနှင့် ကိုက်ညီသော အထွက်ကောင်း စပါးမျိုးများ ရွေးချယ်ထုတ်လုပ်ခြင်း၊ အရည်အသွေးကောင်း စပါးမျိုးစေ့ထုတ်လုပ်မှုနည်းပညာကို သိကျွမ်းနားလည်စေရေးရည်ရွယ်ခြင်းဖြစ်ကြောင်း သင်တန်းတာဝန်ခံ Dr. ရဲထွန်းထွန်းက ပြောကြားသည်။

သင်တန်းကို စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၃ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် ပေါင်စနစ်ဖြင့်အခြောက်ပျိုးထောင်ခြင်း၊ အစိုပျိုးထောင်ခြင်းနည်းစနစ်များအပြင် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်း နည်းပညာများကို လက်တွေ့ဆောင်ရွက်ခဲ့ကြပြီး မိမိတို့အရပ်ဒေသတွင် ဒေသနှင့်ကိုက်ညီမည့် ဆားငန်ဒဏ်ခံစပါးမျိုးများ၊ ရေမြုပ်ဒဏ်ခံစပါးမျိုးများနှင့်အထွက်နှုန်းမြင့်မားကာ အရည်အသွေးကောင်းမွန်သည့် စပါးမျိုးများကို ရွေးချယ်ထုတ်လုပ် စိုက်ပျိုးနိုင်ခြင်းဖြင့် တောင်သူလယ်သမားများ ဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း လပွတ္တာမြို့မှ လာရောက် သင်တန်းတက်သူလယ်သမားတစ်ဦးက ပြောသည်။

**အောင်မင်း(ပြန်/ဆက်)**

## ချင်းတောင်မြေက ရိုးရာအစဉ်အလာမပျက် ဆင်နွှဲသည့် ခွာဒိုပွဲတော်

စာမျက်နှာ ၄ သို့ » »







## အမရပူရ ရွှေဂူသာလိုင်ဘုရားအတွင်း နံရံဆေးရေး ပန်းချီများကို လေ့လာနိုင်

စာမျက်နှာ ၅ သို့ » »

## မိကျောင်းမျိုးများ၏ အလေ့အထနှင့် အန္တရာယ်ကာကွယ်ရေး

စာမျက်နှာ ၆ သို့ » »





# ကလေးမြို့နယ် ကျေးရွာ ၁၅ ရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေး စက်ရေတွင်းများတူးဖော်

**ကလေး အောက်တိုဘာ ၄**

ကလေးမြို့နယ် ရေခက်ခဲသော ကျေးရွာ ၁၅ ရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ အဝီစိရေတွင်းများနှင့် ရေလှောင်ကန်များ တည်ဆောက်နိုင်ရေးကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားမှုဖြင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့သည် အောက်တိုဘာ ၁ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

"ရေခက်ခဲတဲ့ကျေးရွာ ၁၅ ရွာကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ အပြီးတူးပေးသွားမှာပါ။ ကံဦးမှာ တူးနေတာဆိုရင် ပေ ၁၈၀ ကျော်တူးပြီးနေပါပြီ။ တွင်းနက်အဖြစ် တူးပေးတာပါ။ ရေတွင်းရော၊ ရေကန်ရော အပြီးလုပ်ပေးသွားမှာပါ။ ကံဦးကျေးရွာအတွက် ရေတွင်းနဲ့ရေကန်ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ရန်ပုံငွေကျပ် ၁၆၃ သိန်း အကုန်အကျခံ တူးပေးတာပါ" ဟု ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်မျိုးက ပြောသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကံသာယာနှင့် ကံဦးကျေးရွာများတွင် ငါးခန်းတွဲ ရေလောင်းအိမ်သာများကိုလည်း ယခုဘဏ္ဍာနှစ်အတွင်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(လင်းလက်ကြယ်စင်)**

## ကြီးဘွင့်ချောင်းပေါ်ရှိ ရေထိန်းရေမြှင့် အဆောက်အအုံသစ်အား ဒေသခံတောင်သူများထံ လွှဲပြောင်းပေးအပ်

စာမျက်နှာ ၅ သို့ » »







# SANCHAUNG GARDEN

RESIDENCE

# (၁) ခန်းဝယ်လျှင်ကားပါကင်

# (၆၀၀) သိန်းတန်ပါဝင်မည်

(၄)၊ (၅) လွှာရှိ (၅၆) ခန်းကို **အောက်တိုဘာ**

**(၁) မှ (၇)** ထိရောင်းချပေးမည်။

**ပွဲအတွင်း ၈၀ သိန်း လျှော့ပေးမည်။**

(၁၈)သိန်းစရန်ပေးထားမှ အခန်းရဖို့သေချာမယ်နော်..


AYA
Bank
Myanmar
Event Park
ာင်းဆုံးဟုတယ်
AY SANDS
သာ စင်္ကာပူနိုင်ငံ
ာကုမ္ပဏီ Aedas
(၁)ခန်းဝယ်လျှင် (၉
NCHAUNG GARDEN
RESIDENCE
ကွန်ဒို
OCTOBER
မ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်တွင် ေ

## ကြေးပို့ရှကတ်တော်လှူဒါန်းကြစို့

[illegible]

**ဖခင်အမည်မှန်**

ရန်ကုန်မြို့၊ အထက(၃) ဒဂုံအရှေ့ပိုင်း၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ထက်ဝေယံ၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဝင်း(ခ)ဦးဇော်မင်းယု [၁၂/ဒပန(နိုင်)၀၀၁၉၄၆]သည် တစ်ဦးတည်းဖြစ်ပါသည်။ **ဦးဇော်မင်းယု**

## ချမ်းမြေ့ရိပ်သာကျောင်း(ရန်ကုန်)၏ (၃၈)ကြိမ်မြောက် ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

| | | |
|---|---|---|
| ကျင်းပမည့်နေရာ | ။ ။ | ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ၂၆-၁၀-၂၀၁၄ ရက်(တနင်္ဂနွေနေ့) |
| ကျင်းပမည့်နေရာ | ။ ။ | ချမ်းမြေ့ရိပ်သာကျောင်း အမှတ်(၅၅-က)၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ရေစက်ချချိန် | ။ ။ | နံနက် ၉း၀၀ နာရီ |
| နံနက်စာကျွေးမွေးချိန် | ။ ။ | နံနက် ၉း၃၀ နာရီမှ ၁၂း၀၀ နာရီ |
| တရားနာချိန် | ။ ။ | မွန်းလွဲ ၁း၃၀ နာရီ |
| သတိပြုပါရန် | ။ ။ | လှူဖွယ်ပစ္စည်းများကို နံနက် ၈း၀၀ နာရီမှစ၍ အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန် စီစဉ်ထားပါသည်။ |

**ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၆၅၂၅၈၅၊ ၀၉-၇၃၀၁၂၃၃၃**

## စစ်ကိုင်းတောင်ရိုး (ဝါးချက်)ဇီဝိတဒါနသံဃာ့ဆေးရုံ ခွဲစိတ်ကုသရေးအထူးအစီအစဉ်(၁၃/၂၀၁၄)

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး(ဝါးချက်)ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် အီတလီနိုင်ငံမှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာရော်ဘင်ချန်းအဖွဲ့နှင့် ဆေးရုံဝန်ထမ်းများ ပူးပေါင်း၍ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်မှ ၃၀ ရက်အထိ အောက်ဖော်ပြပါရောဂါများကို စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးပါမည်။

၁။ သည်းခြေအိတ်ကျောက်တည်ခြင်းရောဂါ(Gall Stone)
(ဝမ်းဗိုက်တွင်း ခွဲစိတ်မှန်ပြောင်းစက် Laparoscope ဖြင့် ကုသပေးပါမည်။)
၂။ အူကျရောဂါ(Hernia)
၃။ ခြေထောက်သွေးကြောထုံးရောဂါ(Varicose Vein)
၄။ ရင်သားအကျိတ်(Breast mass)
၅။ ဂရင်ဂျီနာ(F.I.A)
၆။ လိပ်ခေါင်းရောဂါ(Pile)
၇။ မုတ္တရောဂါ(Hydrocele)
၈။ လည်ပင်းကြီးရောဂါ(အငယ်စား/သာမန်ရောဂါ)(Small Goitre)

နေ့စဉ် ဆေးရုံဝန်ထမ်းများမှ ကြိုတင်စမ်းသပ်/စစ်ဆေးပေးပြီး ခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် ဆက်လက်ကုသနိုင်ရန် ရက်ချိန်းပေးပါမည်။

ကုသမှုအစီအစဉ်ကို သိရှိလိုပါက ဆေးရုံဖုန်း-၀၉-၉၁၀၄၃၇၇၃၇၊ ၀၉-၉၁၀၂၃၇၈၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးရုံကြီးကြပ်ထောက်ပံ့ရေးအဖွဲ့.**

## ကျိုက္ကသလော၊ အမေ့မေတ္တာ စာမူဆုပေးပွဲ အခမ်းအနား ကျင်းပမည်

[illegible]

## ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) (၁၃)ကြိမ်မြောက် ဘုံကထိန်

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ (၁၃)ကြိမ်မြောက် ဘုံကထိန်ကို မြဘုံသာကျောင်း၊ တောင်ဥက္ကလာတွင် အောက်တိုဘာလ ၁၉ ရက်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ (တနင်္ဂနွေနေ့) နံနက် ၉း၃၀ နာရီတွင် ကျင်းပပါမည်။ ကျောင်းထိုင်ဆရာတော် ဦးဉာဏသာရအား အမှူးထား၍ ပင့်သံဃာတော်(၂၇)ပါးတို့ကို နေ့ဆွမ်းဆက်ကပ်ပြီးတစ်ပါးလျှင် သင်္ကန်းတစ်စုံနှင့် ဝတ္ထုငွေများကပ်လှူကြပါမည်။ အသင်းတိုက်တွင် ပဒေသာပင်စိုက်ထူထားမည်ဖြစ်ပါသဖြင့် ပါဝင်လှူဒါန်းလိုသူ အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများသည် အသင်းဥက္ကဋ္ဌဦးသန်းဌေး ဖုန်း-၀၉-၅၁၃၇၇၁၉၂၊ အတွင်းရေးမှူး ဦးမြင့်သန်း ဖုန်း-၀၉-၃၁၀၆၂၅၁၇၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်ဆွေရီ ဖုန်း-၀၉-၅၀၈၂၀၁၄ နှင့် အသင်းတိုက် ဖုန်း-၀၁-၂၂၆၅၉၀ သို့ အောက်တိုဘာလ ၁၅ ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ကထိန်အလှူသို့လာရန်**

မြဘုံသာကျောင်း၊ (၆)ဝိုင်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်းမကြီးရှိ ဇီဇဝါအိမ်ရာဝင်းနှင့် ကပ်လျက်(၃)လမ်းအတိုင်းဝင်ရောက်ရန်၊ လမ်းထိပ်တွင် လမ်းညွှန်အမှတ်အသားထားရှိပါမည်။


## 99 အချိုမုန့်

[illegible]

ရန်ကုန် ကိုယ်စားလှယ်များ

[illegible]

နယ်ကိုယ်စားလှယ်များ

[illegible]

ဖုန်းနံပါတ် - 01 - 382333 , 01 - 384632 , 09 730 48157,
09-250065716, 09 250065717, 09 250065719

